

www.burmeseclassic.com
သိန်းမင်းစာပေ
လုံးချင်းဝတ္ထုသစ်
ပုလဲသီ
ချစ်ငှက်လေးနဲ့ ချစ်လှောင်အိမ်
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁[illegible]၂၀၇
မျက်နှာဖုံးခွင့်ပြုချက် ၅၀၀၁[illegible]၂၀၈

❒

ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ
အုပ်ရေ ၅၀၀

❒

**အဖုံးပန်းချီ**
သိန်းရွှေကြည်၊ Sun

❒

**ထုတ်ဝေသူ**
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ် ၆၃၊ ဩဘာလမ်း၊ ကျောက်မြောင်း
တာမွေ။

❒

**အတွင်းပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❒

**အဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❒

**တန်ဖိုး ၁၀၀ ကျပ်**

❒

**ကွန်ပျူတာ**
**Dream City**

# ချစ်ငှက်ကလေးနဲ့ အချစ်လှောင်အိမ်

## ပုလဲသီ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထုံးစံအတိုင်းဆိုရင် ငှက်ကလေးတွေဟာ လှောင်အိမ်ဆိုးကြီးကို မုန်းတီးကြမှာပါ။ လှောင်အိမ်နဲ့ ဝေးရာမှာပဲ နေချင် ကြမှာပါ။

ဒါပေမဲ့...

ကျွန်မဆိုတဲ့ အချစ်ငှက်ကလေးကတော့ မောင်ရဲ့ အချစ် လှောင်အိမ်ထဲမှာ ခိုဝင်နေချင်ရှာလွန်းလို့ ရူးနေရပါပြီကွယ်။

www.burmeseclassic.com

# အခန်း (၁)

ဒီကနေ့ ကုန်းမြင့်သာယာ ခြံကြီးက အသက်ဝင်လှုပ်ရှား နေပါသည်။

အလုပ်သမား ဆယ်ယောက်လောက်က ကျယ်ဝန်းတဲ့ ခြံကြီးထဲမှာ မနားရအောင် အလုပ်များနေကြလေသည်။

"မြက်တွေကို ညီညီလေး ရိတ်ကွယ်"

"ဟေး... ဆေးသုတ်တဲ့အဖွဲ့က သတိထားနော်။ ဆေး ‌‌တော်တွေ မြက်ခင်းပေါ် မကျစေနဲ့"

"နှင်းဆီပန်းအိုးတွေကို အရောင်တူရာ တန်းစီနော်"

"မနားတမ်း အလုပ်လုပ်နေသူတွေကို မနားတမ်း



www.burmeseclassic.com

အမိန့်ပေးနေတာက အိမ်ကြီးရဲ့ အရှင်သခင်မ ဒေါ်စကားဝါ ဖြစ်ပါသည်။

ဒေါ်စကားဝါက အသက် လေးဆယ်စွန်းရုံပဲ ရှိသေးတဲ့ ကလေးတစ်ယောက်အမေ ဖြစ်သည်။

အသက် ဆယ့်ရှစ်နှစ်အရွယ် သမီးရဲ့ မိခင်ဆိုပေမဲ့ ဒေါ်စကားဝါရဲ့အလှက တောက်ပလင်းလက်နေဆဲပဲ ရှိပါသေးသည်။

ကလေးတစ်ယောက် အမေဆိုပေမယ့် ခန္ဓာကိုယ်အလှက ကြော့ရှင်းနေတုန်းပါ။ မသိတဲ့သူဆို အပျိုကြီးလို့ပဲ ထင်ကြပါလိမ့်မည်။

အစားအသောက် အနေအထိုင်ကို အရမ်းဂရုစိုက်ပြီး ကျန်းမာရေး လိုက်စားသူမို့ ဒေ သားအရေကအစ လှပနုပျိုနေတော့တာ။

ဒေါ်စကားဝါရဲ့ ခင်ပွန်းသည်က နိုင်ငံခြားမှာ အနေများသူပါ။ သမီးလေးကလည်း ဖခင်ဆီမှာ ကျောင်းလိုက်တက်တာ ဖြစ်သည်။ မနက်ဖြန်ခါဆို သားအဖနှစ်ယောက်စလုံး ပြန်လာကြမှာ ဖြစ်သည်။ ဒါကြောင့်ပဲ ဒေါ်စကားဝါက အိမ်ကြီးနဲ့





ခြံ အကျယ်ကြီးကို လှသထက်လှအောင် မွမ်းမံနေရတာပါ။

သမီးလေးနဲ့ မတွေ့ရတာ နှစ်နှစ်တောင် ရှိနေပါပြီ။

တစ်ပတ်တစ်ခါ ဖုန်းပြောပြီး ဓာတ်ပုံလေးတွေတော့ တွေ့နေရပေမယ့် လူချင်းမတွေ့ရတာ နှစ်နှစ်ရှိနေပြီဖြစ်သည်။

သမီးနဲ့မတွေ့ရတာ နှစ်နှစ်ဆိုတော့ ချစ်လင်နဲ့ မတွေ့ရတဲ့ အချိန်တွေက နည်းပါးတော့မည်လား။

သမီး ရှစ်တန်းမှာကတည်းက ချစ်ခင်ပွန်းက ပြန်မလာတာပါ။ သမီးလေး ဆယ်တန်းအောင်တော့ ကျောင်းလိုက်တက်သည်။ ဒီတော့လည်း ခင်ပွန်းသည်က ရောက်မလာနိုင်တော့။ အခုမှပဲ သမီးနဲ့အတူလာတာ ဖြစ်သည်။

မောင်ရယ်...

မောင့်ကို ဘယ်လိုပုံစံနဲ့ မြင်တွေ့ရမလဲဟင်၊ ကျွန်မရင်တွေခုန်လိုက်တာ။

ဒေါ်စကားဝါက သက်ပြင်းလေး ချလိုက်မိပါသည်။

အကယ်တော့ ဒေါ်စကားဝါနဲ့ ချစ်ခင်ပွန်းက စိတ်သဘောထား ကွဲလွဲနေကြတဲ့ သူတွေပါ။ ခင်ပွန်းသည်က ဒေါ်စကားဝါကို နိုင်ငံခြားမှာ လိုက်နေစေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စကားဝါကလည်း ခင်ပွန်းသည်ရဲ့ စီးပွားရေးလုပ်ငန်းတွေကို ကိုယ့်မြေ ကိုယ့်နေရာမှာပဲ လုပ်စေချင်သည်။

သမီး ငယ်ငယ်လေးကတည်းက ဒီပြည်သနာ အစာမျိုးခဲ့တာပါ။ သူ့ဘက်က အလျော့ပေးနိုးနိုးနဲ့ စောင့်နေခဲ့လို့ အချိန်တွေ ကြာညောင်းပြီး ပြသနာက ကြီးထွားလာခဲ့ရတော့တာ။

ဒေါ်စကားဝါကလည်း သူမရဲ့ အလိုဆန္ဒကို ချစ်ခင်ပွန်းလိုက်လျောပေးလိမ့်မည်ပဲ ထင်ခဲ့တာပါ။ အရမ်းချစ်ပြီးလက်ထပ်ခဲ့ကြတဲ့သူတွေ မဟုတ်လားနော်။

ခင်ပွန်းသည်ကလည်း ခေါင်းမာ ဒေါ်စကားဝါကလည်းမာနကြီးပြီး နောက်ဆုံးတော့ စစ်အေးတိုက်ပွဲ ဖြစ်သွားရပါတော့သည်။

ခင်ပွန်းသည်ကလည်း ဒေါ်စကားဝါကို နိုင်ငံခြားမှာလိုက်နေဖို့ လုံးဝ မခေါ်တော့ပါ။ ဒေါ်စကားဝါကလည်း ဒီမှာပြန်လာနေဖို့ စကားမစဖြစ်တော့ဘဲ ဓားကွာသွားခဲ့ရတဲ့ လေးနှစ်တောင် ရှိနေလေပြီ။

အခု ခင်ပွန်းသည် ပြန်လာမယ်ဆိုတော့ ဒေါ်စကားဝါက ဘယ်လို ကြိုဆိုရမှန်း မသိအောင်ပါပဲ။ ချစ်သူတွေ





အဖြစ်ကနေ အေးစက်သွားခဲ့ပြီးမှ ပြန်ဆွေးတွေး ပါဦးတော့မလားလို့လည်း သံသယတွေ ဝင်နေမိပါသည်။

"ဟင်း..."

သက်ပြင်းမောလေး ချလိုက်မိချိန်မှာ အိမ်ထဲက အလုပ်သမားကောင်မလေးက ဒေါ်စကားဝါကို လာခေါ်သည်။

"အန်တီ အိပ်ခန်းပြင်ပြီးပါပြီရှင်၊ လိုအပ်တာလေးတွေ လာကြည့်ပေးပါ"

"အေး... အေး"

ဒေါ်စကားဝါက အတွေးတွေကို ဖြတ်တောက်ပစ်လိုက်ပြီး ကုန်းမြင့်သာယာ အိမ်ကြီးဆီကို ပြန်လျှောက်လာခဲ့လိုက်ပါသည်။

ကုန်းမြင့်သာယာ အိမ်နဲ့ခြံကြီးက ရန်ကုန်ပြည်ကားလမ်းမကြီးနံဘေး တောက်ကြန့်မှာ တည်ရှိတာပါ။ ခြံကြီးကကုန်းမြင့်ပေါ်မှာတည်ရှိပြီး သီးပင်စားပင်တွေ ရောင်စုံပန်းတွေနဲ့ သာယာလှပ်န်းလှတာမို့ ကုန်းမြင့်သာယာလို့ နာမည်ပေးထားတာ ဖြစ်သည်။

တိုက်အိမ်ကြီးကဆိုရင်လည်း အခန်းပေါင်းများစွာနဲ့

www.burmeseclassic.com



အကျယ်ကြီးပါ။

“မဝါ အိပ်ခန်းကို ပြင်ပြီးပါပြီ၊ ခန်းဆီးကို ဘာအရောင် တပ်ပေးရမလဲကွယ်”

နှစ်ယောက်အိပ် ခုတင်ကြီးနဲ့ အိပ်ခန်းကျယ်ကြီးကို ကြည့်ပြီး ဒေါ်စကားဝါက ရင်လှိုက်ဖိုသွားရတော့တာ။

ချစ်ခင်ပွန်း မောင်နဲ့ အတိတ်က ချစ်ခဲ့ကြ ကြင်နာခဲ့ ကြတာတွေကိုလည်း နင့်နင့်နဲနဲ ပြန်အမှတ်ရမိသည်။

မောင်ရယ် ...

ကျွန်မနဲ့ မောင် ဝေးနေကြတာ ဘယ်လောက်တောင် ကြာနေပြီလဲကွယ်၊ တကယ်ဆို သိပ်ချစ်ခဲ့ကြတဲ့ ချစ်သူနှစ် ယောက်မှာ အဲစက်ဝေးကွာ နေစရာတဲ့လား။

မျက်ရည်တွေ စို့ဝဲလာတာမို့ ဒေါ်စကားဝါက မျက် တောင် နာနာခတ်ရင်း အိမ်ရဲ့ဘဏ္ဍာစိုးဆိုလည်းဟုတ်၊ မန်နေဂျာနဲ့ လူရုံတော်ဆိုရင်လည်း ဟုတ်တဲ့ ဒေါ်အေးကို ပြောလိုက်မိသည်။

“အစ်မရေ မဝါ ဒီအခန်းကို ပြင်ထားသင့်ရဲ့လားဟင်၊ ဒီအိပ်ခန်းကို ပြင်ဆင်ထားတဲ့အပေါ်မှာ မောင်က တစ်မျိုးများ





မြင်သွားမလားဟင်”

ဒေါ်စကားဝါက ဒေါ်အေးကို အစ်မအရင်းလိုပဲ ခင်မင် အားကိုးတာမို့ရော၊ ဒေါ်အေး သူမတို့ လင်မယားရဲ့ ကိစ္စ အတော်များများကို အတွင်းကျကျ သိထားတာမို့ပါ၊ စောစော က မေးခွန်းကို မေးလိုက်တာ ဖြစ်သည်။

“မဝါရယ် လင်မယားချင်းပဲလေ၊ ဆရာက ဘာတစ်မျိုး မြင်ရမှာတဲ့လဲကွယ်”

“မဟုတ်ဘူးလေ မဝါတို့က ခွဲနေတာ အရမ်းကြာနေပြီ မဟုတ်လား၊ အခု မောင် ပြန်လာတာကလဲ ဘာကိစ္စနဲ့ ပြန် လာတယ်ဆိုတာ မသိရသေးဘူး အစ်မရယ်၊ အဲ့ဒါကြောင့်ပါ”

“ဘာပဲဖြစ်ဖြစ် မဝါတို့က လင်မယားအဖြစ်ပဲ ရှိနေသေး တာ မဟုတ်လားကွယ်၊ ဒါကြောင့် ဒီအခန်းကို ပြင်ဆင်ထား တာ မမှားပါဘူး၊ မဝါဘက်က ပုံမှန်အတိုင်း မပြောင်းလဲဘဲ ရှိနေပါတယ်ဆိုတဲ့ သဘောလဲ သက်ရောက်တာပေါ့ မဟုတ် ဘူးလားကွယ်”

“ဟုတ်ပါတယ်လေ၊ ဝါတော့ စိတ်ထဲမှာ တစ်မျိုးကြီးပဲ အစ်မရယ်၊ လေးနှစ်လောက် အိမ်ပြန်မလာဘဲ အခု ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



တာဟာ ကောင်းသောလာခြင်းမှ ဖြစ်ပါ့မလားလို့ စိတ်ပူနေမိတယ် အစ်မရေ၊ တော်ကြာ ကျွာရှင်းချင်လို့ ခဏပြန်လာတာဆိုရင်"

ပြောနေရင်းကပဲ ဒေါ်စကားဝါ အသံတွေက တုန်ခါပြီး တိမ်ဝင်သွားရတော့တာ။

မောင်ရယ်. . .

ကျွန်မ မရက်ပါဘူး၊ မောင့်ကို စွန့်လွှတ်နိုင်တဲ့ ခွန်အား ကျွန်မဆီမှ လုံးဝ မရှိပါဘူးရှင်။

ဒေါ်အေးက အလုပ်ရှင် သူဌေးမလေးကို ကြည့်ပြီး သနားသွားရပါတော့သည်။

သူ့ခမျာ ရုပ်ရည်ကလေးလှပြီး ချမ်းသာသလောက် အထီးကျန်နေရရှာတာ သနားစရာပါလို့လည်း တွေးနေမိသည်။

ဒေါ်အေး ဒီအိမ်မှာ အလုပ်လုပ်တာ ဆယ်နှစ်ကျော်ခဲ့ပါပြီ။ ဒါကြောင့် အလုပ်သမားနဲ့တောင် မတူတော့ဘဲ အိမ်သားဖြစ်နေပါပြီ။ အလုပ်ရှင် သူဌေးမကဆိုရင် အစစအရာရာ ဒေါ်အေးကိုပဲ အသိပေးတိုင်ပင်ပြီး သွေးသားအရင်





အချာလို ဆက်ဆံနေတာပါ။

ဒေါ်အေးက သားသမီးမရှိတဲ့ မုဆိုးမ ဖြစ်သည်။ အတွယ်အတာ သံယောဇဉ်ကင်းကင်းနဲ့မို့ ကုန်းမြင့်သာယာ အိမ်ကြီးမှာ ပျော်ပျော်ရွှင်ရွှင် အလုပ်လုပ်နေတာပါ။

ဒေါ်အေးအတွက်ကတော့ ကုန်းမြင့်သာယာက အနေအစားချောင်ပြီး မိသားစုလို ဖြစ်နေသည်။

တစ်ခုပါပဲ အလုပ်ရှင်မိသားစုရဲ့ အိမ်တွင်းရေး အဆင်မပြေမှုလေးကြောင့် အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ ဖြစ်နေရတာလေး တစ်ခုတော့ရှိသည်။

သူဌေး ဦးကျော်ထွဋ်နဲ့ သူဌေးကတော် ဒေါ်စကားဝါတို့ နှစ်ယောက်က လင်မယားချင်း ကွာရှင်းပြတ်စဲထားကြတာလည်း မဟုတ်ပါပဲ၊ တစ်ယောက်တစ်နိုင်ငံစီ ခွဲခွာနေကြတဲ့ ကိစ္စပါ။

ဒေါ်အေး အမြင်မှာတော့ မဝါကလည်း မာနတွေကို မလျှော့၊ ဆရာကလည်း မာနကို မချလို့သာ ဒီလိုမျိုးဖြစ်နေကြတာလို့ ထင်မိပါသည်။

ဆရာကပဲဖြစ်ဖြစ် မဝါကပဲဖြစ်ဖြစ် အလျှော့ပေးပိုက်



www.burmeseclassic.com

www.burmeseclassic.com



ရှင် ပြီးနေပါပြီ။ အခုတော့ ချစ်နေပါလျက်နဲ့ ခွဲနေကြသည်။ ဆရာ ပြန်လာမယ်ဆိုတော့ မဝါ အရမ်းဝမ်းသာနေတာကို ဒေါ်အေး မြင်နေတာပါပဲ။

ဒါပေမဲ့ နှစ်ယောက်အိပ် မင်္ဂလာအိပ်ခန်းကြီးကို ပြင်ဆင်ထားရမှာကိုပဲ မဝါက အလျှော့ပေးရာ ရောက်သွားမှာ မာနတွေ ကျသွားမှာကို စိုးရိမ်နေတဲ့ ပုံစံမျိုးဖြစ်နေတော့ မခက်ဘူးလား။

တကယ်ဆို လင်မယားတွေပဲဥစ္စာ အလျှော့ပေးလိုက်တော့ရော ဘာဖြစ်သေးလဲနော်။ အောက်ကျခံလိုက်တော့ရော ဘာဖြစ်သွားမှာတဲ့လဲ။

မာနတွေရော ထားနေစရာတဲ့လား။ ချစ်လို့ကြိုက်လို့ပဲ လက်ထပ်ခဲ့ကြပြီးနေပြီ။ သမီးတစ်ယောက် မွေးထားတာတောင် အပျိုကြီးဖြစ်နေပြီ။ တစ်ယောက်နဲ့ တစ်ယောက် မာနတွေ ထားစရာမလိုတော့ပါဘူးလေ။

ဒေါ်အေးက သေဆုံးသွားပြီဖြစ်တဲ့ ချစ်လင်ကို တမ်းတမ်းတတ သတိရလိုက်မိတော့သည်။ လူဆိုတာ မသေခင်လေးပဲ ချစ်ချစ်ခင်ခင် နေလို့ရတာပါ။ သေသွားရင် ဘာမှလုပ်





လို့ မရတော့ပါ။ သေမှ ပူဆွေးငိုကြွေးနေလို့လည်း အပိုပါပဲ။ ဒေါ်အေးက ချစ်လင်သေဆုံးသွားပြီးမှ ဒီအသိကို ရလိုက်တာပါ။ မသေခင်တုန်းကတော့ စီးပွားရှာလိုက် အလိုမကျတာတွေများပြီး ရန်ဖြစ် စိတ်ဆိုးလိုက်နဲ့ပဲ အချိန်တွေကုန်ခဲ့ရတာ။

ချစ်လင် ဖြိုးစားကြီး သေဆုံးသွားတော့မှပဲ မသေခင်က မချစ်ပိဘဲ ရန်တွေချည်း ဖြစ်ခဲ့မိတာ၊ အေးအေးချမ်းချမ်း မနေမိခဲ့တာတွေကို နောင်တတွေရပြီး ကျန်ရစ်ခဲ့ရတော့တာပါ။

ဒေါ်စကားပါတို့ လင်မယားကိုလည်း ဒီလိုမျိုး မဖြစ်စေချင်ပါ။ ဒေါ်အေးက ကိုယ်တွေ့နဲ့ယှဉ်ပြီး ပြောပြချင်တာပါ။ ဒါပေမဲ့ ကိုယ့်ရဲ့ အလုပ်ရှင်ဖြစ်သလို သူဌေးကလည်းဖြစ်ပြီး အရမ်းမြင့်လွန်းတဲ့သူမို့ တစ်ခုခုပြောမိရင် ဆရာလုပ်သလို ဖြစ်သွားမှာ စိုးရိမ်ပြီး မပြောရဲဘဲ နေနေရတာဖြစ်သည်။

မနက်ဖြန်ခါ ဆရာ ရောက်လာရင်တော့ လင်မယား နှစ်ယောက် အဆင်ပြေသွားဖို့အတွက် ဘေးကနေ တွန်းပေးဖို့ ဒေါ်အေးက ဆုံးဖြတ်လိုက်ပါသည်။

ဒီလောက်ချမ်းသာ ပြည့်စုံနေကြတဲ့ ဘဝမှာ ဘာမဟုတ်တဲ့ မာနကြောင့် မပျော်နိုင်ဘဲ ဖြစ်နေကြရရင် သနားစရာ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူးလား။

အထူးသဖြင့် တစ်ဦးတည်းသော သမီးလေးက ပိုသနား စရာပါ။

ဒါကြောင့် ဒေါ်အေးက အေးအေးမနေနိုင်ဘဲ လင်မယားနှစ်ယောက် သင့်မြတ်ပျော်ရွှင်ဖို့ကိစ္စကို အစွမ်းကုန်ကြိုးစားဖို့ ဆုံးဖြတ်ရပါတော့သည်။

ဒေါ်အေးက ဒီမိသားစုအပေါ် သံယောဇဉ်ကြီးနေရတဲ့ သူကိုး။

* * *



## အခန်း (၂)

အိစက်ညက်ညောတဲ့ မွေ့ရာထူထူကြီးပေါ်မှာ ဘယ်ညာ လူးလိမ့်ရင်း ဒေါ်စကားဝါက အိပ်မပျော်နိုင်ပါ။

မောင်နဲ့ ချစ်စခင်စဘဝကို ပြန်တွေးရင်း ရွှေရင် တသိမ့်သိမ့် ဖိုလှိုက်နေရလို့ ဖြစ်သည်။

မောင်က အရမ်းချောပြီး အရမ်းစွံခဲ့တဲ့သူပါ။

ဒေါ်စကားဝါကိုယ်တိုင်လည်း မောင့်ကို အရူးအမူးချစ်ခဲ့ ရသည်။ မောင်က ဝါ့ထက် အသက်သုံးနှစ်လောက်ကြီးပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



အရုပ်မြင့်မြင့်မားမား၊ ခန္ဓာကိုယ် အချိုးအစား လှပပြေပြစ်ပြီး ယောကျ်ားပီသတဲ့ ရုပ်ရည်မျိုးကို ပိုင်ဆိုင်ထားတဲ့ မောင်က အပြောကလည်း ချိုသာ နူးညက်နေပြန်တာမို့ ကောင်မလေးတွေ သဲသဲလှုပ်နေကြတာပါ။

ချစ်သူမောင့်ကို စိတ်မချနိုင်လို့ပဲ ဝါက ကျောင်းမပြီးသေးခင် မောင်နဲ့ရအောင် လက်ထပ်ခဲ့တာ။

မောင်ရယ်...

ကျွန်မ တစ်ယောက်တည်း အထီးကျန်ဆန်ဆန် နေနေရတဲ့ဘဝကို ငြီးငွေ့လှပါပြီကွယ်၊ မောင့်ရင်ခွင်ထဲမှာ ခိုဝင်ပြီး သမီးလေးကို ထွေးပွေ့ထားချင်ပါတယ်နော်။

ဒေါ်စကားဝါက စီးကျလာတဲ့ မျက်ရည်တွေကို ခေါင်းအုံးနဲ့ ပွတ်သုတ်ပစ်လိုက်ပါသည်။

ကိုယ်က သတိရတမ်းတနေတဲ့ အချိန်မှာ ချစ်လင်က တခြားတစ်ယောက်ရဲ့ ရင်ခွင်မှာ ပျော်မွေ့နေမှာလားလို့ တွေးမိတာနဲ့ ရင်ထဲကို မာနနဲ့ဒေါသတွေ ရောက်လာတတ်တာမို့ ဒေါ်စကားဝါက မတွေးမိအောင်ဘဲ နေလိုက်ပါသည်။

မနက်ဖြန်ခါဆို သမီးလေးကို တွေ့ရပါတော့မည်။





ချစ်ခင်ပွန်းကို တွေ့ရပါတော့မည်။ ပျော်စရာ တွေ့ဆုံမှုပဲဖြစ်ပါစေတော့လို့ ဒေါ်စကားဝါက ဆုတောင်းနေမိတော့တာ။

တကယ်လို့များ အပြီးအပိုင် ခွဲဖို့အတွက် ခင်ပွန်းသည်ရောက်လာတာပါဆိုရင် ဘယ်လိုလုပ်ရမလဲ။ ငိုယိုတောင်းပန်ရလား။ အပူရုပ်ကို မာနတွေနဲ့ဖုံးဖိပြီး ပြုံးပြုံးလေး လမ်းခွဲလိုက်ရမလား။

ဘုရား... ဘုရား။

ကျွန်မ ကြောက်လိုက်တာ မောင်ရယ်။ ဒေါ်စကားဝါက အိပ်ရာကထပြီး ရှိုက်ကြီးတငင် ငိုချလိုက်ပါရတော့သည်။

မနက်ဖြန်ခါကို အမြန်လည်း ရောက်ချင်၊ ကြောက်လည်း ကြောက်ရွံ့မိပါရဲ့ကွယ်။

ထိုအချိန်တွင် ကမ္ဘာတစ်ဖက်ခြမ်းကနေ သက်ပြင်းတွေချချဖြစ်နေရသူက ဦးကျော်ထွန်းပါ။

ဒီတစ်ခါ ချစ်ဇနီးဆီကို သွားရမှာ ရင်တထိတ်ထိတ်ပါ။

ဦးကျော်ထွန်းက ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချထားလိုက်ပါပြီ။ ချစ်ဇနီးရဲ့ စိတ်ချမ်းသာရေးကိုပဲ ဖိုက်



www.burmeseclassic.com

www.burmeseclassic.com



လျှောဖြည့်ဆည်းပေးပါတော့မည်။

ဇနီးသည်က လွတ်လပ်စွာ ပျံသန်းချင်တယ်ဆို ဦးကျော်ထွဋ်က သဘောထားကြီးစွာနဲ့ ပျံသန်းခွင့်ပေးလိုက်တော့မည်။

ဒါ မချစ်လို့ မဟုတ်ပါ။

ချစ်လွန်းလို့ပဲ ဖြစ်သည်။ ဦးကျော်ထွဋ်က ချစ်ဇနီး သူနဲ့အတူ လိုက်နေဖို့လည်း အတင်းကြီး မခေါ်ရက်တော့ သူခေါ်ခဲ့တာလည်း အကြိမ်ကြိမ် ရှိနေပါပြီ။ ချစ်ဇနီး လုံး၀ ခေါင်းမညိတ်ခဲ့ပါ။

'မောင် ကျွန်မနဲ့အတူတူ လာနေပါလားကွယ်၊ ကျွ မောင့်ကို လိုအပ်နေပါတယ်' လို့ ပြောခဲ့ရင် ဦးကျော်ထွ အားလုံးကို ထားခဲ့ပြီး ချစ်ဇနီးအနားမှာပဲ ပြန်လာနေလို မှာပါ။

ဒါပေမဲ့ ဦးကျော်ထွဋ် မျှော်လင့်နေတဲ့ စကားကို ချ ဇနီးက တစ်ခါမှကို မပြောသေးပါ။

'ကျွန်မ ကုန်းမြင့်သာယာမှာပဲနေမယ် မောင်၊ ဒီနေ ကနေ ကျွန်မ မခွဲနိုင်ဘူး။ ကျွန်မရဲ့အလုပ်တွေကို မစွန့်လွ





ခဲ့နိုင်ဘူး' ဆိုတဲ့ စကားကိုပဲ ပြောခဲ့သည်။ ဦးကျော်ထွဋ် ချင်တဲ့စကားမျိုးတော့ တစ်ခါမှ မကြားရ။ ဘယ်အချိန် ပြောမလဲလို့ စောင့်ရင်း စောင့်ရင်းနဲ့သာ အချိန်တွေ ခဲ့ရပါသည်။

အခုဆို ဇနီးသည်ဆီ မပြန်ဖြစ်ခဲ့တာ လေးနှစ်တောင် ပြီ။ အဲဒီ လေးနှစ်အတွင်းမှာလည်း ချစ်ဇနီးက...

'မောင်ရေ လာပါတော့ ကျွန်မ လွမ်းလှပါပြီ' လို့လည်း ခဲ့ပါ။

'မလာတော့ဘူးလား' လို့လည်း ရန်မတွေ့ဘဲ အေးစက် နဲ့ ဒီအတိုင်းကြည့်နေခဲ့တာ ဖြစ်သည်။

ဒီတော့ ဦးကျော်ထွဋ်က ဖြည်းဖြည်းနဲ့ နားလည် ာပေါက်လာမိပါတော့သည်။ ချစ်ဇနီးက သူ့အပေါ်မှာ တွေ ပြယ်သွားခဲ့ပြီ။ သူ့ကိုလည်း မလိုအပ်တော့တာပဲ ါလိမ့်မည်။

အနေဝေးလို့ သွေးအေးသွားတဲ့ ဇနီးကို ဦးကျော်ထွဋ်က င်းကြီး ဘောင်မခတ်ချင်တော့ပါ။ သူမ စိတ်ချမ်းသာ သာ နေပါစေတော့လို့ပဲ ရွေးထားလိုက်တော့တာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အခုလာခဲ့ရတာကလည်း သူမရဲ့ ဆန္ဒမှ
သမျှကို အပြုံးမပျက်ဘဲ ဖြည့်ဆည်းပေးဖို့အတွက်ပါပဲ။

ချစ်သူကို စိတ်ချမ်းသာအောင် ထားတာဟာ အချစ်
ပေါ့။

ဝါရေ... မောင် ဝါ့ကို ဘယ်လောက် ချစ်တယ်ဆိုတာ
စွန့်လွှတ်ခြင်းနဲ့ လက်တွေ့ပြပါ့မယ် အချစ်ရယ်၊ ဝါ့
မောင် ချည်နှောင်မထားတော့ပါဘူးဗျာ”

အတွေးနဲ့ ဦးကျော်ထွဋ်က လေးလံတဲ့ သက်ပြင်း
ချ လိုက်မိသည်။

အရမ်းချစ်ခဲ့တဲ့ ချစ်သူကို စွန့်လွှတ်ရမှာ ရင်ထဲတွ
မချိပါ။ ဒါပေမဲ့ သူမ မပျော်နိုင်တာ သိသိကြီးနဲ့ နှောင်ဖွဲ့
မထားချင်တာလည်း အမှန်ဖြစ်သည်။ ဇနီးသည်ဆီမှာ သူ
ထက်ပိုပြီး ချစ်ရမယ့်သူဆိုတာ ရှိချင်ရှိနေမှာပါ။

သူကတော့ မိန်းမတွေပေါတဲ့ အရပ်မှာနေပေမဲ့ ချစ်ဇနီး
အပေါ် သစ္စာမပျက်ဘဲ နေနေခဲ့တာပါ။ စီးပွားရေးကိုပဲ အ
အာရုံစိုက်နေခဲ့တာပါ။ ဒါကို ချစ်ဇနီးက ယုံကြည်ပေးနိုင်ပါ့
မလား။





လူပျိုဘဝက ရည်းစားများခဲ့ဖူးတာ၊ ချစ်သူဘဝမှာ
ချစ်လွန်းလို့ သူမအပေါ် အခွင့်အရေး ယူခဲ့မိဖူးတာတွေကိုပဲ
လက်ညှိုးထိုးပြီး သူ့အပေါ်မှာ စိတ်မချရတဲ့ လူ့အဖြစ် သတ်
မှတ်နေတတ်တာ အတော်ပဲဆိုးပါသည်။

ချစ်သူရဲ့ အယုံအကြည်ကင်းမဲ့မှုကို ခံစားနေမယ့်အစား
ရင်အကွဲခံလိုက်တာပဲ ကောင်းတော့မှာပါ။

ဒါကြောင့် ဒီခရီးဟာ ချစ်သူကို နောက်ဆုံးတွေ့ဆုံခွင့်
ဆိုရင်လည်း မမှားပါ။ သမီးလေးကတော့ ပျော်ရွှင်နေပါသည်။
ဦးကျော်ထွဋ်ရဲ့ ဆုံးဖြတ်ချက်ကို တစ်ဦးတည်းသော ချစ်သမီး
မြသီတဂူက လုံးဝ မရိပ်မိရှာပါ။

‘ဖေဖေနဲ့ မေမေ့ကို သမီးက မင်္ဂလာပြန်ဆောင်ပေးမှာ
နော်။ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားကို မင်္ဂလာပြန်
ဆောင်ပေးမှာ၊ ပြီးရင် ဖေဖေနဲ့မေမေ လုံးဝ ခွဲမနေရတော့ဘူး
နော်၊ ဖေဖေ အလုပ်ရှိတဲ့နေရာမှာတစ်လှည့်၊ မေမေ အလုပ်ရှိတဲ့
နေရာမှာတစ်လှည့် နေရမယ်နော်။ ဒါဆို ဘယ်သူ့ကို ဘယ်သူ
ကမှ အလျှော့ပေးရာ မရောက်တော့ဘူးနော်။ တန်းတူရည်တူပဲ
သိလား’ လို့ သမီးက တက်တက်ကြွကြွလေး စီမံနေ့ခွဲနေ

www.burmeseclassic.com



ခဲ့တာ။ ဦးကျော်ထွန်းက သမီးစိမ်နေသမျှကို ပြုံးပြုံးလေး နှား ထောင်နေရပေမယ့် ရင်ထဲမှာ နာကျင်နေရပါပြီ။

ဝါရယ်...

အိုအောင်မင်းအောင် မပေါင်းရတော့ပါလားဗျာ။

အရမ်းချစ်ခဲ့ပြီး ဒီလိုဘာကြောင့် ဖြစ်ရတာလဲ။

ဦးကျော်ထွန်းကတော့ ငွေကြေးချမ်းသာလာတာကိုပဲ ခပြစ် တင်မိပါသည်။ ပညာမစုံသေးတဲ့အရွယ်မှာ လက်ထပ် ကြတာ။ လက်ထပ်ပြီး ကြီးပွားချမ်းသာလိုဇောနဲ့ လင်မယား ဝစ်နေရှာစီနေပြီး စီးပွားရှာခဲ့ကြတာ။ နှစ်ယောက်စလုံး းပွားရေးဘက်မှာ ထူးချွန်အောင်မြင်လို့ ချမ်းသာလာတော့ လုံးသားချင်းက ဝေးကွာခဲ့ပြီ။

ဝါရယ်...

ဒီလိုဖြစ်မယ်မှန်းသာ ကြိုသိရင် မောင် ချမ်းသာဖို့ ကြိုးစားပါဘူးဗျာ...

အခုတော့...

အခုတော့ဖြင့် ဦးကျော်ထွန်းမှာ သက်ပြင်းတွေကိုပဲ ကြိမ်ကြိမ်အခါခါ ချနေမိပါတော့သည်။





အဲ့ဒီအချိန်မှာ ဦးကျော်ထွန်းနဲ့ ဒေါ်စကားဝါတို့ရဲ့ း‌တည်းသော သမီးလေး မြသီတဂူကတော့ စိတ်ကူးတွေ ျော်ရွှင်နေလေသည်။

ရန်ကုန်ရောက်တာနဲ့ ကုန်းမြင့်သာယာ ခြံကြီးထဲမှာ နဲ့မေမေကို တစ်ဆယ့်ကိုးနှစ်မြောက် မင်္ဂလာအထိမ်း တ်နဲ့ မင်္ဂလာညှော်ခံပွဲတစ်ခု လုပ်ပေးပါမည်။

ဖေဖေနဲ့မေမေကို ပျော်ရွှင် ချမ်းမြေ့တဲ့ဘဝ တစ်ခုရ င် သီ ဖန်တီးပေးချင်လွန်းလှပါပြီ။

ဖေဖေနဲ့ မေမေရဲ့အကြားက နံရံပါးပါးကို သီ ကိုယ်တိုင် စ်မှ ရတော့မှာပါ။ မေမေတစ်ယောက်တည်း အထီးကျန် နေရတာကိုလည်း သီ သိသလို၊ ဖေဖေလည်း အထီးကျန် ာကို သီ မြင်တွေ့ပြီးပြီလေ။ မိဘနှစ်ပါးရဲ့ ခံစားမှု ကို သီ မမြင်ရက်တော့ပါ။

မာနပြိုင် အချစ်ပြိုင် နားလည်မှု ပြိုင်ကြရင်းနဲ့ ည်းဖြည်းနဲ့ ဝေးကွာသွားရင် မခက်ဘူးလား။

ဒါကြောင့် မြသီတဂူက မေမေ့အတွက် မင်္ဂလာဝတ်စုံ င် ဝယ်ထားပြီးနေပါပြီ။ မင်္ဂလာလက်စွပ်လည်း ဝယ်ထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရန်ကုန်လေဆိပ်ကို ရောက်တာနဲ့ ဖေဖေနဲ့ မေမေ
မျက်နှာချင်းဆိုင်ပေးပြီး သီ ဝယ်လာတဲ့ မေမေ့အတွက် မင်္ဂလာ
လက်စွပ်ကို ဖေဖေ့လက်ထဲ ထည့်ပေးပြီး ဖေဖေ့ကို ဝတ်ခိုင်း
လိုက်မှာ။

အတွေးနဲ့ မြသီတဂူက ပျော်ရွှင်နေမိတော့တာ။

ဖေဖေနဲ့မေမေ သာယာပျော်ရွှင်တဲ့ အိမ်ထောင်တစ်ခု
ဖန်တီးနိုင်ဖို့ သီက ဖန်တီးနိုင်ဖို့ သီက အစွမ်းကုန် ...
လင့်နေမိတာပါ။

ငွေကြေးတွေ ချမ်းသာပြီး ပျော်ရွှင်မှုတွေ မချမ်း...
တော့ ဘာလုပ်ရမှာတဲ့လဲနော်။ လူ့ဘဝမှာ ငွေကြေးချမ်း...
တာ တစ်ခုတည်းနဲ့ နေပျော်တာမှ မဟုတ်ဘဲ။ သီကတော့
နှလုံးသားရဲ့ အလိုဆန္ဒအတိုင်း အလိုက်သင့်လေးပဲ နေသွား...
ပါသည်။

စိတ်ချမ်းမြေ့ ပျော်ရွှင်ဖွယ် ဘဝလေးတစ်ခုကိုပဲ ...
အလိုရှိပါသည်။ နိုင်ငံခြားမှာလည်း သီ မပျော်ရွှင်ပါ။

အလိုဆန္ဒတွေရဲ့နောက်ကို လောဘတကြီး လိုက်နေ...
တာကိုး။ ပညာနောက်ကိုလိုက်၊ ဥစ္စာနောက်ကိုလိုက်၊ အရာ...





နောက်ကိုလိုက်ပြီး စက်ရုပ်တွေလို လှုပ်ရှားနေတဲ့ လူတွေကို
ကြည့်ရတာ သီ မောလှပါသည်။

ဖေဖေ့ကိုလည်း မမောစေချင်တော့ပါ။ တွေးရင်းနဲ့
သီက စလင်းဘတ်အိတ်ထဲမှာ အသင့်ထည့်ထားတဲ့ လက်စွပ်
ကလေးကို ထုတ်ကြည့်မိပြန်သည်။

အဟင့်... ဒီလက်စွပ်ကလေးနဲ့ ဖေဖေနဲ့မေမေကို ပေါင်း
စည်းပေးရမှာ မဟုတ်လား။

မြသီတဂူက လက်စွပ်ကလေးကို နမ်းရှိုက်လိုက်မိတော့
တာ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်...

မီးရောင်ဖွေး လင်းထိန်နေတာမို့ နေ့လား၊ ညလား …ကွဲ ပြားနိုင်အောင်ပါပဲ။ ထိုင်းလေကြောင်းက လေယာဉ်ကြီး …့ လိုက်ပါလာမယ့် ခင်ပွန်းနဲ့သမီးကို စောင့်မျှော်နေရင်း …ဒေါ်စကားဝါရဲ့ ရင်ခုန်သံတွေက မြန်ဆန်လွန်းနေတော့တာ။

မောင်ရယ်...

မောင့်ကို တွေ့ရမှာ ကျွန်မ ရင်တွေခုန်လိုက်တာရှင်...

ဒေါ်စကားဝါဟာ အလှပေါ် အယဉ်ဆင့်လို့ လှသထက် …ပအောင် ပြင်ဆင်လာတာပါ။ ချစ်ခင်ပွန်းရဲ့ ဂရုစိုက်မှုကို





စိတ်ထဲကနေ ပြင်းပြင်းပြပြ ခံယူချင်နေမိတာ ကိုယ့်ဘာသာ ကိုယ် အသိဆုံးရယ်ပါ။

ဒါကြောင့်လည်း ရှိရင်းစွဲ အလှတွေကို ပိုမိုတောက်ပအောင် ပြင်ဆင်ထားတာ ဖြစ်သည်။ လှအောင်ပြင်ထားတဲ့အတိုင်း လှလည်း လှလွန်းနေတာမို့ လေဆိပ်ဧည့်ကြိုဆောင်ထဲမှာ ရှိနေကြတဲ့ ပရိသတ်ကြီးငယ် အပေါင်းရဲ့ မျက်လုံးတွေက ဒေါ်စကားဝါ့ဆီကိုပဲ ရောက်နေကြတော့တာ။

အရပ်မြင့်မြင့်မားမား အသားအရေက ဝါဝင်းပြီး ခန္ဓာကိုယ်က အချိုးအစား ကျနလှပလွန်းနေတာမို့ ယောကျ်ားအပေါင်းရဲ့ အကြည့်တွေက ဒေါ်စကားဝါ့ဆီမှာပဲ ငြိတွယ်နေတော့သည်။

ကိုယ်က အပျိုစင်ကလေး မဟုတ်တော့တဲ့အတွက် ဒီအကြည့်တွေကို ဘယ်လိုမှ မခံစားရတော့ပါ။ ကိုယ့်အသက်က လေးဆယ်ပဲရှိနေပြီ မဟုတ်လား။

ဒေါ်စကားဝါကို အသက်လေးဆယ်ပါပြောလို့ ဘယ်သူမှ ယုံမည်မထင်။ အသက်သုံးဆယ်လောက်လို့ပဲ ထင်ကြမှာ သေချာပါသည်။ ဆယ့်ရှစ်နှစ်အရွယ် သမီးတစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အမေပါလို့ပြောရင် ပိုလို့တောင် ယုံမည်မထင်။

အခုလည်း ဒေါ်စကားဝါကို မျက်စိစားပွဲထိုင်နေကြတဲ့ ယောကျ်ားတွေကို မသိကျိုးကျွန်ပြုပြီး ဒေါ်စကားဝါက လေယာဉ်ဆိုက်ချိန်ကို စိတ်စောမျှော်လင့် နေပါတော့သည်။

မောင်ရယ်...

ဟိုတုန်းကလိုမျိုးပဲ ကျွန်မရဲ့ ရင်ခုန်သံတွေ မြန်ဆန်နေရပါတယ်ရှင်။ မောင်ရော၊ ဘယ်လို ခံစားနေရလဲဆိုတာ ကျွန်မ သိချင်လိုက်တာ မောင်ရယ်...

မောင်ရယ်...

ရုပ်ရှင်တွေကလို ကွဲကွာနေတဲ့ ချစ်သူနှစ်ဦး ပြန်တွေ့ဆုံခန်းမှာ တစ်ယောက်ကို တစ်ယောက် မလွှတ်တမ်းဖက်လို့ ကြည်နူးရတာမျိုး ဖြစ်ချင်ပါရဲ့ရှင်...

ဒါပေမဲ့...

ကျွန်မတို့နှစ်ယောက်ရဲ့ တွေ့ဆုံမှုက ပျော်စရာဖြစ်ပါ့မလားရှင်...

အတွေးကြောင့် ဒေါ်စကားဝါက **ကြေကွဲနေမိတော့တာ။**





အဲဒီအချိန်မှာ မြသီတဂူကလည်း စိတ်လှုပ်ရှားမှုတွေနဲ့ ငြိမ်မသက်ပါ။ ဖေဖေကတော့ ထူးထူးခြားခြားကို ငြိမ်သက်လွန်းလှပါသည်။

"ဖေဖေ"

"ဗျာ..."

"လေယာဉ် ဆင်းတော့မယ်လေ"

"ဖေဖေ သိပါတယ်ဗျာ"

"ဟင်... ဖေဖေကလဲ အေးစက်စက်နဲ့ လေဆိပ်မှာ မေမေ လာကြိုနေမှာနော်၊ ဖေဖေ ရင်တွေဘာတွေ မခုန်ဘူးလား"

သီနဲ့ ဖေဖေက သားအဖဆိုတာထက် မိတ်ဆွေသူငယ်ချင်းတွေလို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောဆိုတာမို့ သီက ဖေဖေ့ကို နောက်ပြောင်ကျီစယ်ရဲတာပါ။

အခု သီ မေးတာကို ဖေဖေက နားလည်ရခက်စေတဲ့ အပြုံးနဲ့ပဲ တုံ့ပြန်တာမို့ သီ့ စိတ်ထဲမှာ **တစ်မျိုးကြီး ဖြစ်**သွားရတော့တာ။

ဟင်... ဖေဖေက ပြုံးပုံကြီးကလည်း **ဘာ[illegible]**



www.burmeseclassic.com

www.burmeseclassic.com



မသိပါဘူး။

လေယာဉ်ကြီးက မြေပြင်ပေါ် ဆင်းသက်နေပြ
သီနဲ့ ဖေဖေက စကားဆက်မပြောဖြစ်တော့ပါ။

မေမေနဲ့ တွေ့ရတော့မှာမို့ သီက ဖျတ်ဖျတ်ခါအော
ပျော်ရွှင်နေမိတော့တာ။ ပြီးတော့ လေဆိပ်မှာပဲ မေမေ့လက်
မင်္ဂလာလက်စွပ် ဝတ်ပေးဖို့ သီဘာသာ တိတ်တိတ်
စီစဉ်ထားတဲ့အတွက်လည်း ရင်ခုန်သံတွေက မြန်ဆန်
ပြန်တော့တာ။

သီက ဖေဖေနဲ့ မေမေကို အရမ်းချစ်တဲ့ သူလေးရယ်
ဒါကြောင့်လည်း သီ ချစ်တဲ့မိဘနှစ်ပါး ပျော်ရွှင်စိတ်ချမ်းသာ
တာကိုပဲ မြင်ချင်မိပါသည်။

သီက သီဝတ်တဲ့ ကုတ်အင်္ကျီအိတ်ထဲမှာ ထည့်ထား
မေမေ့အတွက် လက်ထပ်လက်စွပ်ကလေးကို အသာထိ
ထားစဉ်မှာပဲ လေယာဉ်ကြီးက မြေပြင်ပေါ်ကို ဆင်းသ
သွားပါတော့သည်။

"အား... ပျော်လိုက်တာ၊ ဖေဖေရယ်"





သီက ဖေဖေ့ လက်မောင်းမှာ ခေါင်းကလေးမှေ့လို့ ပြော
လိုက်မိတော့တာ။ ဖေဖေကတော့ အငွေ့မလှုပ် အံမလှုပ်နဲ့
တုံ့ကိုဘာဝေပါ။

ဖေဖေ့ မျက်နှာကလည်း ကြည်လင်တက်ကြွမနေ။
သီက စဉ်းစားလို့ မရအောင်ပါပဲ။ လေဆိပ်ထဲကိုဝင်ပြီး
သက်ဆိုင်ရာ နေရာတွေမှာ စစ်ဆေးခံတော့ ဖေဖေနဲ့ သီ ကွဲ
သွားသည်။

ဧည့်ကြိုဆောင်ထဲကို ဖေဖေက အလျင်ထွက်ခွင့် ရသွား
သည်။ ပြီးမှ သီ လိုက်ရတာမို့ သီ စိတ်ကူးထဲက အစီအစဉ်
တွေ ပျက်ကုန်မှာစိုးရိမ်ပြီး လက်စွပ်ဘူးကလေးကို ကိုင်လို့
သီက အပြေးတစ်ပိုင်းပဲ ဖေဖေ့နောက်ကို လိုက်ရတော့တာ။

အဲ့ဒီမှာတင် ဘယ်လိုမှ မထင်မှတ်ထားတဲ့ အဖြစ်အပျက်
တစ်ခုက ကြားဖြတ်ပြီး ဝင်လာခဲ့လေတော့သည်။

"ခွပ်"

"အား..."

ဧည့်သည်ကို ရှာဖွေနေတဲ့ဘက်မှာပဲ အာရုံများနေတဲ့
ဝေဟင်က တစ်စုံတစ်ယောက်နဲ့ ပြင်းပြင်းထန်ထန် ဝင်တိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဟန်ချက်ပျက်သွားရတော့တာ။

"အို… ဒီလောက်တောင်မှပဲ ငေးရသလားရှင်၊ ဒီမှာ ကျွန်မ ပစ္စည်းကျသွားပြီ၊ ရှင် ပြန်ရှာပေး"

ရုတ်တရက် ရန်တွေ့ခံလိုက်ရတာမို့ သူက ဒေါသထွက်သွားမိသည်။

"ကျုပ်က မမြင်ဘူးဆိုရင်လဲ အမိက ရှောင်ပေါ့ဗျာ"

ပြန်လှည့်ပြောရင်း စိတ်တိုတိုနဲ့ ရန်တွေ့နေသူလေးကို လှည့်ကြည့်လိုက်တော့ သူ့မှာ အသက်ရှူဖို့ကိုပင် မေ့လျော့သွား ရလေတော့တာ။

"ဟာ…"

လှလိုက်တဲ့ ကောင်မလေး။

အနောက်တိုင်းဆန်ဆန် ပြင်ဆင် ဝတ်ဆင်ထားတဲ့ ကောင်မလေးက အသက်ရှူ မှားလောက်အောင်ကို လှပနေပါသည်။

အဖြူရောင် ဘောင်းဘီရှည်နဲ့ အဖြူရောင် ကုတ်အင်္ကျီကို တွဲဖက်ဝတ်ဆင်ထားပြီး သွယ်လျတဲ့ ခန္ဓာကိုယ်လေးနဲ့ ဆွဲဆောင်မှု ပြင်းထန်တဲ့ အလှပိုင်ရှင်မလေးကတော့ သူ့ကို





လုံးဝမကြည့်ဘဲ တစ်စုံတစ်ခုကိုပဲ အသဲအမဲ ရှာဖွေမိတော့တာ။

စောစောက စိတ်တိုသွားတာတွေ ဘယ်ရောက်ကုန်မှန်း မသိတော့ဘဲ ဝေဟင်က မိန်းမလေးကို ငေးမောကြည့်နေမိတော့တာ။

"ဟော့လူ ရှင့်ကြောင့် ကျွန်မ ပစ္စည်းကျသွားတာ ရှင် ကူရှာပေးလေ"

သူ့ထက် ငယ်ရွယ်ပုံရပေမဲ့ မိန်းမလှလေးက သူ့ကို ခပ်မာမာပဲ ပြောနေတော့တာ။

"မင်းပစ္စည်းက ဘာမို့လို့လဲ။ ရှာမတွေ့တော့လဲ ကိုယ် ပြန်လျော်ပေးပါ့မယ်"

"ဘာရှင့်…"

ခုမှပဲ မြသီတဂူက တကယ် စိတ်ဆိုးသွားရပါတော့သည်။

ဘယ်နယ့် လူတစ်ယောက်လုံးကိုလည်း ဝင်တိုက်သေး၊ ပြီးတော့ သိ ကျပျောက်သွားတဲ့ လက်စွပ်ကလေးကိုလည်း ကူမရှာပေးတဲ့အပြင် တန်းဖိုးဖြတ်တဲ့ စကားလည်း ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



သေးတာဆိုတော့ အတော်ထွန်းတဲ့သူပေါ့။

"တကယ်ပြောတာပါ၊ မင်း ကျပျောက်သွားတာ ဘာပစ္စည်းလဲပြောပြ၊ အဲ့ဒီ တန်ဖိုးရဲ့နှစ်ဆ ကျုပ် ပြန်လျော်ပေးမယ်"

"ရှင် တော်တော် ငွေစကားပြောတာပဲ။ ရှင် ဝင်တိုက်လို့ ကျပျောက်သွားတာ လက်ထပ်လက်စွပ်ရှင့်၊ ကျွန်မအတွက် အရမ်းအရေးကြီးနေတဲ့ ပစ္စည်း၊ တတ်နိုင်လို့ ရှင်က စည်းစိမ်ပုံပေးပြီး လျော်လို့တောင်ရမှာ မဟုတ်ဘူး နားလည်ရဲ့လား"

ပြောနေရင်းနဲ့ပဲ သီက ခြေထောက်တွေ ကြားထဲကိုလည်း ကြည့်နေပါသေးသည်။ ဒါပေမဲ့ လူတွေ ဒီလောက်များနေတဲ့နေရာမှာ လက်ထပ်လက်စွပ်လေးကို ဘယ်လိုရှာလို့ ပြန်တွေ့နိုင်မှာတဲ့လဲ။

နောက်ဆုံးတော့ စိတ်မကောင်းစွာနဲ့ပဲ လက်လျှော့ပြီး ဖေဖေနဲ့ မေမေရှိရာကို သီ ထွက်လာခဲ့ရတော့သည်။ သီရဲ့ စိတ်ကူးလေး ပျက်စီးသွားရပြီမို့ ရင်ထဲမှာတော့ လုံးဝ မကောင်းနိုင်တော့ပါ။

မိန်းမလှလေးက သူ့ကို မကျေမလည်တဲ့ အကြည့်နဲ့





ခပ်စိမ်းစိမ်း တစ်ချက်ကြည့်ပြီး သူ့အနားကနေ ထွက်သွားပါတော့သည်။

ဝေဟင်က အရာရာကို မေ့လျော့ပြီး စိတ်ထိခိုက်စွာ ကျန်ရစ်ခဲ့ရပါတော့သည်။

ဪ...

လက်ထပ်လက်စွပ် ကျပျောက်သွားတာတဲ့လား။

ဒါဆိုရင် သူမလေးဟာ လက်ထပ်ထားပြီးသား မိန်းကလေးပေါ့၊ အိမ်ထောင်ရှင်မလေးပေါ့။

ဝေဟင်က လှုပ်ရှားဆူဝေနေတဲ့ သူ့နှလုံးသားကို အမြန်ပဲ ကန့်သတ်ထိန်းချုပ် လိုက်ရပါတော့သည်။

အိမ်ထောင်ရှင် မိန်းကလေး တစ်ယောက်ကို ရင်မခုန်သင့်၊ စိတ်မလှုပ်ရှားသင့်ဘူးလို့ သူ့ဦးနှောက်က အချက်ပေးနေပါသည်။

ဒါပေမဲ့ သူ့နှလုံးသားကတော့ တုန်ခါနေဆဲပဲ ရှိပါသေးသည်။ နှမြောတသမှုတွေကြောင့် သူ့မှာ နေလို့မကောင်းချင်တော့ပါ။ သူ့မြင်ကွင်းထဲက မိန်းမလှ ပျောက်ဆုံးသွားပြီ။ ဒါပေမဲ့ သူ့အာရုံထဲမှာတော့ သူမလေးရဲ့ ပုံရိပ်လှလှလေးက



www.burmeseclassic.com

www.burmeseclassic.com



စွဲထင်ကျန်ရစ်နေဆဲပါ။

ဩော်...

ရင်မခုန်သင့်သူလေးရယ်...

ကိုယ့်ရင်ခုန်သံတွေကို ပြန်ရုပ်သိမ်းပါ့မယ်ဗျာ။

သက်ပြင်းချရင်း ဝေဟင်က သူကြိုရမယ့် ခြည့်သည်ကိုပဲ ဆက်ရှာလိုက်ရပါတော့သည်။

* * *



## အခန်း (၄)

ကားမောင်းနေတဲ့ ဖနီးသည်ရဲ့ လှပကြော့ရှင်းမှုတွေက ဦးကျော်ထွင့်ကို ဖမ်းစားထားကြပါသည်။

အချစ်ရယ်...

ဝါရယ်...

အချစ်ရဲ့ အလှတွေက ပိုပြီး တောက်ပနုပျိုနေကြပါလား ရှာ။

ကွာရှင်းပြတ်စဲထားခြင်း မရှိဘဲ တရားဝင်ဇနီးဖြစ်နေဆဲ ဆမဲ့ အနေဝေးမှုကြောင့် ဆွဲယူပွေ့ဖက်ရမှာကိုပဲ မရဲနိုင်အောင် ပါပဲ။

"သမီးလေး အရမ်းထွားလာတာပဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေလဲ ပိုလှလာတယ် မေမေ"

"အဟင့်...ဟင့် သားအမိချင်း မမြှောက်ပါနဲ့ကွယ်"

ချစ်သူက သူ့ကို စကားမပြောဘဲ သမီးနဲ့ပဲ စကားတွေ ပြောနေတာပါ။

စိတ်ထဲမှာ ရှိတဲ့အတိုင်းသာ လွှတ်ပေးရမယ်ဆိုရင်တော့ လား။ ဦးကျော်ထွန်းက ချစ်ဇနီးကို ရင်ခွင်ထဲ ဆွဲသွင်းပြီး တဝကြီး ချစ်ပစ်လိုက်မိမှာပါ။ အချစ်စိတ်တွေနဲ့ အစုတောင် သူ့ရင်ထဲမှာ ပူလောင်ဆူပွက်နေရပါပြီ။

"ဟင်း..."

ဦးကျော်ထွန်းက သက်ပြင်းကိုပဲ ကျိတ်ချလိုက်ရပါ သည်။ ချစ်သူက ကိုယ်ပေးတဲ့ အချစ်ကိုမှ မလိုအပ်ဘဲလေ။ မလိုချင်တဲ့သူကို သွားပေးနေလို့ရော ဘာထူးလာမှာတဲ့လဲ။

ဟိုမှာကတည်းက ဆုံးဖြတ်လာတဲ့အတိုင်း စွန့်လွှတ် ခြင်းနဲ့ ချစ်ပေးလိုက်တာပဲ အကောင်းဆုံးဖြစ်မှာပါ။

ချစ်သူကသာ ကိုယ့်ကို လိုအပ်နေတယ်ဆိုရင် အခု လောက်ကြီး ဝေးနေရဖို့တောင်မှ အကြောင်းမရှိပါ။ တကယ် ချစ်တဲ့သူဆိုတာ အနစ်နာခံချင်တဲ့ စိတ်လည်းရှိမှာပေါ့။





ကားအပြင်ဘက်ကို ငေးရင်း ဦးကျော်ထွန်းက အလျင် က ချစ်ခဲ့တာတွေကို ပြန်တွေးနေမိတော့တာ။

ဒီလို ဝေးကွာသွားမှာ စိမ်းကား ပြတ်တောက်သွားမှာ ကိုသာ ကြိုသိခဲ့မိရင် ပိုက်ဆံချမ်းသာဖို့ တစ်ခုတည်းကို အတင်းမကြိုးစားခဲ့ပါဘူး။ မိသားစုဘဝလေးကိုပဲ အကောင်း ဆုံးဖြစ်အောင် တည်ဆောက်မိခဲ့မှာပါ။ မပြည့်စုံတဲ့ဘဝမှာ သက်ထပ်ခဲ့မိလို့ ပြည့်စုံချမ်းသာအောင် လင်မယားနှစ်ယောက် လုံး အစွမ်းကုန် ကြိုးစားခဲ့ကြသည်။ ဟော... ပြည့်စုံချမ်း သာတော့ ဝေးကွာသွားရပါတော့မည်။

ဝါရယ်...

နောက်တစ်ကြိမ် ချစ်ခွင့်ရချင်ပါသေးတယ်ဗျာ၊ အနမ်း တွေ ပေးချင်ပါသေးတယ်။ ဝါ့ကို ရင်ခွင်ထဲမှာ အချစ် အကြောင်းတွေ ပြောပြချင်ပါသေးတယ်။

ဟာ...

မောင် ရူးရတော့မယ်ဗျာ...

ထိုအချိန်တွင် ဒေါ်စကားဝါကလည်း သမီးနဲ့အတူတူ စကားပြောနေရပေမယ့် စိတ်တွေကတော့ ခင်ပွန်းသည်ထံပဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေရတော့တာပါ။

မောင်ရယ်...

ကျွန်မကိုတောင် စကားမပြောနိုင်ဘဲ ကားအပြင်ကို ငေး နေတာ ဘာကြောင့်လဲဟင်၊ ဟိုမှာ ကျန်နေခဲ့တဲ့ အချစ် အသစ်ကို သတိရ တမ်းတနေတာလား။

ဒေါ်စကားဝါက တွေးနေရင်းနဲ့ပဲ ရင်ထဲမှာ နာကျင် ကြေကွဲလာရတော့တာ။ လေဆိပ်မှာ တွေ့လိုက်တော့...

'ဝါ နေကောင်းရဲ့လားဗျာ' လို့ပဲ ခပ်ပွန်းသည်းက သူစိမ်း ဆန်ဆန် နှုတ်ဆက်ခဲ့တာပါ။ သူမကို လက်ဖျားနဲ့တောင် လာ မထိဘဲနေတာကိုက ရှင်းပြတ်ချင်တဲ့ သဘောပဲဖြစ်မှာ ပါလေ။

မရှက်တမ်း ဝန်ခံရရင် ဒေါ်စကားဝါက ချစ်သူရဲ့ အယုအယတွေကို မျှော်လင့်မိနေတာ ဖြစ်သည်။

"ဝါရယ် လှလိုက်တာဗျာ"

"မောင် ဘယ်လောက်လွမ်းနေရတယ် ထင်သလဲဗျာ"

မောင်တို့ မခွဲတော့ဘူးနော်" ဆိုတဲ့ စကားမျိုးတွေကို ပြောပြီး ချစ်သူမောင်ကသာ ထွေးပွေ့ထားရင် ဘယ်လောက်





တ်ချမ်းသာစရာ ကောင်းလိုက်မလဲကွယ်။

မရှက်တမ်း ဝန်ခံရရင် ဒေါ်စကားဝါက ချစ်သူရင်ခွင်ကို မ်းတလွမ်းဆွတ်နေမိတဲ့ သူရယ်ပါ။

ချစ်သူကသာ လက်ကမ်းပေးလိုက်ရင် ရင်ငွေ့ခိုလှုံပစ်ဖို့ သင့်ရယ်ပါ။ အခုတော့ ချစ်သူရဲ့ စိမ်းကားတဲ့ ဟန်ပန်တွေ ကြောင့် နာကျင်ခံစားနေရပါပြီ။

ဒီအတိုင်းဆို နှစ်ယောက်အိပ် မင်္ဂလာအိပ်ခန်းကို ပြင် င်ထားတာတောင် ရှက်ဖို့ကောင်းနေပါပြီ။

မောင်ရယ်...

မောင့်အချစ်တွေ မောင့်အနမ်းတွေ မောင့်ရဲ့ အကြင်နာ တွေကို ကျွန်မ အာသာငမ်းငမ်းနဲ့ လိုချင်နေတာ မောင် မသိ းလားဟင်။

တရိပ်ရိပ် ပြေးလွှားနေတဲ့ ကားပေါ်မှာထိုင်ရင်း ဒေါ်သီတဂူက သူမရဲ့ အကြံအစည်တွေ လွဲချော်ပျက်စီးသွားရ ဲ့အတွက် တနုံ့နုံ့နဲ့ ဒေါသထွက်နေမိပါသည်။

လေဆိပ်မှာ သူမနဲ့ဝင်တိုက်မိတဲ့ သူကိုလည်း မုန်းပြီး နေမိတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဦး ဖေဖေနဲ့မေမေက အေးတီအေးစက် ပုံစံနဲ့ပါ။ သီလည်း အတတ်နိုင်ဆုံးတော့ စကားပြောပေးပြီး နွေးထွေးအောင် ဖန်တီးနေတာပါပဲ။

ဒါပေမဲ့ သီ့ ကြိုးစားမှုတွေက မအောင်မြင်တာ ဘာတတ်နိုင်ပါ့မလဲနော်။ တကယ်လို့သာ သီ ကြိုတင်ကြံစည်ထားတဲ့အတိုင်း မလွဲမချော်ဘဲ မေမေ့လက်မှာ ဖေဖေက မင်္ဂလာလက်ထပ်လက်စွပ်လေး လေဆိပ်ထဲမှာပဲ ဝတ်ဆင်ပေးလိုက်ရင် အခုလောက်ဆို အခြေအနေက အရမ်းကောင်းနေတော့မှာ။

တိုက်တိုက်ဆိုင်ဆိုင် သီက လက်စွပ်ကလေးကို ထုတ်ကိုင်လိုက်တဲ့ အချိန်မှာပဲ ဟိုလူက ဘယ်က ဘယ်လိုရောက်လာပြီး ဝင်တိုက်လိုက်တယ် မသိတော့ပါ။

လက်စွပ်ကလေးလည်း ပျောက်သွားခဲ့ရပြီ။ ဖေဖေနဲ့ မေမေအတွက် သီ့ စိတ်ကူးတွေလည်း ပျက်သွားရပြီ။

"တောက်... တော်တော်ဆိုးတဲ့လူ"

အနားမှာသာ ရှိနေရင်လား ဆွဲကုတ်ပစ်မိတော့မှာ။

"ဟွန်း... ပျောက်သွားတာကို အလျော်ပေးနိုင်တယ်လို့





များ သူကပဲ လေထွားနေသေးတာ။

"အလကားလူ နောက်တစ်ခါ တွေ့လို့ကတော့ ခြေထောက်ကို ဒေါက်ဖိနပ်နဲ့ကို တက်နင်းပစ်မှာ"

သီက စိတ်တိုတိုနဲ့ စိတ်ထဲကနေ ကျိုးဝါးလိုက်မိပါ။ တကယ်တော့ အဲ့ဒီလူကို သီမှ မမှတ်မိဘဲ။

လက်စွပ်လေးကိုမဲ ပြန်တွေ့ချင်စိတ်နဲ့ ရှာနေမိတာမို့ ဒီလူရဲ့ပုံစံကို လုံးဝ မသိလိုက်မိ။ မသိတာမှ ရုံးတိုးရိုတ်တိတ်လေးလောက်တောင် မသိလိုက်တာပါ။ အဲဒီလူ မုဆိုးပဲဝတ်ထားသလား၊ ဘောင်းဘီရှည်ပဲ ဝတ်ထားသလားဆိုတာတောင် သိလိုက်မှတော့ ရုပ်ရည်သွင်ပြင်ကိုရော သိနိုင်မှာတဲ့လား။

"ဟွန်း... အဖျက်သမား"

သီက မကျေမနပ် ဖြစ်နေတုန်းမှာပဲ တိတ်ဆိတ်ငြိမ်သက်နေတဲ့ ကုန်းမြင့်သာယာ ခြံဝင်းကြီးထဲကို မေမေ မောင်းလာလေးက ချိုးကွေ့ဝင်လာတော့တာ။

"ဟာ... ခြံထဲဝင်လိုက်တာနဲ့ ပန်းနုကလေးတွေကို မြင်နေတာပဲ မေမေရယ်"

"အဟင့်... သမီး စိတ်ကြိုက်ပဲ မေမေက မြင်ဆင်ထား



www.burmeseclassic.com

www.burmeseclassic.com



တာပါကွယ်၊ မေမေ့ သမီးက အပင်ဆိုရင် ပန်းပွင့်တဲ့အပင်မှ ကြိုက်တယ်၊ ပန်းဆိုရင်လဲ မွှေးတဲ့ပန်းမှ ကြိုက်တယ် ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ် မေမေ၊ သို့ အကြိုက်ကို မေမေမှ မမေ့ ဘူးနော်"

"မေ့စရာလားကွယ်"

"မေမေ့ကို ချစ်တယ်"

"မေမေလဲ သမီးကို ချစ်ပါတယ်ကွယ်"

ကားပေါ်ကဆင်းပြီး တစ်ယောက်နဲ့ တစ်ယောက်တင် တင်းဖက်ထားကြတဲ့ သားအမိနှစ်ယောက်ကို ဦးကျော်ထွန်းက ငေးကြည့်နေမိတော့တာ။

သမီးကို ဖက်ထားသလိုမျိုး ချစ်ဇနီးက သူတို့ပါဖက် ထားခဲ့ရင် ဘယ်လောက် ကောင်းလိုက်မလဲနော်။

အခုတော့...

"အစ်မရေ ဒီမှာ သမီးတို့ရောက်ပြီ"

"ကောင်မလေးတွေ ပွစ္စည်းတွေ လာသယ်ကြ"

"ဟာ... ကြီးဒေါ်အေး နေကောင်းတယ်နော်"





"ဟယ်... သမီးလေးက လှလာလိုက်တာကွယ်၊ ထွားလဲ အရမ်းထွားလာတယ်"

"ကြီးကြီးလဲ နုပျိုလာတယ်"

"ဟုတ်လား"

သမီးက ဒေါ်အေးရဲ့ခါးကိုဖက်ပြီး လက်ပံပင်ဆက် ကျသလို စကားတွေပြောလို့ အိမ်ထဲဝင်သွားတော့တာ။

ကားနံဘေးမှာ ဦးကျော်ထွန်းတို့ ဇနီးမောင်နှံ နှစ်ယောက် ည်းပဲ ကျန်ရစ်တော့သည်။

"ဝါ ခြံထဲမှာ ခဏထိုင်ရအောင်ဗျာ"

"ထိုင်လေ"

ချစ်ဇနီးက ခုံတန်းလေးတွေဆီ သူ့ကို ဦးဆောင်ပြီး ခေါ် သည်။ ချစ်ဇနီးရဲ့ ခန္ဓာကိုယ် နောက်ပိုင်းအလှကို ရင်ဖို င်း ဦးကျော်ထွန်းက လိုက်လာမိသည်။

ကုန်းမြင့်သာယာက ဟိုတုန်းကထက်တောင် လှပ ည်ဝါ နေပါသေးသည်။ ဒါဟာ အရှင်သခင်ရဲ့ စိတ်ချမ်းသာ ပြုထုက်ပဲလို့ တွေးမိရင်း ဦးကျော်ထွန်းက သက်ပြင်းချလိုက် တော့တာ။



www.burmeseclassic.com

www.burmeseclassic.com



"ဝါ စိတ်ချမ်းသာ ပျော်ရွှင်နေတဲ့အတွက် ဝမ်းသာပါတယ်ဗျာ အဟွန်း... ဟွန်း"

ဟင်... ဒါက ဘာစကားကြီးလဲ။

ရင်ထဲမှာ ခုတုတု ဖြစ်သွားပေမဲ့ ဒေါ်စကားဝါက ခပ်ပြုံးပြုံးလေးနဲ့ပဲ ပြန်ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

ထိုင်မိတော့ တစ်ယောက်နဲ့တစ်ယောက် ခပ်ဝေးဝေးပါ။

မောင်ရယ်...

ကျွန်မ ရင်ကွဲရမဲ့ စကားမျိုးကို ချက်ချင်းကြီး မပြောပါနဲ့...

ကျွန်မ အသည်းကို ခပ်ဖြည်းဖြည်းပဲခွဲဖို့ အနူးအညွတ်တောင်းပန်ပါတယ်ရှင်၊ ဒေါ်စကားဝါက စိတ်ထဲကနေပဲ ပြောနေမိတာပါ။

"ဝါ..."

"ဟင်..."

"ဝါ အိပ်ချင်ရင် သွားအိပ်လေ၊ မောင်တော့ ခဏထိုင်လိုက်ဦးမယ်ဗျာ"





"ဟင်... ညစာစားဖို့ ကျွန်မက ပြင်ဆင်ခိုင်းထားတယ်"

"ဒါဆိုရင်လဲ စားပါ့မယ်၊ ခဏလေး ကိုယ် ခဏလေး ထိုင်ချင်လို့ပါ"

"ထိုင်ပါ မောင်"

သြော်...

မောင့် စိတ်တွေက ဟိုနေရာမှာပဲ ကျန်ရစ်ခဲ့တာ သေချာနေပြီပေါ့။

ကျွန်မ နားလည်ပါပြီ မောင်ရယ်...

မောင် စိတ်ချမ်းသာရပါစေမယ် ရှင်...

ဒေါ်စကားဝါက ငိုချင်စိတ်ကို ထိန်းချုပ်ပြီး အိမ်ထဲကို တိတ်တိတ်လေးပဲ ပြန်ဝင်လာရပါတော့သည်။

ကျွန်မ အသည်းတွေကွဲရပါပြီ မောင်ရယ်...

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

"ကြီးကြီး"

"ပြောလေ သမီး"

"သီက ဖေဖေနဲ့မေမေ့ကို အဆင်ပြေအောင် လုပ်ပေးမလို့ ကြီးကြီးရဲ့"

"အို... ကောင်းတာပေါ့ သမီးရယ်"

"ဒါပေမဲ့ လမ်းမှာတော့ အခြေအနေက မကောင်းဘူး ကြီးကြီးရေ၊ ဖေဖေနဲ့ မေမေက စကားတောင် ဟက်ဟက်ပက်ပက် မပြောကြဘူး"

သီက လေသံလေးနဲ့ ပြောလိုက်တာပါ။





ကြီးကြီးဆီကနေ မေမေ့ အခြေအနေကိုလည်း တီးခေါက်ကြည့်ချင်လို့ ဖြစ်သည်။

"သမီးလေးရယ် ဆရာတို့နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြပေမဲ့ မပွင့်လင်းတော့ ခက်တာပေါ့၊ သမီးမေမေဆို ကုန်းမြင့်သာယာမှာ တစ်ယောက်တည်း အထီးကျန်ပြီး အရမ်းသနားဖို့ ကောင်းတာပါ"

"ဖေဖေကလဲ ဟိုမှာ အထီးကျန်နေတာပါပဲ ကြီးကြီးရယ်၊ ဟိုမှာ မိန်းမတွေပေါပေမဲ့ ဖေဖေက မေမေ့အပေါ်မှာ သစ္စာရှိတယ် ကြီးကြီး"

"ဟင်... ဟုတ်လား၊ မဝါက သမီးဖေဖေမှာ နောက်တစ်ယောက် ရှိနေတယ်လို့ပဲ ထင်နေတာ သမီးရဲ့"

"မရှိပါဘူး"

သီနဲ့ကြီးကြီး စကားပြောနေတုန်းမှာပဲ မေမေ့အသံကို ကြားရတာမို့ စကားစ ပြတ်သွားရတော့တာ။

"အစ်မရေ..."

"လာပြီ မဝါ၊ လာပြီ"

"ညစာစားဖို့ ပြင်ရအောင်နော်၊ သမီးလဲ လန်းဆန်းသွား



www.burmeseclassic.com

www.burmeseclassic.com



အောင် ရေမိုးချိုးလေ၊ မေမေ စပါယ်ရှယ် ညစာ စီစဉ်ပေးထား
တယ် အဟင့်… ဟင့်”

“စားမှာ မေမေရေ၊ မြန်မာအစားအစာ ကောင်းကောင်း
ကို သီနဲ့ဖေဖေက အရမ်းလွမ်းနေတာ မေမေရဲ့”

သီက ရတဲ့အခွင့်အရေးကိုယူပြီး မေမေ့ကို ဖေဖေ
အကြောင်း နားသွင်းဖို့ ကြိုးစားတာပါ။

“ဟုတ်ရဲ့လား”

“တကယ်ပါ မေမေရယ်၊ သီနဲ့ဖေဖေ မျက်နှာချင်းဆိုင်
တာနဲ့ မေမေနဲ့အတူတူစားတဲ့ ထမင်းဝိုင်းအကြောင်းပဲ ပြော
နေတာသိလား”

သမီးရယ်…

ဒေါ်စကားဝါက ပြုံးပြုံးလေး နားထောင်နေရပေမဲ့
ရင်ထဲမှာတော့ ငိုနေရပါပြီ။

သမီးလေးက ဖေဖေနဲ့ မေမေကြားမှာ စိတ်ချမ်း သာမှုရှိ
ဝင်ပြောလေနေမှန်း ဒေါ်စကားဝါ သိတာပေါ့။

“ကဲ… ကဲ ရေချိုးတော့ သမီးလေးရေ ညဉ့်နက်နေပြီ”

“အဟင့်… ဟိုမှာဆို နေ့ဘက်ပဲလေ မေမေရယ်၊ သီ





တော့ ဘယ်လို အိပ်ရမှန်းတောင် မသိပါဘူး”

“ဒါဆိုလဲ မအိပ်နဲ့ကွယ်၊ မေမေနဲ့ စကားထိုင်ပြောနေ
တာပေါ့”

“ဟာ… သို့ကို ဖေဖေ စိတ်ဆိုးမှာပေါ့ မေမေရဲ့၊
ဖေဖေက မေမေ့နားမှာ ကပ်နေချင်တဲ့ဥစ္စာ”

“အို… ဒီကလေး”

ရုတ်တရက် ရှက်သွေးဖြာပြီး ရင်ခုန်သံတွေ မြန်ဆန်
သွားမိပြီးမှ ဒေါ်စကားဝါက ကိုယ့်စိတ်ကိုကိုယ် ပြန်ထိန်း
လိုက်ရတော့တာ။

အခြေအနေအမှန်ကို သိသိကြီးနဲ့ ရင်မခုန်ချင်တော့
ပါဘူး မောင်ရယ်၊ ကျွန်မကိုယ် ကျွန်မ ထိန်းချုပ်ပါ့မယ်ရှင်၊
မောင် စိတ်ချမ်းသာဖို့ဆိုရင် ကျွန်မဘက်က အရာရာလိုက်
လျှောပေးဖို့ အသင့်ပါ။

“မဝါ နေကောင်းရဲ့လား”

“ကောင်းပါတယ် အစ်မရယ်”

“ဟင်းတွေနွှေးပြီး ထမင်းပွဲ ပြင်ထားလိုက်တော့မယ်
နော်”



www.burmeseclassic.com

www.burmeseclassic.com



"အင်း... အင်း... သြော်... ဒါနဲ့ မောင်ပစ္စည်းတွေကို ဘယ်အခန်းမှာ ထားဟားသလဲ အစ်မ"

"ဟို... နှစ်ယောက် အိပ်ခန်းထဲမှာလေ မဝါ"

'နေရာပြောင်းပြီး ကားလိုက်ပါ' လို့ပြောဖို့ ဟန်ပြင်တုန်းမှာပဲ တယ်လီဖုန်းခေါ်သံကြောင့် ဒေါ်စကားဝါက မပြောဖြစ်တော့ပါ။

"အန်တီဝါ ဖုန်းလာနေတယ်"

"အေး... အေး"

မဝါ လှည့်ထွက်သွားတော့ ဒေါ်အေးက အတွေးတွေနဲ့ ပါ။

မဝါ မျက်နှာမကောင်းတာ အရမ်းသိသာလွန်းနေတာကိုး။ တကယ်ဆို အရမ်းပျော်နေရမယ့် အချိန်မဟုတ်လား။ လင်မယားနှစ်ယောက် စကားတွေ တတွတ်တွတ်ပြောပြီး ကြည်နူးရွှင်ပျနေရမယ့်အချိန်မှာ ဆရာကလည်း ရောက်တာနဲ့ အိမ်ထဲတောင်မဝင်ဘဲ ခြံထဲမှာ ထိုင်နေသတဲ့။

မဝါကလည်း မျက်နှာတွေပျက်ပြီး ဖြစ်နေတော့တာ။ ဘာတွေဖြစ်နေကြပါလိမ့်။ ဒီလင်မယား ပြန်ပေါင်း





ထုတ်ဖို့အတွက် မဖြစ်မနေ ကြားဝင်မှပါ။

အိမ်ရှင်တွေ မျက်နှာမသာတော့ ဒေါ်အေးတို့ အလုပ်သမားတွေလည်း မရွှင်လန်းနိုင်တော့သလို စကားတောင် ကျယ်ကျယ် မပြောဝံ့တော့။

သမီးလေး မြသီတဂူလည်း ငြိမ်သက်နေသည်။ ညစာအတွက် ထမင်းတွေ ဟင်းတွေ အများကြီး ဖွယ်ဖွယ်ရာရာ ချက်ပြုတ်စီမံထားတာပါ။ ဒါပေမဲ့ အိမ်ရှင်မိသားစုက ဟုတ်တိပတ်တိလည်း မစားကြပါ။

ဒီလိုနဲ့ပဲ ညစာထမင်းဝိုင်းက အဆုံးသတ် သွားရပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

ဖေဖေနဲ့မေမေ လွတ်လွတ်လပ်လပ် စကားပြောလို့ မေးလို့ရအောင် သီက ထမင်းစားပြီးတာနဲ့ . . .

'အိပ်တော့မယ်' လို့ပြောပြီး အိပ်ခန်းထဲ ဝင်နေလိုက်တော့တာ။

ဖေဖေနဲ့ မေမေကို ကြည့်ရတာ တစ်မျိုးကြီးပါပဲလို့ တွေးပြီး သီ့မှာ စိတ်ပူပန်နေရပြန်သည်။ အဲဒီလိုတွေဖြစ်လေ သီ့စိတ်ကူးတွေအကောင်အထည် မဖော်ရတာပဲ လွဲချော်သွားတာကိုပဲ ခံစားနေမိတော့တာ။

သီ့ကို ဝင်တိုက်လိုက်တဲ့ သူကိုပဲ စိတ်ဆိုးနေမိတော့





သည်။ ဘယ်သူမှန်းလည်း မသိ။ ရုပ်ရည်ပုံပန်းသဏ္ဌာန်ကိုလည်း မမှတ်မိပါပဲ မေ့မရနိုင်အောင် ဖြစ်နေရတာ အတော်ဲ ဆိုးပါသည်။

ဒီလူ့အကြောင်း တွေးလိုက်တာနဲ့ ဒေါသတွေက ရင်ထဲရောက်လာတော့တာ။

ဖေဖေနဲ့မေမေ အဆင်ပြေပါ့မလားလို့ တွေးမိရင်လည်း အဲဒီလူကို အမှတ်ရပြီး စိတ်တိုရသည်။

ဖေဖေနဲ့ မေမေကို ဘာလုပ်ပေးရင် ကောင်းမလဲလို့ တွေးရင်လည်း အဲဒီလူကို စိတ်ဆိုးမိပြန်သည်။ စိတ်ဆိုးလိုက် ဒေါသထွက်လိုက်နဲ့ပဲ အဲဒီလူရဲ့အကြောင်းကို တွေးမှန်းမသိ တွေးနေမိတော့သည်။

သီက ဖေဖေ့ဆီမှာ ကျောင်းလိုက်တက်ပြီး နိုင်ငံခြားမှာ လာခဲ့တာ နှစ်နှစ်ကျော်ကျော်မို့ ဟိုက ယဉ်ကျေးမှုကို ဘော်ဝါးထင်ထင် တွေ့လာရတဲ့သူပါ။

သီတို့ အရွယ်တွေဆို မိဘနဲ့ခွဲပြီး နေနေပြီ။ မိန်းကလေး ယောက်ျားလေး ချိန်းကြ တွဲကြ ချစ်လိုက်ကြ လမ်းခွဲလိုက် လုပ်နေလိုက်တာကလည်း ထမင်းစား ရေသောက်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သို့ကို ဆိုရင်လည်း ဒိတ်လုပ်ကြတဲ့ ကောင်လေးတွေမှ အများကြီးပါ။ သီက ဘယ်သူ့ကိုမှ လက်မခံခဲ့။ ဘယ်သူနဲ့မှ လည်း မတွဲခဲ့ဘဲ ဖေဖေ့အရိပ်မှာ မြန်မာမလေး ပီပီသသ နေထိုင်လာတာ ဖြစ်သည်။

ဖေဖေကလည်း သီ့အတွက် အရမ်းစိတ်ပူသည်။ အတု ယူမှားပြီး တိုင်းတစ်ပါး ယဉ်ကျေးမှုထဲ မျောသွားမှာကို စိုးရိမ်ခဲ့သည်။

သီက ကျောင်းမှာ သာမန်မဟုတ်ဘဲ နာမည်ကြီးလွန်း လူကြိုက်များလွန်းတော့ ပိုစိတ်ပူနေရတော့တာ။ ဖေဖေ တစ်ယောက်တည်း သီ့အတွက် စိတ်ပူရတာမဟုတ်။ သီ့ကိုယ် သီလည်း စိတ်ပူနေရတာပါ။

ကျောင်းမှာ အရမ်းသတိထားပြီး သီ နေခဲ့ရသည်။

ဟိုက ကောင်လေးတွေက အရမ်းရဲတင်းလွန်းတာကိုး။

ဒါကြောင့်ပဲ သီ ပြန်လာခဲ့တာပါ။ ဖေဖေကလည်း မေမေနဲ့ အဆင်ပြေရင် ဒီမှာပဲ နေတော့မယ်လို့ သီ့ကို ပြောပြထားသည်။ မေမေနဲ့ အဆင်ပြေရင်တော့ ဟိုမှာပဲ အပြီးနေ တော့မယ်တဲ့လေ။





သီ့အတွက် ဖေဖေနဲ့မေမေ အဆင်ပြေဖို့က ဒါကြောင့်ပဲ ဒီလောက် အရေးကြီးနေတာပါ။ သီက အတင်းကြီးလည်း ကြားမဝင်ချင်၊ သီ ဒိုင်ယိုပြီးတောင်းဆိုလို့ ဖေဖေနဲ့မေမေက အတူတူပြန်နေပြီး စိတ်ဆင်းရဲရတာမျိုးလည်း သီ မဖြစ်စေချင်။

မိဘနှစ်ပါး ပျော်ရွှင် စိတ်ချမ်းသာနေတာကိုပဲ သီက တွေ့မြင်ချင်တာပါ။

အခုလည်း ဖေဖေနဲ့မေမေ အဆင်ပြေကြရဲ့လားဆိုတာ ကို သီက သိချင်နေမိတော့တာ။ နေ့နဲ့ည လွဲနေတာမို့ သီ ကိုယ်တိုင်လည်း အိပ်လို့မရပါ။

အိမ်ကြီးကတော့ တိတ်ဆိတ်နေပါပြီ။

သီက သက်ပြင်းလေးချပြီး ခုတင်ပေါ်က ဆင်းလိုက် သည်။ ဖေဖေနဲ့မေမေ အဆင်ပြေမပြေ မသိရဘဲ သီ ဘယ်လို မှ နေလို့မရတော့။ ဒါကြောင့် သီက အခန်းထဲကနေ တိတ် တိတ်လေး ထွက်လာခဲ့ပြီး ဖေဖေနဲ့မေမေရဲ့ အခန်းဆီကို ခြေဖွနင်းလို့ ထွက်လာခဲ့လိုက်တော့တာ။

ဖေဖေနဲ့မေမေကို ချောင်းကြည့်ရတာတော့ မကောင်းပါ ဘူးနော်။ ဒါပေမဲ့ အဆင်ပြေမှ ပြေပါ့မလားလို့ သီက စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပူနေရတာဆိုတော့ မကောင်းပေမဲ့ ချောင်းကြည့်မှပဲ ဖြစ်မှာပါ။

ဖေဖေတို့ အိပ်ခန်းက မီးလင်းနေတာမို့ သီက မျက်မှောင်လေး ကုတ်လိုက်မိသည်။ စကားပြောနေကြတယ် ထင်ပါရဲ့လို့တွေးပြီး သီက အခန်းအနားထိ တိုးကပ်နားစွင့်မိသည်။

ဘာသံမှ မကြားရပါ။ အခန်းတံခါးက မဟတဟလေး ဖြစ်နေတာမို့ အသာတွန်းလိုက်ရုံနဲ့ ပွင့်သွားသည်။

သီ ချောင်းကြည့်လိုက်တော့ လှပတဲ့ အိပ်ခန်းကျယ်ကြီးထဲမှာ ဘယ်သူမှမရှိ။ အခန်းထဲက အိပ်ရာကြီးက ပုံစံမပျက်ဘဲ ဒီအတိုင်း ရှိနေတော့တာ။

ဟော့တော့ ဖေဖေတို့ ဘယ်ရောက်သွားပါလိမ့်။

အဲ့ဒီအချိန်မှာပဲ ဖေဖေ့အသံကို လသာဆောင်ဘက်က ကြားလိုက်ရတော့တာ။

"ကိုယ် ဆုံးဖြတ်ပြီးပြီ ဝါ၊ ဝါ စိတ်ချမ်းသာဖို့အတွက် လွတ်လပ်ခွင့် ပေးလိုက်မယ်ဗျာ"

"........"

သီ့ ကိုယ်လေးက ဆတ်ခနဲ တုန်ခါသွားရသည်။





မေမေ့ အသံကို မကြားရသေးပါ။ ဖေဖေပြောနေတဲ့ စကားက လမ်းခွဲ မယ့်စကားပဲ။ သီက လသာဆောင်ဘက်ကို တိုးကပ်ပြီး နားထောင်နေမိတော့တာ။

"ဝါ့ကို လက်ထပ်စာချုပ် တစ်ခုနဲ့ ကိုယ် မချုပ်နှောင်ထားချင်တော့ပါဘူး"

"ဒါ... ဒါ... ရှင့် ဆန္ဒအမှန်ပဲလား"

မေမေ့အသံက အေးစက်စက်နဲ့ပါ။ အခြေအနေက ဘယ်လိုမှ မကောင်းနိုင်ဘူးလို့ တွေးရင်း သီက မျက်ရည်လေးတွေ စီးကျလာရတော့သည်။

သီ မျှော်လင့်ထားတဲ့ မိသားစုဘဝလေးကို ဖေဖေနဲ့ မေမေက ဖျက်စီးပစ်တော့မှာပဲ။

"ဟုတ်ပါတယ် ဝါ၊ ဒါ ကိုယ့်ရဲ့ ဆန္ဒပါ"

သီက ရှိုက်သံတွေ အပြင်ထွက်မလာနိုင်အောင် ပါးစပ်ကို ပိတ်ထားမိသည်။

"ဒါဆိုလဲ ရှင် ဖြစ်စေချင်တာကို ပြောပါ။ ကျွန်မကို အားမနာပါနဲ့"

"ကိုယ်တို့နှစ်ယောက် ကွာရှင်းပြတ်စဲ..."



www.burmeseclassic.com

www.burmeseclassic.com



သီက ဘယ်လိုမှ နားမထောင်နိုင်တော့ဘဲ ပြေးထွက်လာခဲ့မိတော့တာ။

ဘုရား... ဘုရား။

ဒီလောက်အထိတောင် ဖြစ်နေကြပြီလား...

ဖေဖေနဲ့မေမေက ကွာရှင်းပြတ်စဲဖို့အထိ ပြောဆိုနေကြပြီပေါ့၊ သီအတွက် ဘာမှထည့်မတွေးဘဲ မာနပြိုင်နေကြတာပေါ့။

မြသီတဂူက လှေကားထစ်တွေကို တဟုန်ထိုး ပြေးဆင်းလာခဲ့သော့တာ။ လှေကားရင်းကိုရောက်တော့ ကြီးကြီးဒေါ်အေးနဲ့ ဝင်တိုက်မိသည်။

"သမီး... သမီး ဘာဖြစ်လို့လဲကွယ်"

စိတ်ထိခိုက်ပြီး ထင်ရာတွေပဲ လုပ်ပစ်ချင်လောက်အောင် ဖြစ်နေတဲ့ သီက ကြီးကြီးမေးတာကို မဖြေဘဲ ကားသော့တောင်းလိုက်သည်။

"ကြီးကြီး သီ့ကို ကားသော့ပေးပါ"

"ကားသော့ ကားသော့က ဧည့်ခန်းထဲမှာလေ သမီးရယ်၊ နေ... နေပါဦး သမီးက 'ဘာလုပ်မလို့လဲ"





သီက ဘာမှမပြောဘဲ ကားသော့ကိုပဲ ပြေးယူလိုက်ပါသည်။

ဖေဖေနဲ့ မေမေရဲ့ အခြေအနေက သီ့ကို တုန်လှုပ်ချောက်ချားစေလေပြီ။ သီ့ ရင်ထဲက ငြိမ်သက်မှုတွေကို ဖျက်ဆီးစေလေပြီ။ ဒီအခြေအနေကို ဘယ်လိုမှ အရောက်မခံနိုင်ပါ။

သီ ဖေဖေနဲ့မေမေ ရှင်ကွဲ ကွဲနေတာမျိုး လုံးဝ အဖြစ်မခံနိုင်။ ဖေဖေ့မှာ မေမေ့အပြင် နောက်တစ်ယောက် မရှိတာ သီ အသိဆုံးပါ။

မေမေ့ဆီမှာလည်း နောက်တစ်ယောက် မရှိဘူးဆိုတာ သီ ယုံကြည်ပါသည်။ ဒါဆိုရင် ဖေဖေနဲ့မေမေက ဘာကြောင့် ကွဲရမှာလဲနော်။

ဒီအတိုင်း သီ ပြောလို့ကတော့ ဖေဖေနဲ့မေမေ မာနတွေကို ခဝါချလိမ့်မည် မထင်။ ဒီတော့ သီ အိမ်ကနေ ထွက်သွားလိုက်မည်။

"သမီး... သမီး ဘယ်သွားမလို့လဲ"

သီက အိမ်တံခါးကိုဖွင့်ရင်း ကြီးကြီးကို ပြန်ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"သီ သွားချင်ရာ သွားတော့မယ် ကြီးကြီး၊ ဖေဖေနဲ့ မေမေက သီကို လူတစ်ယောက် မွေးထားတာပါလို့ အသိ အမှတ်ပြုပုံ မရပါဘူး ကြီးကြီးရယ်၊ သီ့ကို အရေးမလုပ်ဘဲ ကွာရှင်း ပြတ်စဲဖို့အထိ လုပ်နေကြပြီ၊ ဒါကြောင့် သီ ဒီအိမ်က ထွက်သွားတော့မယ်"

ပြောရင်းဆိုရင်းနဲ့ပဲ သီက ပေါ်တီကိုအောက်မှာ ရပ်ထားတဲ့ ကားပေါ်ကိုတက်ပြီး တဟုန်ထိုး မောင်းထွက်လာလိုက်တော့သည်။

ကြီးကြီးရဲ့ ငိုသံပါကြီးနဲ့ အော်ခေါ်သံကို သီက ကျောခိုင်းထားခဲ့လိုက်ပါတော့သည်။

* * *



## အခန်း (၇)

"သမီး... သမီး"

"မဝါရေ လုပ်ပါဦး"

"ဆရာ... ဆရာ"

ဒေါ်အေး တစ်ယောက်တည်းကပဲ အမျိုးစုံအော်ဟစ်ပြီး ယောက်ယက်ခတ် သွားတော့သည်။

သမီးလေးရဲ့ကားက ထွက်သွားလေပြီ။ အောက်ထပ်က အသံတွေကို အပေါ်ထပ်က ဘယ်လိုမှ မကြားနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးက အပေါ်ထပ်ကို ပြေးအတက် မဝါကလည်း လှေကားကနေအဆင်း အလာလမ်းမှာပဲ တည့်တည့်တိုးသည်။ မဝါနောက်မှာ ဆရာလည်းပါလာတာမို့ ဒေါ်အေးက ငိုကြီးချက်မနဲ့ တိုင်တည်မိပါတော့သည်။

"လုပ်ပါဦး မဝါ၊ သမီး... သမီးလေး"

"ကားသံကြားလို့ ဆင်းလာတာ၊ အစ်မ ဘာဖြစ်လဲ။ သမီး ဘာဖြစ်လို့လဲ"

"သမီးလေး ကားနဲ့ထွက်သွားပြီ မဝါ၊ ညဝတ်အင်္ကျီနဲ့ပဲ အပေါ်ထပ်ကနေ ငိုယိုပြီး ဆင်းလာတယ်။ ပြီး... ပြီးတော့ ပြော... ပြောတယ်"

စိုးရိမ်စိတ်တွေ မွန်ထူသွားရတာမို့ ဒေါ်စကားဝါက စကားထစ်အနေတဲ့ ဒေါ်အေးကို စိတ်မရှည်နိုင်ဘဲ ကြားဖြတ်ပြီး ဝင်မေးလိုက်မိတော့သည်။

"ဘာပြောလဲ အစ်မ၊ သမီး ဘာပြောလဲ"

"ဟို... ဟိုလေ သွားချင်တဲ့နေရာ သွားတော့မယ်တဲ့၊ ဖေဖေနဲ့ မေမေက သို့ကို လူတစ်ယောက် မွေးထားတာပါလို့ အသိအမှတ်ပြုပုံ မရဘူးတဲ့၊ သို့ကို အရေးမလုပ်ဘဲ ကွာရှင်း





ာ်စဲဖို့အထိ လုပ်နေကြပြီတဲ့၊ ဒါကြောင့် သီ ဒီအိမ်ကနေ က်သွားတော့မယ်တဲ့"

"ဟင်..."

"ဗျာ..."

ဦးကျော်ထွန်းနဲ့ ဒေါ်စကားဝါက တစ်ယောက်မျက်နှာ စ်ယောက် ကြည့်မိပြီးမှ ပြိုင်တူပဲ မြန်မြန်ဆန်ဆန် က်နှာပြန်လွှဲ လိုက်မိသည်။ ရင်ထဲမှာလည်း ကိုယ်စီပဲ လျှောင် ်သွားရတော့တာ။

"လုပ်... လုပ်ပါဦး မဝါ၊ သမီးလေးနောက်ကို လိုက် ်မှာပါ၊ အချိန်မတော်ကြီး ပြီးတော့ ညဝတ်အင်္ကျီလေးနဲ့ပဲ က်သွားတာ ပိုက်ဆံတွေ ဘာတွေလဲပါသွားမှာ မဟုတ်ဘူး"

"ဝါ ကိုယ်တို့ လိုက်မှဖြစ်မယ်"

"ကားတစ်စီးက ဝပ်ရှော့ပ်မှာ မောင်၊ အိမ်မှာ အခု းမောင်းသွားတဲ့ ကားတစ်စီးတည်းပဲရှိတာ ဒုက္ခပါပဲ။ ယ်လိုလုပ်ရမလဲ"

စိတ်အရမ်း ပူပန်နေပုံရတဲ့ ချစ်ဇနီးကိုကြည့်ပြီး ဦးကျော် ွန်းက ဖျောင်းဖျလိုက်ရသည်။ ကိုယ်တိုင် စိတ်ပူမိပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဝါ စိတ်အရမ်းပူပြီး တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်မိလို့ပါ။

"စိတ်အေးအေးထားပါ ဝါ၊ ငမိုးက ကားမောင်းကျွမ်းကျင်ပါတယ်၊ နိုင်ငံခြားမှာ နှစ်နှစ်တောင် နေလာခဲ့တာဆိုတော့ သူ ဘာကိုမှ ကြောက်တတ်မှာ မဟုတ်ပါဘူး"

"ကျွန်မ... ကျွန်မ ဘယ်လို စိတ်အေးအေး ထားနိုင်မှာလဲ မောင်ရဲ့၊ နေဦး... နေဦး ကားတစ်စီး ကားတစ်စီး ဘယ်က ရှာရမလဲ။ ဟာ... ဟုတ်ပြီ၊ ဟိုဘက်ခြံက ကားကို ခဏငှားလိုက်မယ်"

ချစ်ဇနီးက ပြောပြောဆိုဆိုပဲ ဖုန်းဆက်နေတာမို့ ဦးကျော်ထွန်းက ကြည့်နေရတော့သည်။ သူတို့လင်မယား ပြောနေတဲ့ စကားတွေကို သမီး ကြားသွားပြီပဲ။

"မောင်မောင်လား အစ်မပါ"

ဝါ့အသံကြောင့် ဦးကျော်ထွန်းရဲ့ အာရုံက ဖုန်းဆက်နေဟဲ့ဆီကို ရောက်သွားရပြန်သည်။

"အရေးကြီးနေလို့ အစ်မကို ကားခဏလောက် ငှားပါလားကွယ်"

"........."





"အစ်မ စောင့်နေမယ်နော်"

"........."

"ရတယ် မောင်မောင်၊ အစ်မကို ကားပဲငှားပါ လိုက်မောင်းပေးစရာ မလိုပါဘူးကွယ်"

"........."

"အစ်မ ခြံဝက စောင့်နေမယ်"

ကားငှားနေတာ ယောကျ်ား တစ်ယောက်ဆီကမို့ ဦးကျော်ထွန်းက ကွဲမြီးတိုနေမိတော့တာ။

ဘယ်လောက်တောင် ရင်းနှီးသလဲ။ ဘယ်အထိ ပတ်သက်နေသလဲဆိုတဲ့ အတွေးတွေကြောင့် ရင်ပို့ပူရတော့တာ။

ခေါ်တာက မောင်မောင်တဲ့။ ဒါဟာ နာမည်မှ ဟုတ်လား။

"သွားစို့ မောင်၊ ကားလာပေးလိမ့်မယ်၊ ကျွန်မတို့ ခြံဝ ထွက်စောင့်နေရအောင်"

ပြောပြီး ဇနီးသည်က ရှေ့ကသွားတာမို့ သူလည်း နောက်က လိုက်ရတော့သည်။

ရင်ထဲမှာတော့ မေးခွန်းတွေ အပြည့်မနဲ့ပါ။ သမီး



www.burmeseclassic.com

www.burmeseclassic.com



အတွက် စိတ်ပူရသလို၊ ဓနီးအတွက်လည်း သဝန်ကြောင်
တာမို့ ဦးကျော်ထွင့် ရင်ထဲမှာ ဖြောင်းဆန်ရတော့
သူတို့ လင်မယား ပေါ်တီကိုအောက်ကိုပဲ ရောက်ပါသေးသ
ကားတစ်စီးက ခြံထဲကို ဝင်လာလေပြီ။

သူတို့ရှေ့မှာ ကားရပ်လိုက်တာနဲ့ ချောမောတဲ့ လူ
တစ်ယောက်က ကားပေါ်ကနေ ရေးကြီးသုတ်ပျာနဲ့ ဆင်း
ပြီး ဝါ့အနားက လာရပ်သည်။

"ဘာဖြစ်လို့လဲ အစ်မ၊ ကျွန်တော် စိတ်ပူလိုက်တာ

"အစ်မ သမီးလေး ဒီညမှ ရောက်လာတာ၊ အ
ကားမောင်းပြီး ထွက်သွားလို့ကွယ်၊ မောင်မောင် သိတဲ့အ
ပဲ၊ အိမ်မှာ ကားတစ်စီးကလဲ ဝပ်ရှော့ပ် ပို့ထားရတယ်
ဒါကြောင့် မင်းကားကို ခဏငှားရတာပါ"

"ပြောရမယ့်သူတွေ မဟုတ်ပါဘူး အစ်မ
ကျွန်တော်ကားကို လိုက်မောင်းပေးရမလား"

ဦးကျော်ထွင့်က အူတိုပြီး မောင်မောင်ဆိုတဲ့ ဝေ
ကို ဆွဲထိုးပစ်ချင်နေမိပါပြီ။

"ရတယ် မောင်မောင်၊ ဪ... မိတ်ဆက်ပေး





မယ် ဒါက အစ်မရဲ့အမျိုးသား ဦးကျော်ထွင့်တဲ့ကွယ်"

"ဟုတ်ကဲ့"

ဝေါ်လေးက သူ့ကို ဝတ်ကျေတမ်းကျေပဲ ပြုံးပြသည်။
ဒီကောင် အကြည့်တွေက ဝါ့ဆီမှာချည်းပါပဲ။

ယောကျ်ားချင်းမို့ ဦးကျော်ထွင့်ကလည်း နပ်ပါသည်။
ဒီဝေါ် ဝါ့အပေါ်မှာ မရိုးမသား ဖြစ်နေတာ အသေအချာ
ပေါ့။

"ကဲ... အစ်မတို့ သွားမယ်"

"ဟုတ်ကဲ့"

ဝါက ကားမောင်းတဲ့ နေရာမှာ ဝင်ထိုင်လိုက်တာမို့
ဦးကျော်ထွင့်က အောင့်သက်သက်နဲ့ပဲ နံဘေးခုံမှာ ထိုင်လိုက်
ရပါတော့သည်။

"အဲဒါ ဘယ်ကကောင်လဲ ဝါ"

ရုတ်တရက်မို့ ဒေါ်စကားဝါက ကြောင်အအ ဖြစ်သွား
ရတော့သည်။

"ဟင်... ဘယ်သူ့ကို မေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခု ကားငှားခဲ့တဲ့ကောင်လေ ပေါ့ကွာ၊ ရုပ်ကိုက ကြာကူလီရုပ်နဲ့"

ဘုရားရေ...

ဒေါ်စကားဝါက အံ့ဩမိသလို စိတ်လဲ တိုသွားရတော့သည်။

"မောင် ဘာတွေပြောနေတာလဲ။ ကျွန်မ နားမလည်ဘူး"

"အဟွန်း... ဟွန်း နားမလည်တာလား၊ နားမလည်ချင်ယောင်ဆောင်နေတာလား ဝါ၊ အဲ့ဒီကောင်နဲ့ မင်းနဲ့က ဘာတွေလဲ"

ဒေါ်စကားဝါက ဒေါသထွက်ရတော့သည်။ ကြည့်ပါဦး သမီးတစ်ယောက်တည်း ကားနဲ့ကွဲသွားလို့ စိတ်ပူပန်နေရတဲ့အချိန်မှာ ခင်ပွန်းသည်က မယုံသင်္ကာ စကားတွေနဲ့ ထိုးနှက်နေတာ ဘယ်လောက် ဆိုးထားသလဲ။

"ဝါ မင်းနဲ့ အဲ့ဒီငတိ ဘယ်လောက်အထိ ပတ်သက်နေပြီလဲ"

ဒေါ်စကားဝါ မျက်လုံးတွေက ဒေါသနဲ့ ပြာသွားရတော့





ဘာ။

"ကျွန်မ သမီးအတွက် အရမ်းစိတ်ပူနေတယ် မောင်၊ ဒီအချိန်မှာ မောင်နဲ့ ရန်မဖြစ်နိုင်ဘူး။ တစ်ခုတော့ ပြောထားမယ်နော်၊ မောင်နဲ့ ကျွန်မက ကွာရှင်းတော့မှာ မဟုတ်လား၊ တစ်ယောက်အကြောင်း တစ်ယောက် စွက်ဖက်ဖို့ မလိုဘူးလို့ ကျွန်မ ထင်တယ်"

ပြောပြီးတာနဲ့ ဒေါ်စကားဝါက မျက်နှာကို တင်းထားလိုက်သည်။

မောင်မောင်နဲ့က အိမ်နီးချင်းချင်းတွေမို့ ရီးရီးခင်မင်တာပါ။

ဟွန်း... သူကိုယ်တိုင်ကျတော့ နိုင်ငံခြားသူတွေနဲ့ ချစ်ချင်တိုင်းဖြစ်ပြီး ဝါ့ကိုလည်း သူနဲ့ နှိုင်းနေတာ။

ခြံအပြင်ကိုရောက်တော့ သမီးနောက်လိုက်ဖို့ လမ်းက ခွဲလမ်းဖြစ်နေပြီ။ ရန်ကုန်ဘက်နဲ့ ပြည်ဘက် ဘယ်ဘက်ကို လိုက်ရမှန်း မသိတော့။

အကြာကြီး တွေဝေနေဖို့ အချိန်မရှိတာမို့ ဒေါ်စကားဝါက ရန်ကုန်ဘက်ကိုပဲ ထွက်လာလိုက်တော့သည်။ သမီးကာ

www.burmeseclassic.com



ရန်ကုန်ဘက်ပဲ သွားမှာပါ။ ကားမောင်းရင်း ရဲစခန်းတိုင်သ မတိုင်သင့် စဉ်းစားမိသည်။

သမီးရေ...

မေမေ စိတ်ပူနေရပြီကွယ်။

* * *



## အခန်း (၈)

ဒေါ်စကားဝါက ရန်ကုန်ဘက်ကို ဦးတည်မောင်းနေချိန်တွင် မြသီတဂူက ပြည်ဘက်ကို ဦးတည်မောင်းနေတာမို့ သားအမိနှစ်ယောက် ဝေးသထက် ဝေးရလေပြီ။

သီက မောင်းလာတုန်းကတော့ စိတ်လိုက်မာန်ပါနဲ့မို့ ဘာမှမတွေးမိဘဲ မိုင်ကုန်မောင်းထွက် လာလိုက်တာပါ။ ခရီးအတော်ပေါက်လို့ စိတ်လည်း နည်းနည်း ငြိမ်ကျသွားတော့မှ သီ့ကိုယ်ပေါ်မှာ ညဝတ်ဂါဝန်ပဲ ဝတ်ထားတာကိုရော သီ့ဆီမှာ မှတ်ပုံတင်နဲ့ ငွေမပါလာတာကိုရော သံတိထားမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကလည်း ညနှစ်နာရီတောင် ထိုးနေပြီ။ ဟိုင်းဝေးလမ်းမကြီးက တိတ်ဆိတ်ရှင်းလင်းနေသည်။

ကြောက်သလားဆိုတော့ သီ မကြောက်ပါ။ ဒါပေမဲ့ ခရီးတစ်ခု သွားတယ်ဆိုတာ အရာရာပြည့်စုံဖို့တော့ လိုပါသည်။ မပြည့်စုံဘဲသွားရင် ဒုက္ခရောက်ရမှာပါ။ အဝတ်အစားနဲ့ ငွေတော့ပါမှ ဖြစ်မှာပေါ့။ မတော်လို့ ကားခါတ်ဆီတွေဘာတွေ ပြတ်သွားခဲ့ရင်။

ဟာ...

တွေးနေတုန်းမှာပဲ သီ့ ကားကလေးက တုံ့ခနဲရပ်သွားတော့တာ။ ကားမီးထိုးပြီး မောင်းနေတုန်းက မှောင်တာကို မသိပါ။ အခု ကားစက်သေပြီး ထိုးရပ်သွားတော့မှ အမှောင်က ပိုကျလာတော့သည်။

သီ ကားရပ်သွားတဲ့ နေရာကလည်း အိမ်မနီး လူမနီးတဲ့ လယ်ကွင်းပြင်တွေ နေရာမှာ သီက ကားပဲမောင်းတတ်တာ၊ ပြင်တတ်တာ မဟုတ်။

ကြိုးစားပြီး ကားစက်နှိုးကြည့်သည် မရ။ ဖြတ်မောင်းတဲ့ ကားတစ်စီးစီးမှာပဲ အကူအညီ တောင်းရပါတော့မည်။





သီက ကားတစ်စီးစီး အမြန်ရောက်လာပါစေလို့ပဲ ဆုတောင်းနေရတော့တာ။

ထိုအချိန်တွင် ပြည်မြို့ကို အရေးတကြီး သွားရမှာမို့ ကားကို အမြန်မောင်းလာသူက ဝေဟောင်ရယ်ပါ။

ညဦးပိုင်းက နိုင်ငံခြားဧည့်သည်ကို ကြိုဆိုနေရာချပေးရတာမို့ အရေးကြီးတဲ့ကိစ္စကို ခေါက်သိမ်းထားရပါသည်။ အခု ဧည့်သည်တွေကိစ္စ ပြီးတော့မှပဲ ပြည်ကို တစ်ယောက်တည်း ကားမောင်းပြီး ထွက်လာရတော့တာ။

ကားမောင်းရင်း ဝေဟောင် စိတ်တွေက လေဆိပ်မှာ တွေ့ခဲ့တဲ့ ကောင်မလေးဆီကိုပဲ ရောက်နေရတော့သည်။

သူမလေးရဲ့ လှပကြော့ရှင်းတဲ့ ခန္ဓာကိုယ်လေး၊ တောက်ပလင်းလက်တဲ့ မျက်ဝန်းလေးတွေရယ်က သူ့ရဲ့ ကို ဖမ်းစားထားကြတော့တာ။

ဒါပေမဲ့ သူမလေးက လက်ထပ်ပြီးသားမို့ သူ့မှာ အတွေးတွေကို ကန့်သတ်ထိန်းချုပ် နေရပြန်သည်။ အပြစ်တွေ ဖြစ်နေမှာ စိုးရိမ်မိလို့ပါ။

ဝေဟောင်က သူမလေးရဲ့ မတွေ့မိရင် အကောင်းသားလို့



www.burmeseclassic.com

www.burmeseclassic.com



တွေးမိပြန်သည်။ လက်ထပ်ထားပြီးသား မိန်းကလေးတစ်ယောက်ကို တစ်ခါမြင်ရုံနဲ့ မေ့မရအောင် ဖြစ်နေရတဲ့ သူ့ကိုယ်သူလည်း ဒေါသဖြစ်ရပါသေးသည်။

တကယ်ဆို သူ့အနားမှာ ကောင်မလေးတွေမှ ဝိုင်းဝိုင်းလည်နေတာပါ။ အချောဆုံး အလှဆုံးတွေမှ အများကြီး။ သူက လက်ဆန့်တန်း ကြိုဆိုလိုက်ရင် သူ့ရင်ခွင်ထဲကို ဝင်လာကြမယ့် သူလေးတွေချည်းပါပဲ။

သူက ဘယ်သူ့ကိုမှ ရင်မခုန်လို့သာ မသိကျိုးကျွံပြုပြီး နေနေတာဖြစ်သည်။ သူ့ဘဝမှာ အရာရာ ပြည့်စုံနေတာမို့ အချစ်ဆိုတာကိုလည်း သူက တမင်တကာ ကြိုးစားရှာဖွေမနေပါ။

သူ့အလိုလို ဖြစ်လာတဲ့အချစ်ကိုပဲ စောင့်စားနေတာ ဖြစ်သည်။ ဒီနေ့တော့ မမျှော်လင့်ဘဲ လေဆိပ်ထဲမှာ သူရင်ခုန်ခဲ့ရသည်။ အချစ်ကိုလည်း တွေ့လိုက်ရသည်။

ဒါပေမဲ့ သူ ကံမကောင်းခဲ့ပါ။ သူ ရင်ခုန်လိုက်မိတဲ့ ကောင်မလေးက လက်ထပ်ထားပြီးသား မိန်းကလေး ဖြစ်နေတာကိုး။





ကောင်မလေးရယ်...

မင်းလေးကို ကြည့်ရတာ ငယ်ငယ်လေးပဲ ရှိပါသေး ယ်ကွာ...

မင်းလေးက ဘာကြောင့် လက်ထပ်ပြီးသား ဖြစ်နေရ တလဲဗျာ...

ဘာကြောင့် ကိုယ်တို့ နောက်ကျမှ တွေ့ခဲ့ရတာလဲ။ င်းလေးရဲ့ လက်ထပ်လက်စွပ်လေး ကိုယ်နဲ့ ဝင်တိုက်မိပြီး ပျောက်သွားတော့ မင်းမျက်နှာလေး စိုးရိမ်တကြီးနဲ့ နမြော သနေတာ သိသိသာသာပါပဲ။ မင်းလေး လက်ထပ်ထားတဲ့ သူကို မင်း အရမ်းချစ်တာပဲလားဗျာ၊ အဲဒီလူကို ကိုယ် းကျလိုက်တာဗျာ။

တွေးရင်းနဲ့ပဲ သူက နာကျင်ကြေကွဲ နေရတော့တာဗျာ။ တနေ့ ညမှာပဲ ရုတ်တရက် ဖြုန်းစားကြီး သူ့အသဲတွေ သွားခဲ့ရတာပါ။

"ကောင်မလေးရယ်"

သက်ပြင်းမောကိုချပြီး ခေါင်းခါယမ်းလိုက်တဲ့ အချိန်မှာ တားမီးချောင်ရှေ့မှာ သူ့ကားကို တားနေတဲ့ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို လှမ်းမြင်လိုက်ရကော့တာ။

ကားတစ်စီးနဲ့ မိန်းကလေး တစ်ယောက် သွားရင်းလာရင်း ကားပဲပျက်နေသလား၊ ဆီပဲပြတ်နေသလား၊ အကူအညီလိုအပ်နေတာပဲဖြစ်မှာမို့ ဝေဟင်က ကားကို အရှိန်လျှော့ မောင်းပြီး ကားကားနေတဲ့ မိန်းကလေးရဲ့ အနားမှာ ရပ်ပေးလိုက်မိတော့သည်။

"ဒီမှာရှင့် ကျွန်မကား ဘာဖြစ်သွားမှန်းမသိလို့ တစ်ဆိတ်လောက် ကူညီပါရှင်"

"ဟာ..."

အံ့သြလွန်းလို့ ဝေဟင်က အသက်ရှူဖို့ကိုတောင် မေ့လျော့ သွားရတော့တာ။

သူမလေးမှ သူမလေး အစစ်ပါ။ လေဆိပ်မှာ သူနဲ့ ဝင်တိုက်ခဲ့တဲ့ ကောင်မလေး။ အခု ရန်ကုန်ပြည်ကားလမ်းပေါ်မှာ သူ့ကားကို တားနေပြန်ပြီ။

ညဝတ်အင်္ကျီရှည်ကိုပဲ ဝတ်ဆင်ထားပြီး ကားတစ်စီးလုံးမှာလည်း သူမလေး တစ်ယောက်တည်းပဲမို့ သူက စိုးရိမ်တကြီး ဖြစ်သွားရတော့သည်။

သိန်းမင်းစာပေ



"တစ်ယောက်တည်းလား၊ အဖော်မပါဘူးလား"

"အဖော်မပါဘူးရှင့်၊ ကားက မောင်းနေရင်းနဲ့ ထိုးရပ်သွားတာ"

သူမလေးက သူ့ကို လုံးဝ မှတ်မိပုံမပေါ်တာမို့ သူက မိတ်ဆက်ဖို့ စဉ်းစားလိုက်မိပါသည်။ တစ်ခါတွေ့ဆုံထားဖူးပြီးသားလူဆိုရင် သူမလေးအနေနဲ့ ပိုရင်းနှီးအောင်လို့ပါ။

အခု သူမလေးကို ကြည့်ရတာ စိုးရိမ်ထိတ်လန့်မှုတွေကို ဖုံးကွယ်ထားရတဲ့ပုံက သိသာနေလွန်းလို့ ဖြစ်သည်။ ဒါကြောင့်ပဲ သူက မိတ်ဆက်လိုက်ရတော့သည်။

"အပျွန်း... စိတ်မပူပါနဲ့ဗျာ ကူညီရမှာပေါ့၊ ကိုယ်တို့က ဒုတိယအကြိမ် ပြန်တွေ့ရတာ မဟုတ်လား"

"ရှင်..."

"မင်း ကိုယ့်ကို မမှတ်မိဘူးပဲ၊ ရန်ကုန်လေဆိပ်မှာ ကိုယ်နဲ့မင်း ဝင်တိုက်မိခဲ့သေးတယ်လေ"

"ဘုရားရေ..."

မြသီတာ့ဆီက ဓာကယ်ပဲ ရျက်လှုံးလေး ဖြူးသွားတော့တာ။

သိန်းမင်းစာပေ

www.burmeseclassic.com



တိုက်ဆိုင်မှုက အံ့ဩစရာလို့ တွေးရင်းနဲ့ပဲ သီ့ ရင်ထဲကို ဒေါသစိတ်ကလေးက ခပ်ကြမ်းကြမ်း တိုးဝင်လာရတော့သည်။

"ဩော်... ရှင်ကိုး ရှင်ကိုး၊ ကျွန်မ တစ်ချိန်လုံး ဒေါသထွက်နေတာရှင့်"

သီက စိတ်တိုတို့နဲ့ ပြောလိုက်တော့ အဲ့ဒီလူက ကာ ပေါ်ကဆင်းပြီး ပျာပျာသလဲ တောင်းပန်တော့တာ။

"ဟာ... တောင်းပန်ပါတယ်ဗျာ၊ ကိုယ့်ကို အဲ့ဒီလော တောင် စိတ်ဆိုးနေတယ်လားဗျာ အဟွန်း... ဟွန်း"

အခုမှပဲ အသေအချာ ကြည့်မိတော့သည်။ ဒီလူ တော်တော် ပုံဖြောင့်တဲ့သူပဲ။

အသက်က အစိတ်ဝန်းကျင်လောက် ရှိပါလိမ့်မည် အရပ်က မြင့်မြင့်မားမား ရင်အုပ်ကားကားနဲ့ ခန္ဓာကို အချိုးအဆက်က ရင်ဖိုချင်စရာအတိပါ။

သီ့ အရပ်က မိန်းကလေးထဲမှာဆို မြင့်တဲ့စာရင်း ဝင်တာပါ။ ဒါပေမဲ့ ဒီလူနဲ့ ယှဉ်လိုက်တော့ သီ့အရပ် သူ့ပခုံး သာသာလေးပဲ ရှိတော့တာ။





သီ့ကို ငုံ့ကြည့်တဲ့ သူ့အကြည့်နဲ့ ပြန်မော့ကြည့်လိုက်မိတဲ့ သီ့အကြည့်တို့ တည့်တည့်ဆုံသွားတော့ သီ့ ရင်ထဲမှာ ပူနွေးရှိန်းပြ သွားရတော့တာ။

ဒါ ခံစားမှုအသစ်ပါပဲ။ သီက တအံ့တဩလေး ဖြစ်နေချိန်မှာပဲ ငြိမ်သက်နေတဲ့ သီ့ နှလုံးသားလေးက လှုပ်ရှားလာကြလေတော့သည်။

ဒါပေမဲ့ သီက ခံစားချက်အသစ်တွေကို လက်မခံဘဲ မောင်းထုတ်ပစ်လိုက်ပါသည်။ ဟုတ်တယ် ဒီလူကို သီမှ မကျေနပ်တာ။

"တောင်းပန်ပါတယ်၊ တကယ်တော့ မထင်မှတ်ဘဲ ဖြစ်သွားရတာပါဗျာ"

"အို... ရှင် တောင်းပန်တာနဲ့ပဲ ကျွန်မက ကျေနပ်ရတော့မှာလား၊ အခု ကျွန်မ အိမ်ကထွက်လာခဲ့ရတာ ရှင့်ကြောင့်၊ ရှင် ကျွန်မကို ဝင်တိုက်ပစ်ခဲ့လို့ ရှင် သိရဲ့လား"

သီက အနိုင်ရဖို့အတွက်ပဲ အတင်းပြောလိုက်တာ။

"ဟာ... ဟုတ်လား၊ ကိုယ်နဲ့ ဝင်တိုက်မိပြီး မင်းပဲ လက်ထပ်လက်စွပ် ပျောက်သွားတာကြောင့် လင်မယားကွဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထွက်လာခဲ့တာလား ဖြစ်ရလေဗျာ၊ ကိုယ် စိတ်မကော
ပါဘူး"

"ဟင်..."

သီက ပါးစပ်အဟောင်းသားလေး ဖြစ်သွားရတော့တ
ဒီလူ ဘာတွေပြောနေတာပါလိမ့်လို့ တွေးမိပြီးမှ ချက်ချင်
ဘာသောပေါက်သွားရတော့သည်။

ဒီလူက သီ့ကို အိမ်ထောင်ရှိတဲ့သူလို့ ထင်သွားတာ
ထင်လည်း ထင်စရာပါပဲ။ သီက လက်ထပ်လက်စွပ် ပျော
သွားတယ်ဆိုပြီး အသည်းအသန် ရှာနေတာ မဟုတ်လာ
တွေးရင်း သီက ရယ်ချင်သွားသည်။

ကောင်းတော့လည်း ကောင်းပါသည်။ သီ့ကို
ထောင်ရှင်လို့ ထင်ထားရင် အန္တရာယ်ကင်းတာပေါ့နော်။
လည်း ပြောရဆိုရတာ ပိုပြီး လွတ်လပ်ပါလိမ့်မည်။ ဒါကြေ
ပဲ သီက ဘာမှ ဖြေရှင်းပြမနေတော့ဘဲ ဒီအတိုင်းလေး
နေလိုက်တော့တာ။

"တကယ်ဆို မတော်တဆ ဖြစ်ရတဲ့ကိစ္စပဲဗျာ၊
မယား ဒီလောက်အထိ ပြဿနာတက်စရာ မလိုပါဘူး။





ယ် ဘာကူညီရမလဲ ပြောပါ"

"အဲ..."

သီက အကူအညီ တောင်းရမယ်ဆိုတာ ရုတ်တရက်
သွားတာတ်အောင် ဖြစ်သွားရသည်။

"ဟို... ကျွန်မကားကို နည်းနည်းလောက် ကြည့်ပေး
သား"

"ကြည့်ပေးဆို ကြည့်ပေးရုံလောက်ပဲ တတ်နိုင်မှာဗျ၊
ယ်လဲ မင်းလိုပဲ ကားသာ မောင်းတတ်တာ ပြင်တတ်တာ
တ်ဘူး"

သီမှာ အကြံအိုက်သွားရတော့သည်။
အမှောင်ထဲမှာ ပျက်နေတဲ့ ကားတစ်စီးနဲ့လည်း သီ
ရဲပါ။

နောက်ထပ် အကူအညီတောင်းဖို့ ကားတစ်စီးအလာကို
စောင့်ရအောင်လည်း လှိုးဝ မသေချာပါ။

"ဒါဆို ကျွန်မ ဘာလိုလုပ်ရမလဲ"

"မင်းသွားမယ့်နေရာကို ကိုယ့်ကားနဲ့ လိုက်ပို့ပေးမယ်



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ဒါဆို ဒီကားက"

"ထားခဲ့ပေါ့ဗျာ"

"ဟာ... မဖြစ်ပါဘူး"

"ဘာလဲ မင်းယောက်ျားနဲ့ ပြဿနာ ထပ်ဖြစ်မှာ စိုးလို့လား၊ အင်းလေ လက်စွပ်ကလေး တစ်ကွင်းပျောက်တာ တောင် ပြဿနာဖြစ်ရတယ်ဆိုတော့ ကားကို ထားခဲ့ရင် ပိုဆိုးနိုင်တာပေါ့"

သို့ကို သနားပုံရတဲ့ လူကိုကြည့်ပြီးတော့ ရယ်ချင်စိတ် မနည်းမျိုသိပ်ထားရတော့တာ။

ပြီးတော့ ဒီလူနဲ့ အတူရှိနေစာ တလွဲတချော် ပြော တာတွေကို နားထောင်နေရတာကိုလည်း သို့ ရင်ထဲမှ ပျော်ရွှင်လာမိပါသည်။

"လင်နဲ့မယားဆိုတာ ရန်ဖြစ်လဲ ခဏပါပဲဗျာ၊ အမိ အိ ပြန်လိုက်ပါလား"

"ကျွန်မနာမည် အမိ မဟုတ်ဘူးရှင့် မြသီတဂူတဲ့"

"အဟွန်း... ဟွန်း ဟုတ်ပါရဲ့ဗျာ၊ ကိုယ့်ကိုယ်ကို မိတ်ဆက်ဖို့တောင် မေ့နေမိတယ်။ ကိုယ့်နာမည်က ဝေဟ





ကျော် အားလုံးက ဝေဟင်လို့ပဲ ခေါ်ကြပါတယ်"

"ဟုတ်ကဲ့ ကိုဝေဟင်၊ ကျွန်မ အိမ်ကိုတော့ မပြန်ချင်သေးဘူးရှင့်"

မြသီတဂူတဲ့။

လှလိုက်တဲ့ မိန်းကလေး သူက သူမလေးရဲ့ အလှမတွေကို မကြည့်မိအောင် ကြိုးစားပြီး စကားပြောနေရတာပါ။

အဝတ်တောင်မလဲဘဲ အိမ်က ထွက်ပြေးလာတာဆိုတော့ သူမလေးတို့ လင်မယား အကြီးအကျယ် ရန်ဖြစ်လာတာဖြစ် မှာလို့တွေးရင်း သူ့မှာ ကရုဏာတွေ သက်နေရပါတော့သည်။

"အိမ်မပြန်ချင်ဘူးဆိုတော့ မင်း ဘယ်ကိုသွားမလဲ၊ ကိုယ်လိုက်ပို့ပေးပါ့မယ် မြသီတဂူ"

သူမလေးက သက်ပြင်းလေးချလို့ ခပ်တိုးတိုးလေးပဲ ပြန်ပြောသည်။

"တကယ်ဆို စိတ်လိုက်မာန်ပါသာ ထွက်လာခဲ့ရတာ ပါ။ ကျွန်မမှာ သွားစရာနေရာ မရှိပါဘူး ကိုဝေဟင်၊ ကား သာ မပျက်ဘူးဆိုရင်လဲ စိတ်ကူးတည့်ရာ လျှောက်မောင်း



www.burmeseclassic.com

www.burmeseclassic.com



ပစ်ဖို့ပါ”

“ဟာ… အဲဒီလို ဘယ်ဖြစ်ပါ့မလဲ။ မင်းက အိမ်ထောင်ရှင်ဆိုပေမယ့် အရမ်းငယ်ပြီး အရမ်းလှတယ်လေ၊ ကားတစ်စီးနဲ့ ထင်ရာလျှောက်မောင်းနေရင် အန္တရာယ်ရှိနိုင်တယ်ဗျ။ ကိုယ် ဘယ်လိုမှ စိတ်မချနိုင်ပါဘူး”

တကယ့်စိတ်ရင်းနဲ့ လှိုက်လှိုက်လှဲလှဲ ပြောလိုက်တဲ့ သူ့စကားကြောင့် သူမလေးက ခေါင်းလေးငုံ့သွားလေသည်။

“ကိုဝေဟင်က ဘယ်သွားမလို့လဲဟင်၊ ကျွန်မကို ခေါ်သွားလို့ မရဘူးလား”

မြသီတာဂူ ပြောမှပဲ သူ့ကိစ္စကို သူ အမှတ်ရမိတော့တာ။

“ဟာ… အခုမှပဲ သတိရတော့တယ်ဗျာ၊ ကိုယ်သွားရမယ့်ကိစ္စက အရမ်းအရေးကြီးတယ် မြသီတာဂူ၊ ပြည်ကိုသွားရမှာ”

“ကျွန်မကို ပြည်အထိပဲ ခေါ်သွားပေးပါရှင်၊ ပြီးတော့ ပိုက်ဆံနည်းနည်း ချေးထားခဲ့ပါ။ ကျွန်မမှာ ဘာမှပါမလာဘူး။ ကားကိုတော့ ဒီအတိုင်းပဲ ထားခဲ့လိုက်တော့မယ်”

အိမ်ထောင်ရှင် မိန်းကလေး တစ်ယောက်ကို ခေါ်မသွားဖို့ မသင့်လျော်ဘူးလို့ တွေးမိပေမဲ့ သူမလေးကို သူက

သိန်းမင်းစာပေ



နေရာမှာ မထားခဲ့ရက်နိုင်ပါ။

“ကိုဝေဟင် မကူညီနိုင်ရင်လဲ ရပါတယ်၊ ကျွန်မ နောက်ထပ်ကားတစ်စီးကို စောင့်တားပြီး အကူအညီ တောင်းလိုက်ပါ့မယ်”

“ဟာ… မဖြစ်ပါဘူးဗျာ၊ ခုထိတောင် ကားတစ်စီးမှ ဖြတ်မမောင်းသေးဘူး၊ တကယ်လို့ လူဆိုးလူညစ်ရဲ့ ကားကို တားမိရင်လဲအခက်၊ ကဲ… ကိုယ့်ကားပေါ်ပဲ တက်ပါ မြသီတာဂူ၊ စိတ်ချပါ ကိုယ် မင်းကို အစအဆုံး ကူညီပါ့မယ်၊ ကဲ… ကားပေါ်တက်”

သူမလေးက သူမလေးရဲ့ကားကို တံခါးတွေ အသေအချာ သော့ခတ်ပိတ်ပြီးတော့ သူ့ကားနောက်ခန်းမှာ ဝင်ထိုင်သည်။

ဝေဟင်ကျော်က သက်ပြင်းချပြီး အကြည့်လွှဲလိုက်ရပါတော့သည်။ သူ့ရင်ထဲမှာ လှိုင်းပြင်းပြင်းတွေ လှုပ်ခါနေတာ သူ့ဘာသာသူ အသိဆုံးပဲ ဖြစ်ပါသည်။

ဒါပေမဲ့ ယောက်ျားကောင်းဆိုတာ ကိုယ့်စိတ်ကို ကိုယ် ထိန်းချုပ်နိုင်စွမ်း ရှိရပါလိမ့်မည်။

သိန်းမင်းစာပေ

www.burmeseclassic.com



ဩော်...

မြသီတဂူရယ်...

ပိုင်ရှင်ရှိပြီးသား ပန်းပွင့်လှလှလေးရယ်လို့ သူက စိတ်ထဲ ကနေပဲ ညည်းတွားလိုက်မိပါတော့သည်။

* * *



# အခန်း (၄)

သီကို ကိုဝေဟင်ကျော်က ဘာသာညာညာတွေ မေးမြန်းစပ်စုမှာ စိုးရိမ်တာမို့ မျက်လုံးလေး အသာမှေးမှိတ်လျက် လက်ကရလေးကို ခပ်တင်းတင်းပိုက်လို့ သီက အိပ်ချင်ယောင်ဆောင်နေလိုက်မိသည်။

လူကသာ ငြိမ်သက်နေပေမဲ့ သီ့ အတွေးတွေကတော့ လွင့်ဝဲနေကြတော့တာ။ အခုထိ သီ လုပ်လိုက်တာတွေ အားလုံးဟာ အမှားတွေများလား။

ခုမှ တွေ့ဖူးတဲ့ သူစိမ်းယောကျ်ား တစ်ယောက်ရဲ့ ကားပေါ်မှာ လိုက်ပါလာခဲ့တာရော မှားများမှားသွားပြီလား ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်မှန်းမသိဘဲ သီက ကိုဝေဟင်ကို ယုံကြည်နေမိတာရော အရူးထတာများ ဖြစ်နေပြီလား။

ကိုဝေလဟင့် အနားမှာနေရတာကို သာယာပျော်ရွှင်နေတာကရော ဘာအဓိပ္ပာယ်များလဲကွယ်။

ကိုဝေဟင်ကတော့ သီကို ယှောက်ျားနဲ့ ရန်ဖြစ်ပြီး အိမ်က ဆင်းလာတဲ့ မိန်းကလေးလို တကယ်ယုံကြည်နေတဲ့ပုံပါ။ ပြည်ကိုရောက်ရင် သီကို ကိုဝေဟင်နဲ့ လမ်းခွဲပြီး နေကျန်ခဲ့ရတော့မှာလို့ တွေးမိတော့ ရင်ထဲမှာ လှိုက်ခနဲဖြစ်ပြန်သည်။

ဘုရားရေ…

သီ နှလုံးသားလွှေးကတော့ ၊ ပုံမှန်မဟုတ်တော့ဘူး ထင်ပါရဲ့ကွယ်။

အဲဒီအချိန်မှာပဲ ကားလေးက ညင်ညင်သာသာလေး ရပ်သွားတာမို့ မြသီတဂူက မျက်လုံးလေး မှေးယှက်လို့ ကားအပြင်ကို ခိုးကြည့်လိုက်ပါသည်။

မီးတွေ ထိန်ထိန်လင်းနေတဲ့ စားသောက်ဆိုင် တစ်ဆိုင်ရှေ့မှာ ကားရပ်လိုက်တာပါ။ သူမလေးက မိန်းကလေးတို့

သိန်းခင်စာပေ



မာယာနဲ့ အသာပဲ အိပ်ချင်ယောင် ဆက်ဆောင်နေလိုက်ပါသည်။

ကိုဝေဟင်က ကားအတွင်းမီးကို ဖွင့်လိုက်သည်။ ပြီးတော့ သီကို အကြာကြီးပဲ ငေးစိုက်ကြည့်နေပြန်သည်။ အိပ်ချင်ယောင် ဆောင်နေရင်းကပဲ သီ့ ရင်ခုန်သံတွေက ပရမ်းပတာ ဖြစ်လာကြရတော့တာ။

"ဟင်း…"

ကိုဝေဟင်က သက်ပြင်းချပြီး သီ့ကို နှိုးပါသည်။

"မြသီတဂူ"

"မြသီတဂူ"

အိပ်ချင်ယောင်ဆောင်သူကို အနှိုးရခက်တယ်ဆိုတဲ့ စကားအတိုင်းပါပဲ။ ချက်ချင်းကြီး နိုးလာလိုက်ရမှာ လီပိပြာမလုံတာမို့ မြသီတဂူက ချက်ချင်းမနိုးဘဲ နေမိတော့တာ။

"မြသီတဂူ"

အသက်မှန်မှန်လေးရှူပြီး အိပ်မောကျနေတဲ့ သူမလေးရဲ့ ပုံရိပ်လေးက သူ့ကို ဖမ်းစားနေလေပြီ။

"ကလေးရယ်"

သိန်းခင်စာပေ

www.burmeseclassic.com



နဖတ်နေတဲ့ မျက်နှာလှလှလေးကို ငေးကြည့်ရင်း သူ့စိတ်တွေက လွတ်ထွက်ချင်နေရပါပြီ။

ဒါ အိမ်ထောင်ရှင်မလေးတဲ့လားဗျာ။

မယုံနိုင်စရာ ကောင်းလောက်အောင် ဖြူစင်လှပနေ လိုက်တာ။ မြသီတာပူရယ် မင်းကို ပိုင်ဆိုင်ထားတဲ့ မင်းရဲ့ ယောကျ်ားကို ကိုယ် မနာလိုဘူးဗျာ။

ဝင်းနှစ်နူးညံ့နေတဲ့ ဆင်စွယ် လက်မောင်းကလေးကို အသာအယာလေး ထိကိုင်ပြီး သူမလေးကို နိုးလိုက်တဲ့ အချိန်မှာပဲ သူမလေးရဲ့ အထိအတွေ့ကြောင့် သူ့ကိုယ်ထဲမှာ လျှပ်စစ်ဓာတ်တွေ ဖြတ်သန်းသွားသလို ခံစားလိုက်ရပါ တော့သည်။

"မြသီတာပူ"

ထိန်းချုပ်နေတဲ့ ကြားထဲကပဲ သူ့အသံတွေက တုန်ယင် လှိုက်ဖိုသွားကြတော့တာ။

"အို..."

ထူးဆန်းစွာ ညှို့ငင်လိုက်တဲ့ အထိအတွေ့ကြောင့် သီကလည်း ရင်ထဲမှာ လှိုက်ဖိုမောသွားရတော့တာ။





"အို..."

ကိုဝေဟင့် လက်ချောင်းကလေးတွေနဲ့ ထိတွေ့လိုက်တဲ့ နေရာကလေးက ပူနွေးရှိန်းပြပြီး အဲဒီနေရာက အနွေးဓာတ် တွေက သီ့ နှလုံးသားရှလေးထဲကို စီးဝင်လာကြတော့တာ။

နှလုံးသားထဲရောက်တော့ နှလုံးသွေးတွေနဲ့အတူကူ သီ့ ခန္ဓာကိုယ် တစ်ခုလုံးဆီကို ဖြန့်ကြက်သွားကြတော့တာ။

ဘုရားရေ...

ထူးဆန်းလိုက်တာနော်။ ဒါဟာ အချစ်စစ်ပဲလား။ သီ့ရဲ့ ရင်ခုန်သံတွေက မြန်ဆန်လွန်းနေတော့တာ။

"မြသီတာပူ"

"ဟင်... ရောက်ပြီလား၊ သီ အိပ်ပျော်သွားလိုက်တာ"

အခုမှ နိုးလာတဲ့ဟန်ပန်နဲ့ သီက မျက်လုံးလေးဖွင့်ပြီး ကိုယ်သိနေဟန်ကို ပြန်ပြင်လိုက်တော့ စောစောက သီနဲ့ နီးနီး လေးမှာနေနေတဲ့ ကိုဝေဟင်က သီနဲ့ ခပ်ဝေးဝေးမှာ ပြန်နေပြီး သီ့ကိုလည်း မကြည့်တော့ပါ။

အဟင့်... သီမှာ ယောကျ်ားရှိတယ်ဆိုပြီးတော့ ရှောင် ထိန်းနေတာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပါပဲကွယ်...

အစကတည်းက မရှင်းပြခဲ့ပဲနဲ့လည်း အခုမှ သီဟာ အပျိုစင်ပါလို့ ရှင်းပြရမှာလည်း ရှက်စရာကြီးနော်

သီက ကိုယ့်အတွေးကို ကိုယ်ပြန်ရှက်လို့ ခေါင်းကလေး ငုံ့သွားရလေတော့သည်။

"ပြည်ကို မရောက်သေးပါဘူး မြသီတာရ၊ တစ်ခုခုစားပြီး ခဏလောက် အညောင်းအညာ ဖြေရအောင် နားရတာပါ"

"အဟင့်... သီလဲ ရေငတ်နေတာနဲ့ အဲတော်ပဲ"

သွားစို့ဗျာ"

ကားပေါ်က ဆင်းလိုက်ပြီးမှ သီက ကိုယ်ဝတ်ထားတဲ့ အဝတ်အစားကို သတိပြန်ယားမိပြီး တွန့်ဆုတ်သွားရပါတော့သည်။

သီ ဝတ်ထားတာက ညဝတ်အင်္ကျီနဲ့ မဟုတ်လား။ လည်ပင်းတိုက်ဟိုက် လက်ပြတ်ပြတ်နဲ့ သပြေသီးမည်ရောင် ညဝတ်အင်္ကျီကြောင့် သီ အသားဝါဝင်းနုစိုကလေးက ပိုမိုပေါ်လွင်ထင်ရှားနေတာမို့ ပုရိသ မျက်စိကျစရာပါ။

လာခလေ မြသီတာရ





ကိုဝေယောင်က လှည့်ကြည့်ပြီး ခေါ်သည်။

"ဟိုး... သီ... သီ အဝတ်အစားနဲ့ မီးအလင်းထဲ မသွားချင်တော့ပါဘူးရှင့်၊ သီ ကားပေါ်ကပဲ စောင့်နေတော့မယ်နော်"

သူမလေးပြောမှပဲ သူ့ရင်ထဲမှာ ပိုလှုပ်ရှားရပါတော့သည်။

"အဲ... ဒါဆို ကိုယ့် ရှပ်အင်္ကျီ အပေါ်က ထပ်ဝတ်လိုက်လေ"

"ဟင်... ကိုဝေယောင်ကရော"

"အောက်မှာ တီရှပ်ဝတ်ထားသေးတယ်၊ ရော့ ဝတ်လိုက်ပါ သီ၊ အားမနာပါနဲ့ဗျာ"

သူက သူမလေးကို သီလို့ပဲ တရင်းတနှီး ခေါ်လိုက်မိသည်။

ဆံပင်ကလေးတွေ ဖရိုဖရဲနဲ့ ကပိုကရိုလေး ဖြစ်နေတာတောင် စက်စက်ယိုအောင် လှရှာလွန်းသူလေးကို သူ့မှာ ဆန္ဒရှိတဲ့အတိုင်း မကြည့်ရဲပါ။ တော်ကြာ သူ့စိတ်တွေ မထိန်းနိုင်ဘဲ မကျော်သင့်တဲ့စည်းကို ကျော်မိသွားမှာ စိုးရိမ်

www.burmeseclassic.com



လို့ပဲ ဖြစ်သည်။

သူမလေးက ကာမပိုင်လင်ယောကျ်ားရှိတဲ့ မိန်းကလေး လေး။

"ဟင်း..."

သက်ပြင်းခိုးချပြီး ဝေဟင်ကျော်က သူဝတ်ထားတဲ့ ကြက်ဥနှစ်ရောင် ရှပ်အင်္ကျီလက်တိုလေးကို ချွတ်ပြီး သူမလေး ကို လှမ်းပေးလိုက်ပါတော့သည်။

သီက ကိုဝေဟင်ပေးတဲ့ အင်္ကျီကို ထပ်ဝတ်ရင်း ပရော် ပတာ ရင်ခုန်စိတ်လှုပ်ရှားသွားရတော့သည်။

နွေးထွေးတဲ့ အငွေ့ရယ်၊ အင်္ကျီထဲမှာ ကပ်ငြိပါလာတဲ့ ဆွဲငင်အား ပြင်းထန်လွန်းတဲ့ ကိုယ်သင်းရနံ့ ချိုအီအီရယ် ကြောင့် သီ့ ခန္ဓာကိုယ်လေးက လေဟုန်စီးနေရသလို ဖြစ်သွား ရတော့သည်။

ကိုဝေဟင်ရယ်...

သီ့ကို အချစ်စိတ်ငွေ့က ဖမ်းစားချည်နှောင်ထားမိပြီ ထင်ပါရဲ့ရှင့်။

"အဟွန်း... ခုမှပဲ ပိုလှသွားတယ်ဗျာ၊ နေဦး ကိုယ့်မှာ





ဘီးရှိတယ်၊ ဆံပင်နည်းနည်း ဖြီးလိုက်ပါလား"

ကိုဝေဟင်နဲ့ အတူတွဲပြီး ဆိုင်ထဲဝင်လာတော့ အထဲမှာ ရှိနေသူတွေ အားလုံးက စိတ်ဝင်တစားနဲ့ ဝိုင်းကြည့်ကြသလို တီးတိုးတီးတိုးလည်း ဝေဖန်နေကြပါသေးသည်။

"ဟာ... အရမ်းလိုက်ဖက်တဲ့ စုံတွဲကွာ"

"ဟုတ်တယ်၊ နှစ်ယောက်စလုံး ချောတာပဲ"

"ကြည့်ရတာ အခုမှ ခိုးပြေးလာကြတဲ့ ကြင်စဦးပုံစံ"

တီးတိုးပြောနေတာ ဖြစ်ပေမယ့် အသေအချာ ကြားနေ ရတာမို့ သီ့မှာ ရှက်သွေးလေး ဖြာနေရတော့တာ။

ကိုဝေဟင့်ကိုလည်း သီ မကြည့်ရဲတော့ပါ။ တကယ်ပဲ ခုမှ ခိုးပြေးလာတဲ့ ချစ်သူစုံတွဲတွေဆိုရင်လည်း အရမ်းကောင်း မှာပဲလို့ စိတ်လှုပ်ရှားပြီး တွေးမိတွေးရာတွေကို သီက တွေးနေမိ ပြန်တာ။ တွေးပြီးတော့လည်း သီ့ဘာသာ သူ ရှက်ရွံ့ရပြန်သေး သည်။

"လာထိုင် သီ"

"ဟုတ်ကဲ့"

"စားချင်တာမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း သီ အရည်ပဲ သောက်ချင်တယ်"

"ဒီဆိုင်က နွားနို့အရမ်းကောင်းတာ သီ၊ သီ နွားနို့ကြိ ကလားဗျာ"

"ဟုတ်ကဲ့"

ကိုဝေဟောင်က နွားနို့နှစ်ခွက် မှာလိုက်သည်။ သီ့မှာတော့ ကို့ဝေဟောင်နဲ့ နီးနီးကပ်ကပ်နေရလေ ရင်ခုန်ရလေလေနဲ့ သီ့မှာ ရင်ခုန်သံတွေက မရပ်နိုင်တော့ပါ။

အငွေ့တထောင်းထောင်း ထနေတဲ့ နွားနို့ဖန်ခွက်ကြီ ရောက်လာတော့ ကိုဝေဟောင်က သီ့ နွားနို့တွေကို အေးအော မှုတ်ပေးနေပြန်တာ။

"အိပ်ပျော်သွားတော့ နည်းနည်း စိတ်သက်သာသွားမှ ပေါ့လေ။ အခုလောက်ဆို မင်း ယောကျ်ားကတော့ အရမ် စိတ်ပူနေမှာပဲဗျာ"

"အို... ကျွန်မမှာ ယောကျ်ား မရှိပါဘူး"

သီက ခပ်ဆတ်ဆတ်လေး ပြန်ပြောမိသွားတာပါ တကယ်ဆို ကိုဝေဟောင် အထင်မှားနေတဲ့ကိစ္စကို ရှင်းပြဖို့ပါပဲ ဒါပေမဲ့ သီ ဘာမှမပြောရသေးခင်မှာ ကိုဝေဟောင်ကပဲ ထင



သိန်းမင်းစာပေ



ာတွေ ပြောနေတော့တာမို့ သီက နှုတ်ခမ်းလေးကို ကိုက်လို့ ငြိမ်နေလိုက်ရတော့သည်။

"လင်နဲ့မယား လျှာနဲ့သွားဆိုတဲ့ စကားရှိတာပဲ သီရယ်၊ ိတ်ဆိုးရင်လဲ ခဏပေါ့ဗျာ၊ မင်းက လက်ထပ်လက်စွပ်ကို ျောက်အောင် လုပ်လိုက်တာကို မင်းယောကျ်ားက စိတ်ဆိုး ာကလဲ အချစ်ကြောင့်ပဲ ဖြစ်မှာပါ။ သူက အရမ်း အလေး ာနက်ထားလွန်းပြီး၊ မင်းက ပေါ့ဆလွန်းတယ်လို့ ထင်တာ ကြောင့် ရန်ဖြစ်ကြတာပဲ ဖြစ်မှာပါဗျာ"

သီက စိတ်တိုတိုနဲ့ မှုန်ကုတ်ပြီး ထိုင်နေလိုက်ပါသည်။ ကားလည်း တစ်ခွန်းမှ ပြန်မပြောဘဲ နေလိုက်သည်။

ဟုတ်တယ်၊ ထင်ရာတွေချည်းပဲ လျှောက်ပြောနေတာ သီ စိတ်ဆိုးချင်လာပါပြီ။ သီ့အရွယ် သီ့ ပုံစံလေးကိုမှ ားမနာ မင်းယောကျ်ား မင်းတို့ယောကျ်ားဆိုတဲ့ စကားလုံး တွေနဲ့ ပြောနေဖော ဘယ်လောက်စိတ်ဆိုးစရာ ကောင်းထား သလဲနော်။ ဒီလောက်တောင်ပဲ လူကဲခတ် ညံ့ရသလား။ ိစ်ကို ကြည့်လိုက်တော့ဖြင့် လူလည်ပုံစံနဲ့ပါ။

"မင်း လက်ထပ်ပြီးတာ ဘယ်လောက်ရှိသွားပြီလဲ

သိန်းမင်းစာပေ

www.burmeseclassic.com



သီ"

"မသိဘူး"

"ဟောဗျာ၊ ဟိုတစ်ယောက်ကို စိတ်ဆိုးတာနဲ့ပဲ ကိုယ့်ကို ရန်ရှာနေပြန်ပါပြီ အဟွန်း... ဟွန်း၊ မင်း အမျိုးသားက ဘာလုပ်လဲ၊ မင်းနဲ့ အရွယ်တူပဲလား"

"ကျွန်မ ဘာမှမပြောချင်ဘူး ကိုဝေဟောင်၊ ကျေးဇူးပြုပြီး ကျွန်မကို ဘာမှမမေးပါနဲ့ရှင်"

"ဆောရီးဗျာ၊ သီ မပြောချင်ရင် ကိုယ် မမေးတော့ပါ ဘူး။ ကဲ... နွားနို့သောက်လိုက် သီ၊ နွေးနွေးလေးသောက်ရင် အရသာရှိတယ် သောက်လိုက်"

ကြည့်ပါဦး။

သီက တစ်လွဲတွေချည်းမဲ့ ပြောနေတဲ့ သူ့ကိုစိတ်ဆိုးလို့ ဘုပြောဖြစ်တာတောင် မရိပ်မိနိုင်ဘဲ ကရုဏာအကြည့်နဲ့ ကြည့်နေသေးတာ။

သီက နွားနို့တစ်ခွက်လုံး ကုန်အောင် မော့သောက်ပစ် လိုက်တော့တာ။ သီ စိတ်ထဲမှာ မကျေမနပ်ဖြစ်နေရတာ ဘာ ကြောင့်များလဲကွယ်။





ကိုဝေဟောင်ရယ်...

သီ့မှာ အိမ်ထောင်မပြောနဲ့၊ ချစ်သူတောင် မရှိပါဘူးရှင်။ သီ ရင်ခုန်ဖူးတာလည်း ကိုဝေဟောင်ကို တွေ့မှပါရှင်။

မြသီတဂူက ခေါင်းကလေး ငုံ့ထားရင်း စိတ်ထဲကနေပဲ ပြောနေမိတော့တာ။

ဝေဟောင်ကျော်ကတော့ စိတ်မကောင်း ဖြစ်နေတဲ့ အိမ်ပြေး မလေးကိုကြည့်ပြီး သနားနေမိပါသည်။

အင်းလေ...

သူမလေး သူ့ယောကျ်ားကို သတိရနေတာ ဖြစ်မှာပါလို့ ဝေဟောင်က တွေးနေမိသည်။ သူ စပ်စုလိုက်မိမှပဲ သူမလေးရဲ့ မျက်နှာလေးက ပိုပျက်သွားရတာပါ။ သူ ဆွပေးမှပဲ အိမ်ကို ပိုတမ်းတသွားပြီ ထင်ပါရဲ့လေ။

သူက အံတတ်နိုင်ဆုံး တိတ်တိတ်ဆိတ်ဆိတ်လေးပဲ နေပေးဖို့ ဆုံးဖြတ်လိုက်မိပါသည်။ သူမလေး ခံစားကြေကွဲနေရ တာကို စာနာထောက်ထားတဲ့ အနေနဲ့ပါ။

မြသီတဂူရယ်...

နောက်ကျမှ တွေ့ရတဲ့အတွက် ကိုယ် တစ်သက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ခံစားနေရတော့မှာပါ ကလေးရယ်။

သူက သက်ပြင်းကိုပဲ ထပ်ကာထပ်ကာ ချမိပါတော့သည်။

* * *



## အခန်း (၁၀)

အဲဒီအချိန်မှာ သမီးအတွက် စိတ်ပူရလွန်းပြီး လမ်းနံ
ဘေးမှာ ကားကိုရပ်လို့ ငိုကြွေးနေသူကတော့ ဒေါ်စကားဝါပါ။

စိတ်ပူပြီးတော့သာ ရန်ကုန်မြို့ထဲကို ကားမောင်းပြီး
လိုက်ရသည်။ တကယ်တော့ သမီးရဲ့ကားကို ရှာတွေ့ဖို့က
ခွယ်မှာတဲ့လား။

ချစ်ခင်ပွန်းက တွာရှင်းပြတ်စဲကြပါစို့လို့ ပြောတဲ့စကား
ကြောင့် စိတ်ထိခိုက် ကြေကွဲရတာရော၊ သမီးအတွက် စိတ်
ပူပန်ရတာရော၊ အိမ်နီးနားချင်း ကောင်လေးနဲ့ ချစ်ခင်ပွန်းက
သူမကို မယုံသင်္ကာဟန် ပြောဆိုနေတာကြောင့် စိတ်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ် ရတာရော၊ အားလုံး ရောမွှေလိုက်တော့ ခံစားချက်တွေက ပြင်းထန်သွားရတော့သည်။

ဒါကြောင့်ပဲ ဒေါ်စကားဝါက လမ်းနံဘေးမှာ ကားရပ် လိုက်ပြီး ကားစတီယာတိုင်ပေါ် မျက်နှာမှောက်လို့ ရှိုက်ကြီး တငင် ငိုကြွေးနေမိတော့ရသည်။

"ဟာ..."

သည်းသည်းထန်ထန် ငိုကြွေးနေတဲ့ ဇနီးသည်ကိုကြည့် ပြီး ဦးကျော်ထွန်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရတော့ သည်။

"ဝါ အရမ်းကြီး စိတ်မပူပါနဲ့ဗျာ၊ သမီးက ကလေးသေး သေးလေး မဟုတ်တော့ပါဘူး၊ သူ့ကိုယ်သူ ထိန်းကျောင်း နိုင်နေတဲ့ အရွယ်ပါ"

"အို... မိန်းကလေး တစ်ယောက်တည်း အချိန်မတော် ကြီး ကားတွေ ဘာတွေပျက်ကုန်နေရင် ဘယ်လိုလုပ်မလဲ၊ ကျွန်မက စိတ်မပူဘဲ ဘယ်လိုလုပ်နေရမှာလဲ"

"မဟုတ်ဘူးလေ ဝါ၊ ဝါ စိတ်ပူပြီး ငိုနေရင် ဝါ ပင်ပန်းမှာပေါ့ဗျာ၊ ကိုယ် ထင်တယ်၊ သမီး အဝေးကြီးကို





သွားမှာ မဟုတ်ပါဘူး။ အိမ်ကပဲ ပြန်စောင့်ရအောင်ဗျာနော်"

"အို... မပြန်ဘူး၊ ရှင် ပြန်ချင်ရင် ကားငှားပြီးပြန်၊ ကျွန်မကတော့ သမီးကို တွေ့အောင်ရှာရမှာပဲ"

ဝါက ပိုငိုရှိုက်ပြီး ပြောနေတာပါ။

ချစ်ဇနီးကို ထွေးပွေ့ပိုက်ထွေးပြီး ချော့မှမော့နှစ်သိမ့်ချင် ပေမယ့် ကွာရှင်းဖို့ ပြောဆိုထားပြီးသား အခြေအနေမို့ ဦးကျော်ထွန်းက တွန့်ဆုတ်နေရတော့တာ။

"ကျွန်မဘဝမှာ ဒီသမီးပဲ ရှိတော့တာ၊ ဒီသမီးသာ တစ်ခု ခု ဖြစ်သွားရင် ကျွန်မဘဝလဲ သေဆုံးသွားမှာ အမှန်ပဲ။ သမီးမရှိလို့ မဖြစ်ပါဘူးရှင် အဟင့်... ဟင့်"

ဦးကျော်ထွန်းရဲ့ ရင်ထဲမှာ ဆို့နင့်ကြေကွဲ သွားရတော့ သည်။

အရမ်းချစ်ခဲ့သလို ခုထိလည်း ချစ်နေဆဲဖြစ်တဲ့ ချစ်ဇနီး ရဲ့ မျက်ရည်တွေကို သူ ဘယ်လိုမှ မကြည့်ရက်နိုင်တော့။

ဝါရယ်...

မောင့်ရင်ထဲမှာ မချိပါဘူးဗျာ...

ဝါ ပျော်ရွှင်နေတာကိုပဲ မောင်က မြင်ချင်တာပါ၊



www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့ဝါ ဝိဝ်ချမ်းသာ ပျော်ရွှင်ဖို့အတွက်ပဲ မောင်က လွတ်လပ်ခွင့်ပေးဖို့ ဆုံးဖြတ်ရတာပါ။

စိတ်ထဲကပြောရင် ချစ်ဇနီးကို ကြင်နာစွာ ငေးစိုက်ကြည့်နေမိသည်။

ကျောပြင်လေးက တသိမ့်သိမ့်တုန်လို့ သူမ ငိုတာကို ဒီတစ်ခါနဲ့မှ နှစ်ကြိမ်နှစ်ခါပဲ တွေ့မြင်ဖူးတာ ဖြစ်သည်။

သူ့ချစ်ဇနီးက မာနလည်းကြီး၊ အသည်းကလည်းမာ၊ ထက်မြက်တဲ့ နေရာမှာလည်း တော်ရုံယောက်ျားကိုတော့ အသာလေး ကျော်တက်သွားနိုင်တဲ့သူပါ။

သူမရဲ့ဘဝမှာ အလျှော့ပေးတယ်၊ အရှုံးပေးတယ်ဆိုတာ ကြားမှမကြားဖူးခဲ့တာ။ ငိုဖို့ဆိုတာတော့ အဝေးကြီး။

ချော့မော့လှပသလောက် ထက်မြက်မာကျောတဲ့ ဒီမိန်းမက သူချစ်လည်းချစ်၊ အထင်လည်း ကြီးခဲ့ရတာပါ။

တွေးရင် ဒေါ်စကားဝါကို ချစ်လွန်းလို့ အရယူခဲ့တဲ့ အဖြစ်အပျက်တွေကို ဦးကျော်ထွင့်က တမ်းတမ်းမက်မက်နဲ့ ပြန်တွေးမိပါတော့သည်။

လွန်ခဲ့သော ဆယ်ကိုးနှစ်လောက်ကပေါ့။ ရည်းစားများ





ခဲ့တဲ့ ကျော်ထွင့်ဆိုတဲ့ လူချောကလေးနဲ့ ချမ်းသာတဲ့ အသိုင်းအဝိုင်းထဲက မာနကြီးကြီး ချောချောလှလှ စကားဝါတို့ ချစ်သူတွေ ဖြစ်ခဲ့ကြပါသည်။

ကျော်ထွင့်က စကားဝါ့ကိုတွေ့မှ အချစ်စစ်စစ်ကို သိခဲ့ရတဲ့သူပါ။ တခြား ရည်းစားတွေ အားလုံးကိုဖြတ်ပြီး စကားဝါ့ကို တွဲခဲ့ပါသည်။ စကားဝါ့ကို အရမ်းချစ်မိပေမဲ့ စကားဝါအနေနဲ့ သူ့ကို လက်ထပ်လိမ့်မယ်လို့တော့ မယုံနိုင်ပါ။ သူကလည်း သူမလေးကို တကယ်ချစ်ခဲ့တာပါ။ သူမလေးကို ပိုင်ဆိုင်ချင်ခဲ့တာပါ။

ဒါနဲ့ပဲ ချစ်လွန်းလို့ ချစ်သူကို အရယူဖို့ သူဉာဏ်များမိခဲ့ပါတော့သည်။

အတွေးတွေက အတိတ်ကို အလျင်မြန် ပြေးလွှားသွားကြပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

အဲ့ဒီနေ့က မိုးတွေ အရမ်းရွာခဲ့ပါသည်။ မနက်ပိုင်းတုန်းက မိုးမရွာဘဲ ချစ်သူနဲ့တွေ့တဲ့ အချိန်ကျမှ မိုးက သဲသဲမဲမဲကြီး ရွာချခဲ့တာပါ။

အစက မြို့ပြင်ဘက်မှာ ကားလျှောက်စီးဖို့ ရည်ရွယ်ချက်နဲ့ ဖြစ်သည်။ ကားစီးရင်း ချစ်သူလေးကို အချိန်လွန်အောင် ဆွဲထားလိုက်မည်။ အိမ်ပြန်နောက်ကျလို့ မပြန်ရဲဘူးဆိုရင် ခိုးပြေးမှည်လို့ သူက တွက်ထားတာပါ။

"ဝါ"

"အင့်ဟင်း"





"ဒီနေ့ ဝါ အရမ်းလှတာပဲဗျာ၊ ဝါ့ အသားလေးတွေက ဝင်းနှစ်နေတာပဲ"

အင်္ကျီလက်ပြတ်လေး ဝတ်ထားတဲ့ ချစ်သူလေးရဲ့ လက်မောင်း ဝါးဝင်းနှစ်လေးကို သူက သာသာဖွဖွ နမ်းလိုက်မိသည်။

ရင်ထဲမှာလည်း အချစ်စိတ်တွေ ထကြွအုံကြွနေတာမို့ သူ့ရင်ခုန်သံတွေက ပရမ်းပတာပါ။ သူ့အနမ်းကြောင့် ချစ်သူလေးက ရှက်သွေးလေးဖြာလို့ ခေါင်းငုံ့သွားချိန်မှာပဲ မိုးစရွာခဲ့တာပါ။

"ဟယ်... မိုးရွာပြီ မောင်ရေ"

အရေးကောင်းတုန်း ဖျက်တဲ့မိုးကို သူက စိတ်ဆိုးသွားမိတော့သည်။ ကားလျှောက်စီးဖို့ အစီအစဉ်ကို ဘယ်လိုပြောင်းတော့မှာတဲ့လဲ။

"ဟာကွာ တော်တော်ဆိုးတဲ့ မိုးပဲ"

"အဟင့် မိုးရာသီမှာ မိုးရွာတာ ဘာများဆန်းလို့လဲ မောင်ရယ်၊ ခဏလေး ကျွန်မ ကားထဲမှာ ထိုင်ပြီး ထိုင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ ချစ်သူတွေ ဖြစ်နေပေမဲ့ ဆိတ်ကွယ်ရာမှာ ဘယ် တော့မှ နှစ်ယောက်တည်း နေလေ့မရှိတဲ့ ချစ်သူ ဝါက အ လည်း မိုးရွာနေတာတောင် ကားထဲမှာ ဝင်ထိုင်ဖို့ မပြေ ပါ”

ချစ်သူလေးက သူနမ်းရင်လည်း နက်ရှိုင်းတဲ့ အနမ်းတွေ ခွင့်မပြုတတ်။ ပါးပြင်လေးတွေ နဖူးတွေ ဆံပင်လေးတွေကို ပေးနမ်းတတ်ပါသည်။

မောင့်ကို ကျွန်မ အရမ်းချစ်ပါတယ်လို့ ပြောတတ်ပေ တားမြစ် ကန့်သတ်မှုတွေကတော့ အရမ်းများနေတော့တာ

ဒါကြောင့်ပဲ ဝါ့အချစ်ကို သူက မယုံနိုင်ဘဲ မရှိလို့သာ ဒီလောက် စောင့်စည်းနိုင်းထားတာလို့ သူက တွေးမိသည်

ချစ်သူကို ရယူပိုင်ဆိုင်ဖို့ပဲ သူက စဉ်းစားထားတဲ့သူပ စွန့်လွှတ်တဲ့အချစ်တို့၊ အနမ်းတို့ဆိုတာ သူ့မှာမရှိ။

ဝါ့ကို သူချစ်သည်။

ပိုင်ဆိုင်ချင်သည်။

တစ်သက်လုံး အတူနေချင်သည်။

ဒီတော့...





ဘယ်နည်းနဲ့မဆို ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားမည်။

ဒါ... သူ့ရဲ့ ဒဿနပဲ ဖြစ်သည်။

ချစ်သူလေးက ပြေးလေ သူက အမိဖမ်းချင်မိလေလေ...

အခုလည်း မိုးရွာနေတာတောင် ကားထဲမှာ နှစ်ယောက် ထိုင်ဖို့မရဲတဲ့ ချစ်သူလေးရဲ့ လုပ်ရပ်ကို သူက အသည်းယား ားရတော့သည်။

ဒါကြောင့်ပဲ ကားထဲမှာ ထီးယူဖို့သွားတဲ့ သူမလေးရဲ့ ာက်ကို တိတ်တိတ်လေး လိုက်လာခဲ့မိတော့တာ။

ဝါက ကားတံခါးဖွင့်ပြီး ကားထဲမှာ ဝင်ထိုင်လို့ ထီး ရှာဖွေနေတဲ့ အချိန်မှာပဲ သူကလည်း ကားထဲမှာ ဝင်ထိုင် ကားတံခါးကို ပိတ်ပစ်လိုက်မိတော့တာ။

“အို... ဘာဘာလုပ်တာလဲ မောင်”

ချစ်သူလေးက အထိတ်တလန့် ဖြစ်နေတဲ့ မျက်လုံးဝိုင်း လေးနဲ့ အလန့်တကြားလေး မေးလိုက်တာပါ။

“အဟွန်း... ဟွန်း ထီးဆောင်းပြီး အပြင်မှာထိုင်ရင် ရေတွေ စိုကုန်မှာပေါ့ ဝါရယ်၊ လုံလုံခြုံခြုံ ကားထဲမှာထိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စကားပြောရအောင်ဗျာနော်”

“ဟင်… အပြင်မှာဘဲ ထိုင်ရအောင် မောင်ရယ်”

“ကားထဲမှာပဲ ထိုင်မယ်ဗျာ၊ မိုးမိပြီး ဝါ ဖျားနေပါ့မယ်”

“ရပါတယ် မောင်ရဲ့၊ ကျွန်မက ဒီလောက်မနုပါဘူး နော်၊ ကျွန်မက မိုးရွာထဲမှာ နေချင်လို့ပါ”

ချစ်သူလေးက မျက်နှာပျက်ပြီး ကားပေါ်က ဆင်းဖို့ပဲ ကြိုးစားနေတော့တာ။

သူကလည်း ချစ်သူကို ကားပေါ်က ဆင်းခွင့်မပေးဘဲ အတင်းဖက်ထားလိုက်မိသည်။

“အို…”

ချစ်သူကိုယ်လေးက တဆတ်ဆတ် တုန်လို့ပါ။

“ဝါရယ် မောင့်ကို ကြောက်နေတာလားဗျာ၊ ချစ်သူချင်း ဒီလောက်တောင် မလိုပါဘူး အချစ်ရယ် အဟွန်း… ဟွန်း”

“ကျွန်မ… ကျွန်မကို လွှတ်ပါ မောင်၊ အဲ့ဒီလိုလုပ်တာ ကျွန်မ မကြိုက်ဘူး”

“မလွှတ်ဘူးဗျာ၊ မောင့် အရမ်းချစ်တယ်”

“ကျွန်မလဲ မောင့်ကိုချစ်တာပါပဲ၊ ဒါပေမဲ့ ဒီ…





ဒီလိုမျိုး ကြီးတော့ ကျွန်မ မကြိုက်ဘူး”

ပြောရင်းဆိုရင်းပဲ ချစ်သူလေးက သူ့ရင်ခွင်ထဲကနေ ရုန်းထွက်တော့တာ။

အပြင်ဘက်မှာ မိုးကလည်း ပိုသည်းတန်လာသလို သူ့ရင်ထဲက အချစ်တွေကလည်း အင်အားပိုကြီးထွား လာကြတော့တာ။

ချစ်သူလေးက သူ့ကို စိတ်ဆိုးပြီး လွှတ်ပေးဖို့ပြောသည်။

တောင်းပန်ပြီးလည်း ပြောသည်။ သူမလေး ဘယ်လိုပဲ ပြောပြော အချစ်ဒီဂရီတွေ မြင့်တက်နေတဲ့ သူက ချစ်သူကို အလျှော့မပေးဖို့ လုံးဝ မစဉ်းစားမိဘဲ တင်းတင်းကျပ်ကျပ် ဖက်တွယ်ထားမိတော့သည်။ စပါးကြီးမြွေ ပတ်ထားသလိုမျိုး ရစ်ပတ်ထားတဲ့ သူ့လက်မောင်းတွေ ကြားထဲကနေ ဝါက လွတ်အောင် ရုန်းမထွက်နိုင်ခဲ့ပါ။

အင်းလျားကန်စောင်းကလည်း မိုးရွာထဲမှာ တိတ်ဆိတ်နေလေသည်။ မိုးသံကလွဲပြီး ပတ်ဝန်းကျင်မှာ ဘာမှ မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဝါရယ် မောင့်အချစ်ရယ်၊ အရမ်းချစ်တာပဲဗျာ၊ မောင် ဝါ့ကို လက်လွှတ်ဆုံးရှုံးရမှာ အရမ်းကြောက်မိတယ်ဗျာ"

"ကျွန်မကို လွှတ်ပါမောင်၊ မောင် ကျွန်မကို လက်လွှတ်ဆုံးရှုံးစရာ မလိုပါဘူးကွယ်နော်၊ ကျွန်မကို လွှတ်ါ"

ချစ်သူလေးက ပြောဆိုတောင်းပန်နေတာကို အရေးမစိုက်တော့ဘဲ သူက သူမလေးရဲ့ လှပကြော့ရှင်းတဲ့ ခန္ဓာကိုယ်လေးကို အတင်းပွေ့ဖက်လို့ ရင်ခွင်ထဲမှာထည့်ထားပြီး အပြင်မှာ မိုးရွာနေတဲ့ မိုးတွေနဲ့အပြိုင် သူမလေးဆီ အနမ်းမိုးတွေ ရွာကျလိုက် မိတော့သည်။

အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်းပဲလို့ ဆုံးဖြတ်ယုံကြည်ထားတဲ့သူက ချစ်ရသူလေးဆီက အချစ်ပန်းကလေးကိုရအောင် နူးယူနမ်းရှိုက် ပစ်လိုက်ပါတော့သည်။

"အဟင့်… ဟင့်"

ချစ်ရသူလေးက ဝမ်းနည်းကြေကွဲစွာနဲ့ ရှိုက်ကြီးတငင်ငိုနေချိန်မှာ အပြင်ဘက်မှာလည်း မိုးက အသည်းအမည်းရွာနေတော့တာ။





"ဝါရယ် ချစ်လွန်းလို့ပါဗျာ၊ မောင့်ကို ခွင့်လွှတ်ပါနော်၊ မောင် ဝါ့ကို လက်လွှတ်ဆုံးရှုံးရမှာ ကြောက်လွန်းလို့ပါဗျာ"

"အဟင့်… ဟင့်… ဟင့်"

သူချော့ပေမဲ့ ချစ်သူလေးက အငိုမရပ်ပါ၊ ပိုတိုးပြီး ငိုနေတော့တာ။

"ဝါရယ် မောင့်ကို မကျေနပ်ရင် အချစ်ကြိုက်တဲ့ အပြစ်ပေးပါဗျာ၊ မောင် ကျေကျေနပ်နပ် ခံယူပါမယ်"

"………"

ချစ်သူက ဝမ်းနည်းစွာပဲ ငိုရှိုက်နေတော့တာ။ သူ့ရင်ထဲမှာလည်း မကောင်းနိုင်တော့ပါ။ ဝါ ဒီလောက် စိတ်ထိခိုက်ခံစားနေတာကို ကြည့်ရင် သူ့ကို လက်ထပ်ဖို့အထိ ရည်ရွယ်ပြီး ချစ်တာမဟုတ်ဘူးလို့ အဖြေက ထွက်နေတာမို့ ခံစားရပါသည်။

ဒီတော့ သူက ချစ်သူလေးကို မချော့မော့တော့ဘဲ အားရ စိတ်ကျေနပ်အောင် ပေးငိုထားလိုက်ပါတော့သည်။

သူ့ရင်ခွင်မှာ မှိန္နဲ့ရင်း ချစ်သူလေးက မောဟိုက်မှင်ပန်း



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့အထိ ငိုနေတော့တာ။ ရှိုက်သံတွေ တိုးဖျော့သွားတော
သူမလေးက သူ့ကို စကားလုံးတွေနဲ့ နာကျင်အောင် လု
ပြန်သည်။

"မောင်..."

"ဗျာ..."

"ကျွန်မကို မှန်မှန်ပြောနော်၊ မောင် မိန်းကလေ
ဘယ်နှစ်ယောက်ကို အခုလိုမျိုး ချစ်ခဲ့ပြီးပြီလဲ"

"ဟာ..."

ချစ်သူရဲ့ မေးခွန်းကို သူက အထိတ်တလန့်နဲ့ အမြ
ဆုံး ပြန်ဖြေရတော့သည်။

"မောင် ရည်းစားတွေ ထားခဲ့တာတော့ မှန်ပါတ
ဝါရယ်၊ ဒါပေမဲ့ အပျော်တွဲခဲ့တာတွေ ချည်းပါပဲဗျာ၊ ဝါ
တွေ့မှ မောင် နက်နက်ရှိုင်းရှိုင်း ချစ်မိသွားတာပါ၊ ဒါကြော
လည်း တခြားအပျော်တွေ အားလုံးကို မောင် ဖြတ်ပစ်
တာပေါ့"

"မဟုတ်ဘူး၊ ကျွန်မမေးတာ အခု ကျွန်မကို ချစ်လို





သလိုမျိုး မောင် ရည်းစားတိုင်းကို ချစ်ခဲ့တာလားလို့ မေးနေတာ"

ချစ်သူရဲ့ အေးစက်စက် အသံလေးက သူ့အသည်းနှလုံးတွေကို ဖွဲ့ခြေပစ်လိုက်သလိုပါပဲ။

တကယ်လည်း သူက တခြားရည်းစားတွေနဲ့ တတ်နိုင်သလောက် ကင်းအောင် နေခဲ့တာပါ။ လက်ထပ်ဖို့ မရည်ရွယ်ရင် အဆုံးထိ သွားမချစ်နဲ့လို့ သူ့ဦးနှောက်ထဲမှာ အမြဲတမ်း သတိပေးသံချောင်းခေါက်နေတာပါ။ ဒါကြောင့်လည်း သူ့ရည်းစားတွေကို အလွယ်အဆက်ဖြတ်လို့ ရခဲ့တာပါ။ သူသာ ရှုပ်ရှုပ်ရှက်ရှက်တွေ လုပ်ထားခဲ့ရင် ဘယ်လို အဆက်ဖြတ်လို့ ရနိုင်မှာတဲ့လဲ။

အခု ဝါ မေးတဲ့မေးခွန်းက သူ့ကို မယုံကြည်ရာ ရောက်နေတာမို့ ကျော်ထွဋ်မှာ စိတ်ထိခိုက်ရလေတော့သည်။

"ဝါရယ် မောင့်ကို အထင်သေးလှချည်လားဗျာ၊ ဘယ်မိန်းကလေးနဲ့မှ မောင် အလွန်အကျွံ မချစ်ခဲ့ပါဘူး၊ အချစ်ရယ်၊ ဝါ့ကိုသာ ချစ်လွန်းလို့ အခုလို ဖြစ်ရတာပါ"

www.burmeseclassic.com



"ကျွန်မ... ကျွန်မ မောင်ရဲ့ ရဲတင်းမှုတွေကို မယုံဘူး ကျွန်မကိုတော့ မောင် ဒီလို အတင်းအကျပ်-အခွင့်အရေးတွေ ယူသေးတာ၊ တခြား မိန်းကလေးတွေကိုလဲ မောင် အခွင့်အရေး ယူခဲ့မှာပါပဲ"

ချစ်သူလေးက သူ့ကို မကြည့်ဘဲ ပြတ်ပြတ်သားသား စွပ်စွဲနေတော့တာ။

"မောင့်ကို အဲဒီလောက် အထင်မသေးပါနဲ့ ဝါရယ် မောင် ဘယ်သူ့အပေါ်မှာမှ အခွင့်အရေး မယူခဲ့ပါဘူးဗျာ အခု ဖြစ်သွားတာကလဲ ချစ်လွန်းလို့ပါ၊ မောင့်ဘဝမှာ ဝါ့ကိုမှ လက်ထပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ပါ"

"ကျွန်မ မယုံဘူး မောင်"

"ဒါဆို ဝါ့ကို မောင် ခုပဲ ခိုးပြေးမယ်ဗျာ"

သူက ပြတ်ပြတ်သားသား ခေါ်လိုက်တာပါ။ သူ့ကိုချစ်ရင် ဒီအခြေအနေထဲလည်း ရောက်ပြီးနေပြီမို့ ဝါ သူ့နောက်ကို လိုက်ခဲ့မှာပဲလို့ သူက ပိုင်ပိုင်နိုင်နိုင် တွက်ဆထားတာပါ။

တကယ်တမ်းကြတော့ ချစ်သူလေးက သူထင်ထားတာ





တွေကို လွဲချော်သွားစေတော့တာ။

"ဟင့်အင်း မောင်၊ ကျွန်မ မောင့် နောက်ကို မလိုက်နိုင်သေးဘူး၊ ချော်လဲရောထိုင် အလုပ်ကို ကျွန်မ မလုပ်ချင်ဘူး မောင်"

"ဟင်..."

"ဟင်... ဝါ... ဝါ မောင့်ကို မချစ်ဘူးလားဗျာ"

"........"

ချစ်သူလေးက သူမေးတာကို မဖြေဘဲ အံကလေးကြိတ် မျက်ဝန်းကို ခပ်တင်းတင်းမှိတ်လို့ ငြိမ်သက်နေလေသည်။

"ဝါရယ်"

သူက ခေါ်တင်ကဲလေး ရေရွတ်လိုက်မိပါသည်။ ချစ်သူလေးဆီမှာ သူ့ကို လက်ထပ်ဖို့ ရည်ရွယ်ချက်မှ မရှိတာပဲ။

သူ့ကို ချစ်သူလေးက အပျော်ချစ်ပဲ ချစ်ခဲ့တာပေါ့။

သူ့အနမ်းနဲ့ကတော့ ချစ်သူလေးကို ဘယ်လိုနည်းနဲ့မှ ဆက်လွှတ်ဆုံးရှုံးမခံနိုင်ပါ။ အသည်းနှင့်အောင် ချစ်ရသူလေးကို မရအရယူဖို့ပဲ သူက ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ထားလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒါပေမဲ့ ချစ်သူလေးကတော့ သူ့နောက်ကို မလိုက်နိုင် သွေးမပါဘူးလို့ပဲ ငြင်းဆန်နေတာမို့ အဲဒီနေ့မှာတော့ သူ အလျှော့ပေးခဲ့ရပါသည်။

နောက်တစ်လတိတိ ဝါ ကျောင်းမတက်ခဲ့ပါ။ သူ့မှ တော့ ခံစားနေရတော့သည်။ ဒါ အစိမ်းခြေ ခြွေနေတာ အစိမ်းဖြတ် ဖြတ်နေတာပဲလို့ တွေးမိတိုင်း ယောက်ျားတန် သူ ငိုခဲ့ရသည်။

ဝါ့ကို သူ ဘယ်လိုမှ မေ့လို့မရဘဲ စွဲလမ်းခြင်းတွေထဲ ရုန်းမထွက်နိုင်။ သူဆက်သွယ်တော့လည်း ဝါက မတုံ့ပြန် မစားနိုင် မအိပ်နိုင်ဘဲ စွဲလမ်းမှုတွေနဲ့ ရူးသွပ်ပြီး ဗုန်းဗုန်းလဲ လုလု အခြေအနေကို ရောက်တော့မှ ဝါကစပြီး သူ့ဆီ ဖုန်းဆက်ခဲ့ပါသည်။

"တူ... တူ... တူ"

"သားရေ ဖုန်းကိုင်လိုက်လေ"

"ကျွန်တော် မကိုင်ချင်ဘူး မေမေ"





မေမေက သူ့ကို မျက်စောင်းထိုးပြီး ဆူနေတော့တာ။

"မပြောချင်ပါဘူး၊ တစ်နေ့တစ်နေ့ ငူငူငိုင်ငိုင်ကြီး ထိုင်ပြီး ရည်းစားပူမိနေတော့တာပဲ။ ဘာအကူအညီမှ မရတဲ့ အပြင် ဘေးကကြည့်ရတာတောင် စိတ်ဆင်းရဲရသေးတယ် မပြောချင်ဘူး မပြောချင်ဘူး"

သူ့ကို မျက်စောင်းထိုးပြီး မေမေက အဆက်မပြတ် မြည်နေတဲ့ တယ်လီဖုန်းကို လာကိုင်သည်။

သူကတော့ မေမေ ပြောသလို ရည်းစားပူမိနေတာမို့ ဘာကိုမှ စိတ်မဝင်စားနိုင်ဘဲ ငေးငိုင်မှိုင်တွေနေမိတော့တာ။

"ဟဲလို"

"........"

"ဟုတ်ပါတယ်ကွယ်"

"........"

"သြော်... သား ကျော်ထွဋ်လား ရှိတယ် ရှိတယ် ခေါ် ပေးမယ် ခဏကိုင်ထားနော်၊ သူ အခုတလော ဘယ်သူနဲ့မှ စကားမပြောလို့ သမီးရေ စိတ်တော့မရှိနဲ့နော်၊ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်တယ်လို့ ပြောပေးရမလဲ”

ဖုန်းနဲ့ သူနဲ့ သိပ်မဝေးတဲ့အတွက် မေမေ ပြောနေတာ
တွေကို အတိုင်းသား ကြားနေရတာပါ။

ဒါပေမဲ့ ကြားသာကြားရပေမဲ့ သူက လုံးဝ စိတ်မဝင်စား
မိပါ။ သူ့အတွေးတွေ သူ့စိတ်ကူးတွေ အားလုံးက ချစ်ရသူ
လေးဆီကိုပဲ ရောက်နေကြတာကိုး။

“သား ဒီမှာ စကားဝါတဲ့၊ စကားပြောမှာလား”

“ဗျာ...”

အံ့ဩလွန်းလို့ သူ့နားကိုပင် သူမယုံနိုင်။

ရုတ်တရက် ကြောင်အနေမိပြီးမှ သူက ဖုန်းစခွဲ ခုန်ထ
လိုက်မိတော့တာ။

“ဟဲ့... ဖုန်းပြောမှာလား မပြောဘူးလား”

“ဟာ... ပြောမယ် မေမေ ပြောမယ်”

သူက ခုန်ပေါက်ပြီး ဖုန်းအနား ရောက်သွားတော့သည်။

“ဘုရားရေ အပြောင်းအလဲကလဲ မြန်လိုက်တာတော်”

မေမေက မျက်စောင်းထိုးပြီး လှည့်ထွက်သွားတော့တာ





တော့မှ သူက တဆတ်ဆတ် တုန်နေတဲ့ လက်တွေနဲ့
တယ်လီဖုန်းကို ကောက်ယူပြီး စုန်ယင်နေတဲ့အသံနဲ့ စကား
ပြောမိတော့သည်။

“ဝါ... ဝါရယ်၊ မောင် သေတော့မယ်ဗျာ၊ မောင်
ချမ်းလွန်းလို့ သေရပါတော့မယ်”

“မောင်”

“ဗျာ...”

“အရမ်းအရေးကြီးတယ် မောင်၊ မောင် ကျွန်မကို
ကယ်ထပ်မှ ဖြစ်တော့မယ်၊ ညခုနစ်နာရီမှာ ကျွန်မတို့
မြန်မာထိပ်က အအေးဆိုင်မှာ မောင် စောင့်နေပါ”

ဝမ်းသာလွန်းပေမဲ့ ချစ်သူလေးက သူ့ကို လွမ်းတဲ့
အကြောင်း၊ သတိရတဲ့အကြောင်း ချစ်တဲ့အကြောင်း တစ်ခွန်းမှ
မပြောတဲ့အတွက် ရင်ထဲမှာ နာခဲ့ရသေးတာ။

“ဝမ်းသာလိုက်တာ အချစ်ရယ်၊ မောင်တို့ မဝေးရတော့
ဘူးပေါ့နော်”

“ညခုနစ်နာရီနော် အဟင့်”

“စိတ်ချပါဗျာ”



www.burmeseclassic.com

www.burmeseclassic.com



"မောင် မလာလို့မရဘူးနော်၊ ကျွန်မ....ကျွန်မဆီမှာ မောင်ရဲ့..."

ချစ်သူလေးရဲ့ အသံလေးက တိုးဖျော့ရပ်တန့်သွားတော့ တာ။

သူ့ရင်ထဲမှာတော့ လှိုက်ခနဲ။ ချစ်သူရဲ့စကားကို သူ ကောင်းကောင်း နားလည် သဘောပေါက်လိုက်ပါသည်။

ဝါရယ်...

လက်မထပ်လို့ မရတော့တဲ့အတွက်ကြောင့် မောင့်ကို လက်ထပ်မှာပေါ့လေ။ တကယ်လို့သာ ဒီအခြေအနေကို မရောက်ဘူးဆိုရင် ဝါ မောင့်ကို လက်မထပ်ဘူးပေါ့။ အတွေး နဲ့ သူ့ရင်ထဲမှာ နာကျင်ရပါသည်။ သူချစ်သလိုမျိုး ချစ်သူ မချစ်ဘူးဆိုတာ သိလိုက်ရတော့ စိတ်မကောင်းပါ။ ဒါပေ လက်ထပ်ခွင့် ရလိုက်တာကိုပဲ သူက အကောင်းဆုံး ဆုလာ အဖြစ် ခံယူလိုက်ပါတော့သည်။

"ဝမ်းသာလိုက်တာ ဝါရယ်၊ မောင် ဝါ့ကို အရမ်းချ တယ်ဗျာ၊ မောင့်အနားမှာ ဝါရှိနေရင် အရာရာ ပြည့်စုံနေပါ အချစ်ရယ်"





"ကျွန်မလဲ မောင့်ကို ချစ်ပါတယ်ကွယ်"

"ဝါရယ်"

ဒီလိုနဲ့ပဲ အဲဒီနေ့ရဲ့ ညခုနစ်နာရီမှာ သူက ဝါ့ကို သွားခိုးခဲ့ပါတော့သည်။

သူတို့နှစ်ယောက်ရဲ့ ဘဝစတဲ့နေ့မှာပဲ သမီးလေးကပဲ သူတို့နဲ့အတူ ရှိနေခဲ့တာဖြစ်သည်။ သမီးလေး မခေါ်ဘဲရောက် လာလို့သာ ဝါကလည်း သူ့ကို လက်ထပ်ခဲ့တာပါ။ သိနေပေမဲ့ သူ့ဘက်ကတော့ ချစ်သူကို ပိုတိုးပြီး ချစ်နေခဲ့ရတာပါ။

ချစ်သူရဲ့ ဘဝလေး ချမ်းသာပြည့်စုံဖို့ ဆင်းရဲဒုက္ခကင်း ဝေးဖို့ လူတန်းဝင်နေနိုင်ဖို့အတွက် သူအစွမ်းကုန် ကြိုးစားခဲ့ သည်။

စွန့်စားပြီးတော့ ချစ်တဲ့သူလေးကို ခွဲခွာပြီးတော့ သူ နိုင်ငံခြားမှာ စွန့်စွန့်စားစား အလုပ်သွားလုပ်ခဲ့၊ စီးပွားရှာခဲ့ပါ သည်။

ဝါကလည်း ကြိုးစားခဲ့သည်။ လင်မယားနှစ်ယောက် လုံး ကြိုးစားပြီး စီးပွားရှာခဲ့တဲ့အတွက် အခုဆိုရင် အချမ်းသာ ဆုံး အပြည့်စုံဆုံး ဘဝကို ရောက်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အိမ်ထောင်ရေးကတော့ မပြည့်စုံတော့ပါ။ ချစ်သူက သူ့ရင်ခွင်ထဲမှာ မနေချင်တော့ဘူးလေ။ သူ့အချစ်တွေနဲ့ မပျော်မွေ့တော့ဘူးလေ။

သူ့ကို အားကိုးနေစရာ မလိုတော့ဘူးဆိုတဲ့ အနေအထားကို ရောက်သွားပြီလေ။

အခုတော့ လမ်းခွဲမှာ ရပ်တန့်နေကြတဲ့ အခြေအနေကို ရောက်နေရပါပြီကော။

* * *



## အခန်း (၁၂)

"ရှင် ပြန်ချင်ပြန်ပါ ကိုကျော်ထွန်း၊ ကျွန်မတော့ သမီးကို မတွေ့တွေ့အောင် လိုက်ရှာမယ်၊ ကျွန်မဘဝမှာ သမီးလေးပဲ ရှိတော့တာလေ"

ဖနီးသည်ရဲ့ စကားကြောင့် နောက်ကြောင်းကို ပြန်လှည့်တွေးနေတဲ့ ဦးကျော်ထွန်းရဲ့ အတွေးတွေက ရပ်တန့်သွားရပါတော့သည်။ ဝါရယ်...

မောင့်ကို မောင်လို့တောင် မခေါ်တော့ဘူးလားဗျာ...

စိတ်ထိခိုက်မိသလို ဦးကျော်ထွန်းက စိတ်လည်း ဆိုးလာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်လွန်းလို့ပဲ ရအောင် လက်ထပ်ထားခဲ့တဲ့ မိန်းမကို ရင်အုံကွဲခံပြီး စွန့်လွှတ်ပေးဖို့ဆိုတာ အဓိပ္ပာယ်ရှိရဲ့လား။

သူမက သူ့အချစ်မှာ ပျော်မွေ့တာ မပျော်မွေ့တာထား လောလောဆယ်မှာ သူ့ဇနီးအဖြစ်ပဲ ရှိသေးတာလေ။ သူ [illegible] စကားကို နားထောင်ရမှာပေါ့။ သူ စီမံခန့်ခွဲတာကို နာခံ [illegible] မှာပေါ့။

"မင်းမပြန်ရင် ကိုယ်လဲ မပြန်ဘူး စကားဝါ၊ ကိုယ် [illegible] မင်းကို စိတ်ချပြီး မထားခဲ့နိုင်ဘူး"

သူမကတော့ ကိုကျော်ထွန်းလို့ ခေါ်နေတော့ သူက [illegible] လည်း၊ သူမကို ဝါလို့မခေါ်ဘဲ စကားဝါလို့ ခပ်စိမ်းစိမ်း [illegible] ပြန်ခေါ်လိုက်တော့တာ။

"ကျွန်မကို စိတ်မချဘူး ဟုတ်လား အဟင့်... ဟင့် [illegible] အပိုတွေ ပြောမနေပါနဲ့ရှင်၊ ရှင်ကလည်း ကျွန်မကို စိတ်မ [illegible] တာ၊ ကျွန်မအတွက် စိတ်ပူတာ"

"ကိုယ့်ကို မလှောင်ပါနဲ့ စကားဝါ၊ ကိုယ့်ရင်ထဲမှာ [illegible] ဘာဖြစ်နေတယ်ဆိုတာ ကိုယ်ပဲ သိတယ်"



"အဟင့် ... ရှင့်ရင်ထဲမှာ ဘာတွေရှိနေတယ်ဆိုတာ ကျွန်မ မသိပါဘူးလေ၊ ရှင် ကျွန်မကို ခွဲခွာချင်တယ်၊ နောက်ထပ် အချစ်အသစ်တွေနဲ့ ဘဝအသစ်တစ်ခု တည်ဆောက်ချင်တယ်။ ရှင့်ဘဝမှာ ကျွန်မ မလိုအပ်တော့ဘူး။ ကျွန်မနဲ့ [illegible] ဟိုမှာပဲ [illegible] နေရစ်တော့မယ် [illegible]"

[illegible] ချစ်ဇနီးရဲ့ စကားကြောင့် [illegible] စိတ် [illegible] ဆိုးသွားရတော့သည်။ ကိုယ်ကြ ချစ်လွန်းလို့ [illegible] အလိုကိုလိုက်ပြီး [illegible] ဖြစ်စေချင် [illegible] ကိုဂလာမ်းခိုင်ဖြေပေးခဲ့တာပါ။

[illegible] အခါတိုင်း [illegible] အပေါ်မှာ [illegible] တွေ ထပ် [illegible] ချစ်ရေး [illegible]

"မင်း [illegible] စိတ်ကျေအေးချမ်း [illegible] လဲချပြီး မစွပ်စွဲနဲ့ စကားဝါ"

[illegible] ချစ်ဇနီးရဲ့ [illegible]

www.burmeseclassic.com



ခါယမ်းပြီး ပေါက်ကွဲလိုက်မိတော့သည်။

တိတ်ဆိတ်နေတဲ့ လမ်းမကြီးပေါ်မှာမို့ သူတို့ရဲ့ ရန်ဖြ

ကို ဘယ်သူမှမမြင်နိုင် မကြားနိုင်ပါ။

"ဘာ… ဘာပြောတယ်"

"အခုမှ မသိချင်ယောင် ဆောင်မနေပါနဲ့ စကားဝါ

တကယ်ဆို ကိုယ်တို့ရဲ့ အိမ်ထောင်ရေးဟာ တစ်ဖက်သတ်

တည်ဆောက်ခဲ့မိတဲ့ အိမ်ထောင်ရေးပဲလေ၊ ကိုယ်က မင်းကို

အရမ်းချစ်လွန်းလို့ ရယူဖို့ကြိုးစားခဲ့မိတယ်၊ မင်းကတော့

ကိုယ့်ကို လက်ထပ်ဖို့အထိ မရည်ရွယ်ဘဲ ချစ်ခဲ့တာ၊ မင်း

မရှောင်သာလို့တော့မှ မင်း ကိုယ့်ကို လက်ထပ်ခဲ့တာ

လက်ထပ်ပြီးတော့လဲ မင်း ကိုယ်အချစ်မှာ မပျော်ခဲ့ဘူး

မဟုတ်လား၊ ကိုယ့်အနားမှာ နေဖို့ကို တွန့်ဆုတ်နေခဲ့တာ

မဟုတ်လား၊ အခုလဲ မင်းကို ချစ်လွန်းလို့သာ မင်းရဲ့ လွ

လပ်ခွင့်အတွက် ကိုယ် စဉ်းစားပေးနေတာ စကားဝါ၊ ကိုယ်

အတွက် ဘာမှမပါဘူး"

"ကျွန်မအတွက် ဟုတ်လား၊ မယုံဘူး လုံးဝ မယုံဘူး





င် ကျွန်မကို ချစ်တယ်ဆိုတာလဲ ကျွန်မ မယုံဘူး၊ ရှင်သာ

ကျွန်မကို ချစ်ခဲ့ရင် ကျွန်မနှလုံးသားကို ရှင် မြင်ရမှာ သိ

မှာပေါ့"

"စကားဝါ"

"လွှတ်… ကျွန်မကိုလွှတ်"

ဦးကျော်ထွဋ်က ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ပါ။

မျက်ရည်စိုရွှဲနေတဲ့ မျက်ဝန်း တောက်တောက်တွေ

ယ်၊ ငိုထားလို့ မို့အစ်နေတဲ့ မျက်နှာလှလှရယ်၊ ခုထိ

တ်ခမ်းအစုံရယ်ရဲ့ ဆွဲငင်မှုကို သူ ဘယ်လိုမှ ရုန်းမထွက်

င်တော့ပါ။

ဒါနဲ့ပဲ အတင်းရုန်းဖယ် ထွက်နေတဲ့ ချစ်နေ့ရဲ့ ကြော

င်းလှပဆဲ ခန္ဓာကိုယ်လေးကို တင်းတင်းကျပ်ကျပ် ဖွေ့

တ်ပိုက်ထွေးထားလိုက်မိတော့တာ။

သူ့အချစ်တွေက ဒီလောက်နဲ့ မရပ်တန့်နိုင်၊ ဦးကျော်ထွဋ်

ချစ်သူရဲ့ မျက်နှာလှလှပေါ် အနမ်းတွေ ဖြန့်ကြက်လိုက်

တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"[illegible]

[illegible]နမ်းတွေက ကျွန်မရဲ့ နှလုံးအိမ်ကို ဒီအပြင်

အထက် တုန်ခါစေနေပြီကော မောင်ရယ်...

ဒေါ်စကားဝါက ဟန်ဆောင် ပန်ဆော်ဖင်ရှုလးတော

ရုန်းမထွက်နိုင်တော့ဘဲ ချစ်ခင်ယုန်ရဲ့ ရင်ခွင်ကျယ်ကြီးထဲ

ပျော့ခွေကျသွားရှာတော့တာ။

"ငါရယ် ချစ်တာယ်ဗျာ"

တိမ်းရိမ်းမှုံမှုန်းလေးနှင့်ညည်းညူပြောဆိုလိုက်တော့ မော

အသံက လွန်ခဲ့တဲ့ ဆယ့်ကိုးနှစ်စုနှစ်က အိတ်ရှိုက်ဆေါ်မ

ဒေါ်စကားဝါရဲ့ ရင်ခုန်သံတွေက လွန်ခဲ့တဲ့ ဆယ့်

နှစ်ကြွန်းက ဆက်တော်တောင် ကျယ်လောင်နေပါသေးသည်။

မောင်ရယ်လို့ ရင်ထဲကပဲ ညည်းညူလိုက်မိတော့တာ

"ဝါရယ် အချစ်ရယ်၊ မောင့်အချစ်တို့ ဘယ်လိုအခင်

တွေနဲ့ စွန့်လွှတ်ရမှာပဲဗျာ"

"မောင့်ကို မောင့်ကို ဘယ်သူက စွန့်လွှတ်ခိုင်းနေ

လဲကွယ်။



"အချစ်ရယ်"

အဲဒီနောက်မှာတော့ ချစ်သူနှစ်ဦးက ဟန်မဆောင်နိုင်ဘဲ ချစ်မိသွားကြတော့သည်။

အရာရာကို မေ့လျော့ပြီး အချစ်တွေရဲ့နောက်ကို နှစ်ယောက်သား အရူးအမူးပဲ လိုက်ပါသွားမိတော့တာ။

မောင်မည်းတဲ့ လမ်းနံဘေးမှာ ရပ်ထားတဲ့ ကားကလေး ထဲမှာ အချစ်တွေနဲ့ အတိပြီးတဲ့ အချစ်ကမ္ဘာလေးတစ်ခု ဖြစ်သွားပါတော့သည်။

အချစ်ကမ္ဘာလေးထဲမှာ ဝေးခဲ့တာတွေကို အတိုးချပြီး မမောနိုင် မပန်းနိုင် ကူးခတ်နေကြတာက ဦးကျော်ထွန်းနဲ့ ဒေါ်စကားဝါတို့ လင်မယားပဲ ဖြစ်တော့သည်။

* * *

www.burmeseclassic.com

## အခန်း (၁၃)

"ကဲ... ကိုယ်တို့သွားစို့ မြသီတာရ၊ ကိုယ့်မှာ အရမ်း အရေးကြီးတဲ့ကိစ္စ ရှိနေသေးတယ်"

သူပြောလိုက်တော့ သူမလေးက ရီဝေတဲ့ အကြည့်လေးနဲ့ သူ့ကို မော့ကြည့်သည်။

အဲ့ဒီအကြည့်လေးကြောင့်ပဲ သူ့ရင်ထဲမှာ သွက်သွက် ခါယမ်းသွားရတော့တာ။ သူမလေးရဲ့ အကြည့်တွေထဲမှာ တစ်ခုခု ပျော်ဝင်နေတာကို သတိပြုမိတော့ ဝေဟင်ကျော်က ထိတ်လန့်သွားရတော့သည်။

အိမ်ထောင်ရှိတဲ့ ကောင်မလေးရယ်...





မင်း ကိုယ့်ကို မငြိုငြင်လိုက်ပါနဲ့ကွာ၊ မင်းရော ကိုယ်ရော ဝေဒနာမရှိတဲ့ နှလုံးသားအစုံနဲ့ ဘဝခရီးလမ်းမှာ ဆက်သွားကြရအောင်ပါ။

သူက စိတ်ထဲကပြောပြီး ခပ်မြန်မြန်ပဲ မျက်နှာလွှဲ လိုက်တော့တာ။ ဒီတော့ သူမလေးကလည်း ခေါင်းလေးငုံ့ သွားပါတော့သည်။

"သို့ကြောင့် ကိုဝေဟင် ဒုက္ခများနေပြီလားဟင်"

"အဲဒီလိုလဲ မဟုတ်ပါဘူးဗျာ"

"သီ... သီ ပြည်ကို တစ်ခါမှ မရောက်ဖူးဘူး ကိုဝေ ဟင်၊ အဲ့ဒီမြို့မှာ ဆွေမျိုးသားချင်းနဲ့ အသိမိတ်ဆွေလဲ တစ် ယောက်မှ မရှိပါဘူး"

"ဟောဗျာ ဒါဆို မင်းလေးက ပြည်ဘက်ကို ဘာ ကြောင့် ထွက်လာရတာလဲ"

သူက တအံ့တဩ မေးလိုက်မိတာပါ။

"စိတ်ထဲမှာ ခံစားနေရတုန်း အချိန်ဆိုတော့ ဘာမှ မစဉ်းစားဘဲ ထွက်လာခဲ့လိုက်တာပါ"

"ဟောဗျာ ကိုယ်က မင်းရဲ့ မိဘဆွေမျိုးတွေ ပြည်မှာ

www.burmeseclassic.com



ရှိနေလို့ မင်းသွားတာပဲလို့ ထင်မှတ်နေမိတာ။ ယောက်ျားနဲ့ ရှ
ဖြစ်ပြီး အိမ်ပေါ်ကဆင်းတဲ့ မိန်းမရှေးစကားတိုင်း ကိုယ့်မိဘ
အိမ်ကို ပြန်သွားတတ်ကြတယ် မဟုတ်လားဗျာ”

“အို... ကိုရွှေဟင်္သာ တော်တော်သိတာပဲနော်၊ ရှ
မိန်းမရော ရန်ဖြစ်ပြီး အိမ်ပေါ်က ခဏခဏ ဆင်းတတ်လ
လား”

သူမလေးက စိတ်ဆိုးမာန်ဆိုး တုံ့ပြန်ကာမှ သူ့မှာ
နားမလည်နိုင်ဘဲ ဖြစ်ရပြန်သည်။

မြသီတဂူက သူမ ယောက်ျားအကြောင်း ပြောမှတာ
မျက်နှာလေးနီပြီး စိတ်ဆိုးနေတတ်တာ ထူးဆန်းပါသည်

“ကိုယ့်မှာ မိန်းမ မရှိသေးပါဘူးဗျာ၊ မနက်ဖြန်ခါ
စေ့စပ်မှာပါ၊ အခု စေ့စပ်ပွဲအမီ သွားနေတာလေ အဟွန်း
ဟွန်း”

“ဟင်...”

သို့ကိုယ်လေးက တောင့်တောင့်လေး ဖြစ်သွားရပေ
တော့။

သြော်... ကိုဝေဟင့်ဆီမှာ ချစ်သူရှိနေပြီးသားကိုး
သိမ့်ချင်ပဲ့မှာ ဖြိမ့်နည်းမိ ကြေကွဲ ချစ်မိသွားရတော့တာ။



ပေါ်ဆိုရင် ငြိမ့်မှာ အိမ်ထောင်ရှိပြီ ဟုဆိုတော့ အပျို
စင်လေးပါလို့ ပြောပြနေလို့ရော အလွမ်းမှာရပ်နေ၊ ခရီး
ဘဲ့ မနီလိုက်တော့မှပဲ အိမ်ကြောင်းရှုပ်ဖြစ်မှာပေါ့။

“ကိုယ့် မိဘတွေက ပြည်မှာနေကြတာ သီရဲ့၊ ကိုယ်
ကတော့ ရန်ကုန်မှာနေတယ်၊ ကိုယ့် အစ်မကတော့ ရန်ကုန်
မှာပဲနေတယ်၊ လာ... အိမ်ထောင်ရေးစနစ်ကြားရောက်သွားတာပေါ့
ဗျာ၊ အဟွန်း ဟွန်း၊ ကိုယ်တို့ မောင်နှမ လေးမျက်နှာ အိမ်ကလ
စိတ်ပူနေကြမှာလေ”

“ဟုတ်ကဲ့”

... ပိုက်ဆံရှင်းပြီး ဆိုင်ထဲက ထွက်လာခါနီးမှ သီက
သန့်စင်ခန်းဝင်ဖို့ စိတ်ကူးရမိသည်။ လမ်းကျမှ အပေါ့အပါး
သွားချင်ရင်လည်း ရှက်စရာကြီးပါ။ ဆိုင်မှာရှိနေတုန်း ကိစ္စ
ပြတ်အောင် လုပ်သွားမှပါလို့ ဆုံးဖြတ်လိုက်တော့တာ။

“ခဏလေး သီ သန့်စင်ခန်း ဝင်လိုက်ဦးမယ်နော်”

“သွားလေ သီ၊ သွားရဲ့လား၊ ဆိုင်အနောက်ထဲကို
ဝင်ရမှာ၊ နေဦး ဆိုင်က အမျိုးသမီး တစ်ယောက်ကို အဖော်
ခေါ်ပေးလိုက်မယ်”

www.burmeseclassic.com

www.burmeseclassic.com



ကိုဝေဟင်က သီ့အတွက် စိတ်ပူပြီး စီစဉ်ပေးနေတာ မို့ ရင်ထဲမှာ နွေးထွေးသွားမိသည်။

"အန်တီ သန့်စင်ခန်းသွားဖို့ မိန်းကလေး အဖော်တစ်ယောက်လောက် ထည့်ပေးပါလားဗျာ၊ ဒီမှာ တစ်ယောက်တည်း ဖြစ်နေလို့ပါ"

ကောင်တာမှာ ထိုင်နေတဲ့ အမျိုးသမီးကြီးက ပိုရန်ကောသည်းရန်ကောဆိုတဲ့ အကြည့်နဲ့ ကိုဝေဟင်ကို ကြည့်ပြီး သီ့ကိုလည်း ပြုံးပြလိုက်ပါသေးသည်။

"ကဲ... လာ... လာ သမီး အန်တီကိုယ်တိုင် အဖော်လိုက်ခဲ့ပေးမယ်နော်၊ သားရေ စိတ်မပူပါနဲ့ကွယ် အဟင့်... ဟင့်"

သီတို့ နှစ်ယောက်ကို လင်မယားစုံတွဲလို့ ထင်ပြီး အမျိုးသမီးကြီးက ပြုံးစိစိနဲ့ ပြောနေတာပါ။

ရှက်ရွံ့မိတဲ့ ကြားထဲကပဲ သီက ကျေနပ်နေမိသေးသည်။ သီ ဘာတွေ ဖြစ်နေမိတာလဲကွယ်။

သူက လက်ရှိချစ်သူနဲ့ စေ့စပ်တော့မယ့်သူလေ၊ သီ သူ့အပေါ်မှာ ရင်ခုန်မိရင် သီပဲ ရင်ကွဲရမှာ။





အတွေးနဲ့ပဲ သီက ငိုချင်သွားရတော့တာ။ အရှေ့ထဲ သီနဲ့ အဖော်လိုက်လာပေးတဲ့ အမျိုးသမီးကြီးကလည်း စကားတွေ များနေပြန်သေးတာ။

"သမီးယောက်ျားက သမီးကို တော်တော်ချစ်တာပဲနော်၊ သမီးတို့ စုံတွဲက အရမ်းလိုက်ဖက် ညီတာပဲကွယ်၊ မြင်ရတာ စိတ်ချမ်းသာလိုက်တာ အဟင့်... ဟင့်"

ထင်ရာတွေ စွတ်ပြောနေတဲ့ အမျိုးသမီးကြီးကို ဘာမှ ရှင်းပြမနေတော့ဘဲ သီက ခပ်သုတ်သုတ်လေးပဲ လျှောက်လာခဲ့လိုက်တော့တာ။

နောက်ထပ်လည်း တွေ့ရမယ့်သူတွေမှ မဟုတ်တာ နော်။ ထင်ချင်သလိုထင်ပြီး ပြောချင်သလိုသာ ပြော [illegible] တော့။

"အဟင့်... ဟင့် သမီးတို့က လက်ထပ်ပြီးခါစ [illegible] စဦးတွေပဲ ဖြစ်ရမယ်၊ ဒီလိုပဲ ဒီလိုပဲ အန်ဟီတို့တုန်းကလဲ ဒီလိုပဲ ဒီအချိန်မှာ တစ်ယောက်နဲ့ တစ်ယောက်က [illegible] အောက်ကတောင် အပျောက်ခံချင်တာ မဟုတ်ဘူး [illegible]"

"......... "



www.burmeseclassic.com

www.burmeseclassic.com



သီကာ အခုမှ မြန်မာပြည် ရောက်လာတဲ့ အမျိုးသမီးကြီးက အလိုက်မသိပါ။ ပြောချင်ရာတွေကိုပဲ လျှောက်ပြောပြီး ပြောနေတော့သည်။

"နောက်တော့လဲ သားသမီးတွေ ရလာရင် အခုလိုမျိုး မချစ်နိုင်တော့ဘူး၊ သမီးရဲ့ ချစ်သူ နှစ်ယောက်ချည်း ကြည့်ဖို့တောင် အချိန်ရှိမှာ မဟုတ်တော့ဘူး။ ကလေးရဲ့ အချိန်တွေကို သားသမီးတွေကိုပဲ ပေးရမှာမှာ၊ ဒါကြောင့် ချစ်ဝင်ရတုန်းမှာ ချစ်သူချစ်ကြ အဟုတ်ပဲပေါ့ကွဲ"

သီ အိမ်သာခန်းထဲ ဝင်နေတာတောင် အမျိုးသမီးကြီးက ပြောနေတုန်းပဲ။ သီကာ စိတ်ရှုပ်လာတာမို့ ရယ်ရွှတ်ရွှတ်လေးပဲ ပြန်ပြောလိုက်သည်။

သို့မှာတော့ ကိုဝေဟင်အနားကို ပြန်ရောက်လာတော့ မိရင်ခုန်သံတွေက လည်ချောင်းထိ ခုန်ရတော့တယ်။

ကိုဝေဟင်ကတော့ ဘာမှမပြောသေးပါ။ ဒီကိစ္စလိုမျိုး ကိုဝေဟင်သာ သီ့အကြောင်းကို မေးမြန်းစုံစမ်း လာခဲ့ရင်တော့ သီမှာ အိမ်ထောင်ရှိသူ ဆိုတာကို ပြောပြရတော့မယ်လို့ သီကာ တွေးနေမိပြန်သည်။



အကြောင်းတွေ ချင်ဖွားမလား မေးချင်နေ၊ သိလိုမိတဲ့ဘာမထား ချင်နေတော့ပါ။ ဒါပေမဲ့ ကိုဝေဟင်ကတော့ သီ့အကြောင်းတို့ မမေးဘဲ ကားကိုသာ ဂရုစိုက်မောင်းနေတာမို့ သီမှာ အသည်းယားနေရတော့သည်။

"ဟင်..."

သူမလေးရဲ့ သက်ပြင်းချသံလေးက သူ့ရင်ဘတ်ကို လာထိမှန်သည်။

စကားတွေ အများကြီး ပြောချင်ပေမဲ့ သူက တမင် ရှုတ်ဆိတ်နေရတော့တာ။ စကားများများ ပြောမိရင် အမှားတွေ ပါကုန်မှာ စိုးရိမ်မိလို့ပါ။

တကယ်တော့ သူ့ရင်ထဲမှာ အဖြေကို ရှိထားပြီးသားပါ။ မနက်ဖြန်ခါဆိုရင် မိဘတွေ သဘောတူ မိန်းကလေးနဲ့ သူ စေ့စပ်ရပါတော့မည်။

အဲဒီရင်...

မင်းလေးသာ လွတ်လပ်သူလေး ဖြစ်နေခဲ့မယ်ဆိုရင် စေ့စပ်ပွဲကို ရအောင်ဖျက်ပြီး မင်းလေးကို အပိုင်ယူလိုက်မိမှာပါဗျာ။

အခုတော့...

www.burmeseclassic.com

www.burmeseclassic.com



ဘာများတတ်နိုင်ဦးမှာလဲဗျာ၊ အရာရာက ပြန်ပြင်
မရအောင် ဘယ်လိုမှ ကုစားလို့မရအောင် နောက်ကျနေ
မို့ ခံစားချက်တွေကို မျိုသိပ်ထားဖို့ပဲ ရှိတော့တာပါ။

"ကိုဝေဟင်"

"ဗျာ"

"သီ့ကို ကိုဝေဟင်အကြောင်း ပြောပြမယ်ဆို"

သူမလေးက မေးတာမို့ သူ့မှာ ရယ်မောပြီး ရှောင်
ရပါတော့သည်။

"အဟွန်း… ဟွန်း ကိုယ့်အကြောင်းက ဘာမှအဆ
တကြယ် ပြောပြစရာ မရှိပါဘူး သီ၊ ကျောင်းတက်တယ်
ဘွဲ့ရတော့ ခရီးသွားလုပ်ငန်းတစ်ခု ရန်ကုန်မှာ လုပ်တယ်
အခု အိမ်ထောင်မရှိသေးဘူး၊ မကြာခင် လက်ထပ်တော့မှ
ပါ၊ လက်ထပ်ပြီးရင်တော့ ကိုယ်လဲ မင်းလို အိမ်ထောင်သည်
ဖြစ်သွားရပြီပေါ့ဗျာ အဟွန်း"

"အို… အဲ့ဒီ အိမ်ထောင်သည်ဆိုတာချည်းကို ခဏခဏ
မပြောပါနဲ့ရှင်"

သူမလေးက ရှုတည်တည် မျက်နှာပေးလေးနဲ့ ပြော





တာမို့ သူက ပြေလည်ရာ ပြေလည်ကြောင်း ဖျောင်းဖျပေး
ရပြန်သည်။ သူမလေး စိတ်နှလုံး ကြည်သာနေတာကိုပဲ
သူက မြင်တွေ့ချင်မိတာကိုး။

"သီရယ် စိတ်ဆိုးပြေလိုက်ပါ ညီမလေးရယ်၊ အခု
လောက်ဆိုရင် သီ့ ခင်ပွန်းလဲ အရမ်းစိတ်ပူနေလောက်ပါပြီ၊
သီလဲ ကိုယ့်အိမ်ကိုယ် လွမ်းနေပါပြီလေ၊ အတင်းကြီး ဟန်
ဆောင်ဖုံးကွယ်ထားလို့သာပါ၊ မဟုတ်ရင် အိမ်မှာကျန်ခဲ့တဲ့
ချစ်ချစ်ကိုလွမ်းလို့ ဟီးချင်တော့မှာ မဟုတ်လားဗျာ အဟွန်း…
ဟွန်း"

"တော်… တော်ပါတော့ တောင်းပန်ပါတယ်၊ ကျွန်မ
ကို ဒီအကြောင်းတွေ မပြောပါနဲ့တော့ ကိုဝေဟင်"

မြသီတဂူရဲ့ အသံလေးက တုန်ခါပြီး တကယ်ပဲ ငို
သံပါလာတာမို့ သူက ဆက်မပြောဘဲ နေလိုက်ရပါတော့
သည်။

ပြည်မြို့ကို ရောက်ခါနီးမှပဲ သူ့ဆန္ဒ ကိုယ့်ဆန္ဒကို
ပြောဖြစ်ပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

"နောက်ထပ်မိနစ်နှစ်ဆယ်လောက် မောင်းရင် ပြည်ကို ရောက်ပြီ သီ၊ မင်း ဘာလုပ်မယ်ဆိုတာ ပြောပါဦးဗျာ"

သီ ဘာလုပ်ရမလဲ။

ရုတ်တရက် မတွေးတတ်အောင်ဘဲ ဖြစ်သွားရတော့တာ။

ကိုဝေဟောင်နဲ့ ခွဲရတော့မယ်ဆိုတဲ့ အသိက သီ့ကို နှိပ်စက်ကြတာမို့ နှလုံးသားနုနုလေးမှာ နာကျင်နေရတော့သည်





သီ ဘာလုပ်ရတော့မလဲကွယ်။ အိမ်ကိုလည်း မပြန်ချင်သေးပါ။ အိမ်မှာဖြစ်နေတဲ့ ဖေဖေနဲ့ မေမေရဲ့ ပဋိပက္ခကို သီ မမြင်တွေ့ချင်။ သီ့ နှလုံးသားတွေက ခံနိုင်ရည်မရှိတာ အမှန်ပါ။

သီက ဖေဖေ့ကိုရော မေမေ့ကိုပါ အရမ်းချစ် အရမ်းတွယ်တာတဲ့ သူလေးရယ်ပါ။ မိဘရဲ့အရိပ်မှာ ပျော်ပျော်ရွှင်ရွှင် နေပါတော့မယ်ဆိုတဲ့ အချိန်ကို ရောက်တော့မှပဲ ဖေဖေနဲ့ မေမေက ကွာရှင်းပြတ်စဲဖို့ ဆုံးဖြတ်လိုက်ကြတာဆိုတော့ သီ့ ရင်ထဲမှာ ခံစားချက်တွေ ဆိုးရွားပြင်းထန် နေရပါပြီ။

အခုတစ်ခါ သီ့ ရင်ခုန်တွယ်ငြိမိတဲ့ သူကလည်း မချစ်သင့်တဲ့သူ ဖြစ်နေရပြန်တာဆိုတော့ သီ့အတွက် စိတ်ပျော်ရော ဘာများရှိတော့လို့လဲကွယ်။

"သီ... သီ ဘာလုပ်ရမလဲ မသိတော့ပါဘူး ကိုဝေဟောင်ကျော်ရယ်"

"ကိုယ့်ဆန္ဒကိုပြောရရင်တော့ အိမ်ပြန်တာ အကောင်းဆုံးပါပဲ သီ၊ အိမ်ထောင်ရှင် မိန်းကလေး တစ်ယောက်၊ ကိုယ့်လင်သားကို စိတ်ဆိုးပြီး ထွက်သွားနေတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မကောင်းပါဘူး သီ၊ တော်ကြာ အပျက်အပျက်
နှာခေါင်းသွေးထွက်ပြီး အိမ်ထောင်ရေးကိုပါ ထိခိုက်သွားရ
မကောင်းဘူးဗျာ”

သီက အံကလေးကိုပဲ တင်းတင်းကြိတ်ထားလိုက်
တော့တာ။

တော်ပြီ...။

ဘာမှလည်း ရှင်းမပြနေတော့ပါဘူး။ သို့ဘာသာသီ
ဖြစ်ချင်ရာဖြစ် လျှောက်သွားပစ်လိုက်ပါတော့မည်။

သီက မျက်နှာလေးကိုစာင်း ခေါင်းကလေးကိုမော့လျ
ပြောလိုက်တော့တာ။

“ရတယ်လေ၊ ပြည်ကိုရောက်တာနဲ့ ကိုဝေဟာင့် ကား
ခေါ်ကနေ ကျွန်မ ဆင်းသွားမှာပါ၊ နောက်ထပ် ဒုက္ခပေးစ
ဖိတ်ကူးလဲ မရှိတော့ပါဘူး”

သီ စကားကြောင့် ကိုဝေဟာင်က ပျာပျာသလဲပဲ ဖြေ
ရှင်းပေးနေတော့တာ။

“ဟာ... ကိုယ်ပြောတာ အဲ့ဒီလိုသဘောမျိုး မဟုတ်ပါ
ဘူး ညီမလေးရယ်၊ တကယ့် စိတ်ရင်းစေတနာနဲ့ ပြောရ





တာပါဗျာ၊ အိမ်ထောင်တစ်ခု ကည်ဆောက်ပြီးရင် နိုင်မြဲ
အောင်ပဲ ကြိုးစားရမှာပေါ့ ကလေးရယ်၊ တစ်ခုခုကြောင့်
သမ်းခွဲကြပြီဆိုရင် မိန်းကလေးဘက်က နစ်နာရတာချည်းပဲ
ဟုတ်လားဗျာ၊ ကိုယ်က နှလုံးသားထဲက တကယ့် စေတနာ
အမှန်နဲ့ ပြောရတာပါဗျာ”

သီက ဘယ်လိုမှ စိတ်မထိန်းနိုင်တော့တာမို့ ပေါက်ကွဲ
အော်ဟစ်လိုက်ပါတော့သည်။ အဲ့ဒီလိုမှ မပေါက်ကွဲရရင်
သို့ ရင်ပဲကွဲရတော့မှာပါ။

“အို... တော်ပါတော့ အဲ့ဒီအကြောင်း မပြောပါနဲ့
တော့ရှင်၊ ကျွန်မ နားမထောင်ချင်တော့လို့ပါ အဟင့်...
ဟင့်”

သီက ကိုယ့်ကိုယ်ကို သတိမထားမိခင်မှာဘဲ ရှိုက်ကြီး
တငင် ငိုချမိသွားပါတော့သည်။

“ဟာ...”

သူမလေးက ရုတ်တရက်ကြီး ရှိုက်ကြီးတငင် ငိုချလိုက်
တာမို့ ဝေဟာင်က ထူပူစိုးရိမ်သွားပြီး ကားကို လမ်းနံဘေး



www.burmeseclassic.com

www.burmeseclassic.com



မှာ ထိုးရပ်လိုက်ပါတော့သည်။

"ဟာ... မငိုပါနဲ့ ညီမလေးရယ် မငိုပါနဲ့ဗျာ၊ ကိုယ့်ကို စိတ်ဆိုးသွားပြီလားဗျာ"

ထိန်းချုပ်နေတဲ့ ကြားထဲကပဲ စောင့်စည်းမှုတွေ ကျိုးပျက်ပြီး ဝေဟင်က ရှိုက်ငိုနေတဲ့ သူမလေးရဲ့ ပခုံးသားအိအိလေးကို ဆုပ်ကိုင်အားပေး မိသွားတော့သည်။

သူ့ချော့မှုမှပဲ သူမလေးက အငိုမတိတ်တဲ့အပြင် ပိုပြီး ရှိုက်သံတွေက ကျယ်လောင်လာတော့တာ။ တသိမ့်သိမ့် လှုပ်ခါနေတဲ့ ပခုံးလေးကို သူက ခပ်တင်းတင်းပဲ ပွေ့ဖက်ထားလိုက်မိသွားတော့တာ။

သူမလေးကလည်း သူ့ရင်ခွင်ထဲကို အလိုက်သင့်လေး ပြိုလဲကျလာတော့သည်။

မဖြစ်သင့်ဘူး ဒါ မဖြစ်သင့်ဘူးလို့ သူ့ဦးခေါင်းထဲမှာ အချက်ပေးသံတွေ ဆူညံနေပေမဲ့ သူက မထိန်းချုပ်နိုင်ဘဲ ကျစ်လျစ်သွယ်နွဲ့ ကိုယ်လေးကို ခပ်တင်းတင်းပဲ ပွေ့ဖက်ထားလိုက်မိတော့သည်။





မြသီတဂူမှာ ကာမပိုင် လင်ယောကျာ်းရှိနေတာပဲဆိုတဲ့ အသိနဲ့ သူက သူမလေးကို ပွေ့ဖက်ထားရာကနေ အလန့်တကြား ပြန်လွှတ်ပေးလိုက်ပါတော့သည်။ သတိသာ ပြန်ဝင်မလာရင် မှားမိတော့မှာပါ။

သူက မျက်လုံး တင်းတင်းမှိတ်လို့ အသက်ကို ပြင်းပြင်းနဲ့ မှန်မှန်ရှူရင်း လွတ်ထွက်သွားတဲ့ သူ့စိတ်တွေကို ပြန်ထိန်းရတော့သည်။

"အို..."

ကိုဝေဟင် လွှတ်ချလိုက်တဲ့ အရှိန်နဲ့ သီ့ခန္ဓာကိုယ်လေးက ယိုင်နဲ့သွားရတော့တာ။ သီက ရှက်လန့်တကြားလေး ခံစားလိုက်ရတော့တာ။

ဘုရားရေ...

"ဆောရီးဗျာ တောင်းပန်ပါတယ် မြသီတဂူ၊ ဒီ... ဒီလိုမျိုးဖြစ်သွားဖို့ ကိုယ် ကြိုတင်ကြံစည် မထားဘူးဆိုတာ ယုံပါဗျာ"

"........"



www.burmeseclassic.com

www.burmeseclassic.com



သီက ဘာမှပြန်မပြောဘဲ ခေါင်းကလေးငုံ့လို့ တိတ်ဆိတ်နေလိုက်မိသည်။

သီ့ကို မွေ့ပိုက်ထားခဲ့မိတာကိုပဲ ကိုဝေဟင်က အကြီးအကျယ် မှားသွားမိလို့ နောင်တတွေ အရမ်းရနေတဲ့ ပုံစံမျိုးဖြစ်နေတာမို့ သီ့မှာ ဝမ်းနည်းကြေကွဲရပါတော့သည်။

တော်ပါပြီ၊ သီ အိမ်ကိုပဲ ပြန်ပါတော့မယ်၊ ကိုဝေဟင့်အနားမှာလည်း မနေချင်တော့ပါဘူးလေ။ သူ့ စိတ်တွေကသူနဲ့ ခေစပ်တော့မဲ့ ချစ်သူဆီမှာပဲ ရှိနေတာကို သိသိကြီးနဲ့သီ သူ့ကို မတွယ်ငြိတော့ပါဘူး။

မဖြစ်နိုင်တာကို ဖြစ်ချင်ဖြစ်လာမှာလို့ ဖြေသိမ့်တွေးပြီးတော့လည်း သီ့ကိုသီ မလှည့်စားချင်တော့ပါဘူးကွယ်။

ကိုယ့်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေရတဲ့ သူ့ဆီမှာ အကူအညီလည်း ထပ်မတောင်းချင်တော့ပါဘူး။

"ကျွန်မ ပြည်ရောက်ရင် အိမ်ကို ဖုန်းဆက်လိုက်မယ်"

"ကောင်းတာပေါ့ ညီမလေးရယ်၊ ဒါဟာ အဖြစ်သင့်ဆုံးပါပဲဗျာ"





"ကျွန်မ... ကျွန်မမှာ သွားစရာ နေစရာမရှိလို့ အိမ်ပြန်လာခေါ်တဲ့အထိတော့ ကူညီပါ ကိုဝေဟင်"

"ဟာ... ကူညီမှာပေါ့ဗျာ"

ကူညီမယ်လို့ ပြောလိုက်ပြီးမှ ဘာယ်လို ကူညီရမလဲဆိုတာတွေးပြီး သူ့မှာ ခေါင်းနောက်ရတော့သည်။ သူမလေးကို အိမ်ခေါ်သွားလို့ ဖြစ်ပါ့မလား။ သူ့အိမ်မှာက ရှေးရိုးဆန်လွန်းတဲ့ အဘွားရယ်၊ အမေရယ်၊ အဒေါ်အပျိုကြီး သုံးယောက်ရယ်၊ အစ်မအပျိုကြီး နှစ်ယောက်ရယ် စုစုပေါင်းမိန်းမတွေကြီးပဲ ခုနစ်ယောက်ရှိကြပါသည်။

နယ်မှာလည်းနေ၊ ရှေးရိုးလည်း ဆန်လွန်းတာမို့ သီတဂူကို ခေါ်သွားတာနဲ့ ပြဿနာကတော့ ဖြစ်တော့မှာသေချာသည်။

သူပြောပြရင်လည်း ယုံကြည်ကြမယ် မထင်ပါ။ အနောင် နိုင်ငံခြားသူတွေနဲ့ရော တိုးရစ်ဂိုက် မိန်းကလေးတွေပါ ရင်းရင်းနှီးနှီး ဆက်ဆံနေရတဲ့ သူ့ကို စိတ်မချပါဘူးပြီး အိမ်က မိန်းမပေးစားဖို့ စီစဉ်ကြတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားနဲ့ မေမေက နိုင်ငံခြားသူ တစ်ယောက်ယောက်နဲ့ သူ နီးစပ်သွားမှာကို စိတ်ပူကြသည်။

"ဘာမှမဖြစ်ပါဘူးဗျာ၊ သူတို့ကလဲ ခဏအလည်လာကြတဲ့ ဧည့်သည်တွေပါ အချိန်တန်ရင် ပြန်ကြတာပဲ" လို့ သူပြောပေမဲ့ လက်မခံပါ။

"အို... စိတ်မချပါဘူး မြေးရယ်၊ အဲ့ဒီ မိန်းကလေးတွေနဲ့ အကြောင်းပါပြီး သူတို့နောက်ကို လိုက်သွားရင် ဘွားရင်ကျိုးရတော့မှာ"

"ဘာမှမဖြစ်ပါဘူး ဘွားရာ"

"အို... ဘယ်သူ အာမခံနိုင်မှာလဲ၊ လူပျိုလူလွတ်ဘဝနဲ့ဆိုတာ ဒီလောက်လွတ်လပ်တာ ဘာမဆို ဖြစ်သွားနိုင်တယ်ကွယ့်၊ ဖြစ်သွားပြီးရင်လဲ ပြန်ပြင်လို့ရတော့တာ မဟုတ်ဘူး"

"ဟုတ်တယ် သားရေ၊ မေမေလဲ စိတ်မချဘူးကွယ်၊ သား ဒီအလုပ် လုပ်နေတာကိုပဲ မေမေက သဘောမကျတာ၊ စီးပွားရေးဆိုတော့လဲ တားရမှာ ခက်တယ်၊ ဒီတော့ ဒီအလုပ်





ကို လူပျိုလူလွတ်အဖြစ်နဲ့တော့ မလုပ်နဲ့"

"ဟင်... မေမေ ဆိုလိုတာက..."

"သားကို မေမေတို့ အိမ်ထောင်ချပေးဖို့ စီစဉ်ထားတယ် သား"

"ဟာဗျာ..."

"မြန်မာဆန်ဆန် ရိုးရိုးသားသား သိမ်သိမ်မွေ့မွေ့ မိန်းကလေး တစ်ယောက်နဲ့ သားကို လက်ထပ်ပေးမယ်"

"မဟုတ်သေးဘူး မေမေ၊ ကျွန်တော် အိမ်ထောင်မပြုချင်သေးဘူး၊ လွတ်လွတ်လပ်လပ် နေချင်သေးတယ်ဗျာ"

"အေး... အဲ့ဒီ လွတ်လွတ်လပ်လပ် ဆိုတာချည်းကိုပဲ မကြိုက်တာ မြေးရေ၊ ဘွားဘွားမသေခင် ငါ့မြေးအတွက် စိတ်ချသွားချင်တယ်ကွယ်"

"ဟာ... ကျွန်တော့်မှာ ချစ်သူမရှိသေးဘူး၊ လက်ထပ်ဖို့ ရည်ရွယ်ထားတာလဲ မရှိသေးဘူး"

"အဟင့်... ဟင့် အဲ့ဒါကြောင့်ပဲ သားအတွက် မေမေနဲ့ ဘွားဘွားက စိတ်ကြိုက်ရွေးချယ် ပေးထားရတာပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ ဘာမှမတတ်နိုင်တော့ပါ။

သူ့ဆီမှာ ချစ်သူတွေ ဘာတွေလည်း မရှိဘူးဆိုတော့ လူကြီးတွေ စိတ်ချမ်းသာဖို့ကိုပဲ လိုက်လျောဖို့ ဆုံးဖြတ်လိုက်ရသည်။

သူနဲ့ သဘောတူထားတဲ့ မိန်းကလေးနဲ့ တစ်ခါတွေ့ဖူးသည်။ အရမ်းအချော အလှကြီးတော့ မဟုတ်ပါ။ ယဉ်ကျေးသိမ်မွေ့ပြီး အရာရာ နားခံတတ်မယ့် ပုံစံမျိုးလေး ဖြစ်သည်။ အိမ်ထောင်ထိန်းသိမ်းတာ၊ အိမ်မှုကိစ္စ စီမံခန့်ခွဲ တာလည်း တော်တတ်မဲ့ ပုံစံမျိုးပါ။

ဒါကြောင့်ပဲ သူက စကားနည်းရန်စဲ ခေါင်းညိတ်ခဲ့ပါသည်။ သူ့နှလုံးသားကလည်း နေရာအလွတ်ဆိုတော့ ဘာမှ သိပ်မထူးခြားပါ။ မနက်ဖြန်ခါဆိုရင်ပဲ စေ့စပ်တော့မှာပါ။ ဒါကို ကံတရားက သူ့ဘက်မှာ မရပ်တည်ဘဲ သူနဲ့ မြသီတဂူကိုတွေ့ဖြစ်အောင် တွေ့ပေးပါသည်။ ဆုံဖြစ်အောင် ဆုံပေးနေပါသည်။

ဆုံတွေ့ရတော့လည်း လွတ်လပ်တဲ့ ဘဝတွေ မဟုတ်



တော့ပါ။ သူမလေးက လက်ထပ်ပြီးသူလေး၊ သူကတော့ စေ့စပ်လုဆဲဆဲ။ ကံတရားက ရက်စက်ခဲ့တာ အသေအချာပါ။

အခု ဘာလုပ်ရတော့မလဲ။ သူမလေးကို အိမ်ခေါ်သွားရင်လည်း ပြဿနာပါ။ မေမေတို့ ဘွားဘွားတို့ ဒေါ်လေးတို့ မမတို့ရဲ့ မေးခွန်းတွေ အကြည့်တွေ ထင်မြင်ချက်တွေအောက်မှာ သူမလေး နာကျင်ထိခိုက်ရပါလိမ့်မည်။

ဒါကြောင့် သူက တည်းခိုခန်း တစ်ခန်းမှာပဲ ထားပေးဖို့ ဆုံးဖြတ်လိုက်ရပါတော့သည်။

သူမလေးက တွေတွေလေးထိုင်ပြီး ငြိမ်သက်လို့။

သူက သက်ပြင်းပဲချလိုက်ရတော့သည်။

မြသီတဂူရယ်...

မင်းလေး ဝေဒနာကင်းကင်းနဲ့ ပျော်ရွှင်နေရတာကိုပဲ ကိုယ် မြင်တွေ့ချင်ပါတယ် ကလေးရယ်...

မင်း အိမ်ကို မင်းပြန်ပြီး မင်းယောကျ်ားရဲ့ ရင်ခွင်မှာ ပျော်မွေ့ပါတော့ဗျာ။

သူမလေးကို ကြည့်ရတာ အသက် ဆယ့်ခုနစ်နှစ်

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ရှစ်နှစ်လောက်ပဲ ရှိဦးမှာပါ။ ဒီလောက်ငယ်ငယ်လေးနဲ့ အိမ်ထောင်ရှင်မလေး ဘာကြောင့် ဖြစ်နေရတာလဲဆိုတာ သူ သိချင်ပါသည်။

မေးလည်း မမေးရဲပါ။

နောက်ဆုံးကော့ သက်ပြင်းပဲ ချရပါတော့သည်။

* * *



## အခန်း (၁၅)

ပြည်ကိုရောက်တော့ မိုးမလင်းသေးပါ။ မြသီတဂူကို တည်းခိုခန်းတစ်ခန်းမှာ ထားခဲ့ဖို့ စဉ်းစားတော့မှ သူမလေး အိမ်မှာ မှတ်ပုံတင်ကအစ ပါမလာတာ သိရတော့သည်။

"အိမ်က ထွက်လာမယ်ဆိုရင်လဲ မှတ်ပုံတင်တော့ ယူလာခဲ့ရမှာပေါ့၊ ကားမောင်းလိုင်စင်ကတ်ရော ပါလား"

"ပါလဲမပါဘူး၊ ရှိလဲမရှိဘူး"

သူမလေးက ဘုဆတ်ဆတ် ပြန်ဖြေတာပါ။

"ဟောဗျာ ဘယ်လိုကြီးလဲ အဟွန်း... ဟွန်း"

"ကျွန်မက ဒီနေ့မှ နိုင်ငံခြားက ပြန်ရောက်လာတာရှင့်"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



ခုမှ လေယာဉ်ကွင်းမှာ တွေ့ခဲ့တာကို ပြန်သတိရလိုက် မိသည်။

"ဟိုမှာ နှစ်နှစ်စောင် နေခဲ့တာ၊ မှတ်ပုံတင် ဘာညာ အိမ်မှာ သိမ်းထားတာပေါ့၊ ဘယ်လိုလုပ်ပြီး ကျွန်မဆီမှာ ဦးမှာလဲ"

ဟိုမှာ နှစ်နှစ်နေခဲ့တာ ဆိုတဲ့အတွက် သူက မျက်မှော ကုတ်လို့ စဉ်းစားလိုက်မိသည်။ စိတ်ထဲမှာလည်း ဇဝေဇ ပါ။

"ဒါဆိုရင်လဲ ကိုယ့်သူငယ်ချင်းရဲ့ တည်းခိုခန်း သွားမှပဲ ဖြစ်မှာပေါ့၊ အချင်းချင်းမှပဲ မှတ်ပုံတင်မပါတာ လက်ခံမှာ"

သီက ဘာမှမပြောဘဲ နေလိုက်ပါသည်။

ကိုဝေဟင်က သီ့ကို တည်းခိုခန်းတစ်ခုဆီ ခေါ်သွား သည်။

ပိတ်ထားတဲ့ တံခါးကိုခေါက်လို့ တံခါးဖွင့် မီးလင် သွားတာနဲ့ အထိတ်တလန့် အော်ဟစ်သံကို ကြားရပါတော့ သည်။





"ဟာ... ဝေဟင် မင်းမိန်းမ ခိုးလာတာလား"

သီက ရှက်လွန်းလို့ ထူပူသွားရတော့တာ။

"ဟိတ်ကောင် ဘာတွေ ပြောနေတာလဲ၊ မဟုတ်ရပါဘူးကွာ"

"မင်း ငါ့ကို မညာနဲ့နော်"

ညဝတ်အင်္ကျီနဲ့ ကိုဝေဟင်ရဲ့ ရှပ်အင်္ကျီကို ဝတ်ဆင်ထားပြီး ဖရိုဖရဲ ပုံစံလေးဖြစ်နေတဲ့ သီ့ကိုကြည့်ပြီး ကိုဝေဟင်ပြောတာကို ယုံကြည်ပုံမရပါ။

"ဘုရားပေးပေး ကျမ်းပေးပေးပါကွာ မညာပါဘူး၊ လမ်းမှာ ကားပျက်နေလို့ ကူညီခဲ့တာပါ။ အဲဒါ သူ့ဆီမှာ မှတ်ပုံတင် ပါမလာဘူးကွာ၊ မင်းရဲ့ တည်းခိုခန်းမှာ တစ်ရက်နှစ်ရက်လောက် လက်ခံပေးပါ"

ကိုဝေဟင်က ပြောတော့မှ တည်းခိုခန်းပိုင်ရှင်က ခေါင်းညိတ်ပြီး သီ့ကို လက်ခံသည်။

"အေးလေ အရမ်းခက်ခဲနေတယ်ဆိုရင်တော့ လက်ခံပေးပါ့မယ်။ ရက်အကြာကြီးတော့ မဖြစ်ဘူး ဝေဟင်၊ မင်းသိပါတယ်ကွာ၊ မှတ်ပုံတင် ပါမလာတာက ပြဿနာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်ကွာ၊ ဒါကြောင့်ပဲ မင်းဆီကို အားကို…
တကြီးနဲ့ လာခဲ့ရတာပေါ့"

"အေးပါ ကူညီရတာပေါ့ကွာ၊ တစ်ယောက်အိပ်ခန်း… တော့ ကုန်နေတယ် ဝေဟင်၊ နှစ်ယောက်ခန်းတွေပဲ ရှိတော့… တယ်"

"အိုကေ… ရှိတာပဲ ပေးပေါ့ကွာ"

အခန်းသော့ရတော့ ကိုဝေဟင်က သီ့ကို လိုက်ပို့… ပြီး အခန်းရှေ့ကနေပဲ လှည့်ပြန်သွားပါသည်။ ဒီတော့ အခ… ထဲကိုဝင် တံခါးလုံအောင်ပိတ်ပြီး သီက ခုတင်ပေါ်မှာ ပ… လျားမှောက်လို့ အားရပါးရ ငိုစစ်လိုက်ပါတော့သည်။

ထိုအချိန်တွင် ဝေဟင်ကျော်ကလည်း သူမလေး… စိတ်မချနိုင်ဘဲ သူငယ်ချင်းဆီမှာ အပ်နှံနေမိပါတော့သည်…

"ဇော်လွင် ကောင်မကလေးကို ဂရုစိုက်လိုက်ပါကွ… ဖုန်းဆက်ရင်လဲ ပေးဆက်လိုက်ပါ။ မင်းဆိုင်က သူလို… တာတွေအားလုံး ယူပါစေ၊ ပြီးရင် ငါ ပိုက်ဆံရှင်းပေး… မယ်"

ဇော်လွင်က သူ့ကို မယုံသင်္ကာအကြည့်နဲ့ ကြည့်သ…





"ဟေ့ကောင် မင်း မိန်းမခိုးလာတာကတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ရပါဘူးကွာ၊ ကောင်မလေးကလဲ အိမ်ထောင်ရှိတဲ့သူပါ၊ သူ့ယောကျ်ားနဲ့ ရန်ဖြစ်ပြီး အိမ်ကဆင်းလာတာ လမ်းမှာ ကားပျက်နေလို့ ငါ့ကားနဲ့ ခေါ်လာခဲ့တာ"

"ဟုတ်ပါ့မလား ဝေဟင်၊ ကောင်မလေးက ဒီလောက် ငယ်ငယ်နုနုလေး အိမ်ထောင်သည်ဆိုတာ ဟုတ်နိုင်ပါ့မလား။ သူ့ပုံစံလေးက ယောကျ်ားရှိတဲ့ပုံစံမျိုးလဲ မဟုတ်ပါဘူး"

ဇော်လွင်က သူ့ကို ခံငြင်းနေတာပါ။

"တကယ်ပြောတာပါ၊ ငါက ညာစရာလား၊ ဒီလိုကွာ သူနဲ့ငါက ရန်ကုန်လေဆိပ်မှာ ညဦးပိုင်းက ဆုံခဲ့သေးတယ်"

သူက လူချင်းဝင်တိုက်မိလို့ သူမလေးရဲ့ လက်ထပ်လက်စွပ်လေး ကျပျောက်သွားတာ။ သူမလေးက စိုးရိမ်တကြီး လိုက်ရှာတာ၊ အားလုံးကို သူက ဇော်လွင်သိအောင် ပြန်ပြောပြလိုက်မိပါသည်။

"ဟုတ်လား၊ မင်းတို့နှစ်ယောက်ရဲ့ တိုက်ဆိုင်မှုကလဲ တစ်ညတည်းမှာတင် နှစ်ခါပြန်ဆုံရတယ်လို့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ သူတို့လင်မယား ရန်ဖြစ်ရတာကလဲ လက်စွပ်ကြောင့်ဆိုတော့ ငါ့ဆီမှာ တာဝန်ရှိမနေဘူးလား၊ ဒါကြောင့် ငါ ကူညီမှာပဲဖြစ်မှာ"

"ငါကတော့ သိပ်မယုံဘူး ဝေဟင်"

"ငါ မင်းကို မညာပါဘူးကွာ"

"မင်းကို မယုံတာ မဟုတ်ပါဘူး၊ ကောင်မလေးဆီမှာ ယောကျ်ားရှိတယ်ဆိုတာကို မယုံတာကွ၊ မင်းကို တမင်ညာပြောတာရော မဖြစ်နိုင်ဘူးလား ဝေဟင်၊ မိန်းကလေးတစ်ယောက်အတွက် လုံခြုံရေး အရံအတားဟာ အိမ်ထောင်ရှိတယ်လို့ ပြောလိုက်တာလဲ တစ်ခုအပါအဝင် မဖြစ်နိုင်ဘူးလား"

"အဟား... ဟား မင်းပဲ တွေးချင်သလို တွေးနေပေတော့ ဖော်လွှင်၊ ငါ သွားတော့မယ်"

"စိတ်ချ... စိတ်ချ"

တည်းခိုခန်းကနေ ထွက်လာခဲ့တော့ သူ့ရင်ထဲမှာ ခံစားချက်တွေ တနင့်တပိုး ပါလာတော့တာ။

သေချာပါတယ်။





မချစ်သင့်သူလေးအပေါ်မှာ သူ နင့်နင့်နဲနဲ ချစ်မိသွားခဲ့ပါပြီ။

ခုမှတော့ ဘာတတ်နိုင်တော့မှာလဲနော်...

ကိုယ့်ဘဝမှာ ကိုယ် နေပျော်အောင် နေကြရုံပဲရှိတော့တာပေါ့လေ။

မြသီတဂူက အားရအောင် ငိုပြီးတာနဲ့ ဧည့်ကြိုကောင်တာဆီ ပြန်ထွက်လာခဲ့လိုက်တော့တာ။ သီ ထင်တဲ့အတိုင်းပါပဲကွယ်။

ကိုဝေဟင် သီ့ကိုထားခဲ့ပြီး သူ့ချစ်သူဆီ ထွက်သွားပါပြီ။

"ဟော... ညီမလေး ဖုန်းဆက်မလို့လား ဆက်ပါ"

"ဟုတ်ကဲ့"

"မနက်ကျရင် ဒီဘက်က စတိုးဆိုင်မှာ ညီမလေးအတွက် လိုအပ်တာတွေယူဖို့ ဝေဟင်က မှာသွားတယ်၊ ဒီမှာ ညီမလေး လိုအပ်တာသုံးဖို့ ပိုက်ဆံလဲ ပေးသွားတယ်၊ နောက်မှ ပြန်ပေးပါတဲ့ဗျာ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



သီက စို့ဝဲလာတဲ့ မျက်ရည်တွေကို မျက်တောင်နားနား ခတ်လို့ သိမ်းနေရတော့တာ။ သီ့ နှလုံးသား နုနုလေးက တကယ်ပဲ ခံနိုင်ရည်တွေ ချို့နဲ့နေရတာပါ။

"ဖုန်းဆက် ညီမလေး၊ အားမနာနဲ့ လွတ်လွတ်လပ်လပ် ပြောပါဗျာ"

ကိုဝေဟင့် သူငယ်ချင်း တည်းခိုခန်းပိုင်ရှင်က သီ့ကို ဖုန်းအနားမှာ ထားခဲ့ပြီး အတွင်းခန်းထဲ ဝင်သွားသည်။

ဒီတော့မှပဲ သီက မေမေတို့ဆီ ဖုန်းဆက်လိုက်ပါတော့သည်။

"တူ... တူ... တူ"

ဖုန်းခေါ်နေပေမဲ့ တော်တော်နဲ့ လာမကိုင်တော့ သီ့မှာ စိတ်ပူရပြန်သည်။

အတော်ကြာမှ မေမေ့အသံကို ကြားရပါတော့သည်။

"ဟယ်လို"

"မေမေ"

သီက စိတ်မထိန်းနိုင်တော့ဘဲ ငိုသံလေးနဲ့ မေမေ့ကို ခေါ်လိုက်မိတော့တာ။





"အို... သမီးလေး သမီးလေး အခု ဘယ်က ဖုန်းဆက်နေတာလဲ၊ မေမေ စိတ်ပူလို့ သေရတော့မယ်ကွယ်"

"သီ ပြည်ကနေ ဆက်နေတာပါ မေမေ၊ သီ့အတွက်တော့မှ စိတ်မပူပါနဲ့ရှင်"

"အို... စိတ်မပူလို့ ဖြစ်မလား သမီးရယ်၊ မိန်းမပျိုလေး တစ်ယောက်တည်း ညဘက်မှာ ကားတစ်စီးနဲ့ ထွက်သွားတာ ဘယ်လောက် စိုးရိမ်စရာ ကောင်းထားသလဲကွယ်"

"သီ့အတွက် စိတ်မပူပါနဲ့ မေမေ၊ သီ... သီက မေမေနဲ့ ဖေဖေအတွက် စိတ်ပူနေမိတာပါ၊ တကယ်ဆို မေမေနဲ့ ဖေဖေကို သင့်မြတ်နွေးထွေးအောင် လုပ်ပေးဖို့ သီ စိတ်ကူးယဉ်လာခဲ့တာပါ၊ မေမေ့အတွက် လက်ထပ်လက်ဖွဲ့ကလေးတောင် လုပ်ပေးမလို့ပါ၊ ဒါပေမဲ့ ကံတရားက ရက်စက်တယ်၊ သီ့ လက်ထဲက မေမေ့အတွက် လက်ဖွဲ့ကလေး ကျပျောက်သွားခဲ့ရတယ်၊ သီက ဒီလောက်အထိ စိတ်ကူးခဲ့မျှော်လင့်ခဲ့ပေမဲ့ မေမေနဲ့ ဖေဖေကတော့ လမ်းခွဲပြတ်စဲကြတော့မယ်နော်၊ သီ... သီ အရမ်းဝမ်းနည်းမိတယ် မေမေ"

"သမီးလေးကို မေမေ ရှင်းပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေနဲ့ ဖေဖေက မိဘတွေပါ။ မေမေတို့ ကြိုက်သလို လုပ်နိုင်ပါတယ်၊ သီ့ကို ရှင်းပြနေစရာ မလိုပါဘူး၊ မေမေတို့ စိတ်ချမ်းသာသလိုပဲ လုပ်ပါနော်"

"သမီး"

"သီ မောင်းလာတဲ့ကားက ပျက်သွားလို့ ပြည်လမ်းပေါ်မှာပဲ ထားခဲ့လိုက်တယ် မေမေ၊ အဲ့ဒီအတွက် ခွင့်လွှတ်ပါ၊ သီ့အတွက် စိတ်မပူပါနဲ့ မေမေ၊ မကြာခင် သီ ပြန်လာခဲ့ပါ့မယ်၊ သီ ဖုန်းချလိုက်တော့ မေမေ"

"သမီး... သီ... မြသီတဂူ"

မေမေခေါ်နေတဲ့ ကြားထဲကပဲ သီက ဖုန်းကိုချလိုက်ပါတော့သည်။

ဝေဟာင်ကျော် သူငယ်ချင်း ဇော်လွင်က မြသီတဂူ ဖုန်းကို ခိုးနားထောင်နေတာပါ။ ဝေဟာင်က သူမလေးကို အိမ်ထောင်ရှိနေသူပါလို့ ပြောတာ မယုံနိုင်တဲ့အတွက် သူက ဖုန်းခိုးနားထောင်လိုက်တာ ဖြစ်သည်။ အခုတော့ သူထင်တာ မှန်သွားပါပြီ။ ကောင်မလေးက အပျိုမလေးပါ။

ဇော်တော်တုံးတဲ့ ဝေဟာင်၊ လာမှပဲ ပြောပြရပါတော့





သည်။ ဘယ့်နှယ့်ဗျာ ဒီလောက်ငယ်ငယ် နုနုလှလှလေးကို ယောက်ျားရှိတယ်လို့ ဒီကောင်ပဲ ထင်ရက်တယ်။

ဇော်လွင်ကလည်း လူပျိုလူလွတ်ပါ။ ဒီတော့ အချော အလှလေးကို ရင်ခုန်ချင်မိ နေပါတော့သည်။ ဒီလို လှလှပပလေးနဲ့သာ နှစ်ကိုယ်တူ ချစ်ခွင့်ရရင် ဘယ်လောက် ကောင်းလိုက်မလဲလို့ တွေးရင် သူ့ရင်ဘတ်ထဲမှာ ကုလားဘုရား လှည့်သွားရပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

သူ အိမ်ရောက်သွားတာနဲ့ တစ်အိမ်လုံးက ဆူညံပွက် သွားကြပါတော့သည်။

"အမယ်လေး မြေးရယ်၊ မနေ့ကတည်းက မျှော်နေတာ၊ ဒီနေ့မှပဲ ရောက်လာတယ်၊ ဘွားဘွား စိတ်ဘယ်လောက်ပူနေပြီထင်လဲ"

"ကျွန်တော့်မှာ အလုပ်တွေ များလွန်းလို့ပါ ဘွားရယ်"

"ဟဲ့... ကိုယ်စေ့စပ်ရမယ့် ကိစ္စထက်ပဲ အလုပ်က ပို အရေးကြီးနေသလား မောင်လေးရယ်"

"အေးလေ၊ မင်းကတော့ အလွန်ပဲ"





"မနေ့မနက်တည်းက အလုပ်တွေများလွန်းလို့ အသက်တောင် ဝအောင်မရှူရသေးဘူးဗျာ၊ တစ်ညလုံးလဲ တစ်မှေးမှ မအိပ်ရသေးဘူး၊ ကျွန်တော့်ကို ပေးအိပ်ပါဦးဗျာ"

"ဟုတ်သားပဲ မောပန်းလာတာကို အိပ်... အိပ်"

"ခြေထောက်တွေ လက်တွေ အရင်ဆေးဦး"

"တစ်ခုခုစားပြီးမှ အိပ်ပါလား၊ ဒါမှ စေ့စပ်ပွဲမှာ မျက်နှာပြည့်နေမှာပေါ့"

တစ်ရေးအိပ်ဖို့ကိုတောင် ဇီဇာကြောင်နေကြတဲ့ အဖိုးကြီးတွေပါ။

မြသီတာ့ကိုသာ အိမ်ခေါ်လာမိရင် ပြဿနာမှ တကယ့်ပြဿနာပါ။ ဖြေရှင်းလို့ကိုရမှာ မဟုတ်တော့ပါ။ သူ ဆုံးဖြတ်တာ မှန်သွားလို့ပဲ တော်ပါသေးသည်။

အခုတောင် သူအိပ်ရဖို့ ပြဿနာက များနေသေးတာ။

အခန်းထဲရောက်ပြီး အခန်းတံခါး ပိတ်ထားလိုက်တော့မှပဲ စိတ်အေးနားအေး ဖြစ်သွားရပါတော့သည်။

ရောင်နီတောင် လာနေပါပြီ။ ကိုယ်ရောစိတ်ပါ ပင်ပန်း နွမ်းနယ်လွန်းနေပေမဲ့ သူက မအိပ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်တွေက သူနဲ့ မကြာခင်မှာ ဇာစပ်တော့မဲ့ မိန်းကလေးဆီမှာ မရှိဘဲ မြသီတဂူဆိုတဲ့ ကောင်မလေးဆီကိုပဲ ရောက်နေလေတော့တာ။

မျက်လုံးမှိတ်ထားလိုက်တော့လည်း သူမလေးရဲ့ ပုံရိပ်ကပဲ အာရုံတွေကို စိုးမိုးထားကြပြန်သည်။

အသက်ရှူလိုက်တော့လည်း သူမလေးရဲ့ ကိုယ်ငွေ့ရနံ့သင်းသင်းလေးကိုပဲ ခံစားနေရပြန်တာ။ သူ့နားထဲမှာ စွဲမြဲတာကလည်း သူမလေးရဲ့အသံ ချိုချိုလေးကိုပဲ ဖြစ်နေပြန်သည်။

နမ်းလိုက်မိတဲ့ ပါးပြင်နုနုလေးရဲ့ အထိအတွေ့ကိုလည်း ဘယ်လိုမှ မေ့ထားလို့မရပြန်ပါ။ စွဲလမ်းခြင်းတွေက ကြောက်ခမန်းလိလိ ဖြစ်နေရပါတော့သည်။

ဒါကို သူ ဘယ်လို ကုစားရမလဲ။ ဘယ်လို မေ့ပျောက်ရပါ့မလဲ။ သူ့အဖြစ်က လွယ်မယောင်နဲ့ ခက်နေရတဲ့ အဖြစ်ပါ။ အချစ်နတ်ကတော့ သူ့ကို ရက်ရက်စက်စက် ဖမ်းစာနေပါပြီ။

အိပ်လို့မရတဲ့အတွက် ဝေဟင်က အိပ်ရာပေါ်မှာ ငုတ်





တုတ်ထိုင်လို့ပါ။ သူ့နှလုံးသားက သူမလေးကိုပဲ အပြင်းအထန် တမ်းတတပ်မက် နေတော့တာ။

သူ့ရဲ့ ဦးနှောက်တွေကတော့ သူနဲ့ မြသီတဂူရဲ့အကြားမှာ ခြားထားတဲ့ စည်းရိုးကို ကောင်းကောင်းသိနေပါသည်။ အဲဒီစည်းက ကျော်လို့လည်းမရ။ ဖျက်လို့လည်းမရတဲ့ စည်းရယ်ပါ။ နှလုံးသားကို အလိုလိုက်ပြီး သူ ဒီစည်းကို ကျော်လိုက်တာနဲ့ပဲ သူကိုယ်တိုင် လူ့အသိုင်းအဝိုင်းရဲ့ အပြင်ဘက်ကို ရောက်သွားရတော့မှာ သေချာပါသည်။

လူတွေအားလုံးကလည်း သူ့ကို လက်ညှိုးထိုး ကဲ့ရဲ့ကြမှာ အမှန်ပါ။

"အား..."

နောက်ဆုံးတော့ သူက အိပ်မရတာကို ကြိုးစားပြီး အိပ်ဖို့ ဆုံးဖြတ်ကာ စောင်ထူထူကို ခေါင်းမြီးခြုံထားလိုက်ပါတော့သည်။

ထိုအချိန်တွင် ဝေဒနာပေါင်းစုံရဲ့ နှိပ်စက်ခြင်းကို ခံနေရသူလေးက မြသီတဂူရယ်ပါ။

သီက အိပ်ချင်စိတ် မရှိတဲ့အတွက် အိပ်ရာပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ငှတ်တုတ်လေးထိုင်လို့ မီးစင်စင်လင်းတာကို ထိုင်စောင့်

လိုက်ပါတော့သည်။

လူက ငြိမ်သက်နေပေမဲ့ စိတ်အတွေးတွေကတော

မငြိမ်မသက်နိုင်ပါ။ ဒီအချိန်ဆို ကိုဝေဟင်ကတော့ သူ့ချစ်

နဲ့ ကြည်နူးပျော်မွေ့လို့ သီ့ကို မေ့လျော့နေတော့မှာ။

သီ ရင်ကွဲပက်လက် ခံစားနေရတာကိုရော သူသိ

တဲ့လားနော်။

သီကိုက ကံဆိုးတာပါ။ ရည်းစား မထားလိုက်ရ

အသည်းကွဲသွားရတယ်လို့နော်။ သီ့အချစ်တွေကလည်း

ထဲရေသွန်သလို အဖြစ်မျိုးကို ရောက်သွားရပါပြီ။

အိမ်ပြန်ရောက်သွားရင်လည်း ရင်ကွဲစရာနဲ့ပဲ ကြုံ

ရဦးမှာ”

“ဒေါက်… ဒေါက်”

တံခါးခေါက်သံကြောင့် သီက အလန့်တကြား

ခုတင်ပေါ်က ခုန်ချလိုက်မိတော့တာ။

ချောင်းကြည့်ပေါက်ကနေ ချောင်းကြည့်လိုက်တော

တည်းခိုခန်းပိုင်ရှင် ကိုဝေဟင်ရဲ့ သူငယ်ချင်းကို တွေ့လို

ရတာမို့ သီက တံခါးဖွင့်လိုက်သည်။





အပြင်ဘက်မှာ မိုးစင်စင် လင်းနေပါပြီ။

“အဟွန်း… ဆိုင်ဖွင့်ပြီ ညီမလေး၊ လိုအပ်တာ လာ

ယူဖို့ လာပြောတာ၊ တော်ကြာ ညီမလေး အပြင်ထွက်ရခက်

နေမှာ စိုးလို့ပါ”

သီ့ကို ရွှန်းရွှန်းစားစား ကြည့်တဲ့ မျက်လုံးတွေကြောင့်

သီက စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားရတော့တာ။

“ဪ… ကျေးဇူးပါပဲ”

“အဟွန်း… ဆိုင်မှာက အဝတ်အစား အသုံးအဆောင်

အားလုံးရှိတယ်ဆိုတော့ ညီမလေးအတွက် အဆင်ပြေပါတယ်၊

လိုအပ်တာအားလုံး တစ်နေရာတည်းမှာ ဝယ်လို့ရတာပေါ့

ဗျာ အဟွန်း… ဟွန်း”

ဘယ်လိုကြီးပါလိမ့်။

သိသိသာသာကြီး ရောနေတာမို့ သီက ကာကွယ်တဲ့

အနေနဲ့ ပြောလိုက်သည်။

“အများကြီးတော့လဲ မလိုအပ်ပါဘူးရှင်၊ အဝတ်တစ်စုံ

လောက်ဆို ရပါပြီ၊ ကျွန်မ အမျိုးသား လာခေါ်တော့မှာပါ”

“ကောင်းတာပေါ့ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲရောက်တော့ ပစ္စည်းအတော် စုံစုံလင်လင် ရှိနေတာကို တွေ့ရသည်။

မနက်စောစောမို့ လူလည်း တစ်ယောက်မှ ရှိမနေပါ။ သီက ဂျင်းဘောင်းဘီ အပြာနုနုလေး တစ်ထည်နဲ့ တီရှပ် အနီရောင်လေးကို ရွေးလိုက်သည်။ ပြီးတော့ သွားတိုက်ဆေးနဲ့ သွားပွတ်တံရယ်၊ မိတ်ကပ်အခြောက် တစ်ဘူးရယ်၊ ဘီး တစ်ချောင်းရယ်၊ ခေါင်းစည်းကြိုး ကွင်းလေးရယ်ကို ယူလိုက်သည်။

"ကျေးဇူးပါပဲ၊ ကျွန်မအိမ်က ရောက်လာတော့ ပိုက်ဆံပေးပါ့မယ် ကို..."

"ကိုယ့်နာမည် ဇော်လွင်ပါ ညီမလေး"

"ဟုတ်ကဲ့၊ ကျေးဇူးပဲနော် ကိုဇော်လွင်"

"ရပါတယ်ဗျာ၊ ဘာမှလဲ လုပ်မပေးရသေးဘဲနဲ့ ကျေးဇူးတွေ တင်မနေပါနဲ့"

ကိုဝေဟင့်လို မချောပေမဲ့ ယောက်ျားပီသတဲ့ ရုပ်ရည်မျိုး ပိုင်ဆိုင်ထားတဲ့ ကိုဇော်လွင့်ကို သီက ခင်မင်မိသွားပါသည်။





"အဟင့်... ကျွန်မကို ခွင့်ပြုပါဦးနော်၊ အရေခွံလဲလိုက်ဦးမယ်"

"ကောင်းပါပြီဗျာ ကောင်းပါပြီ"

ရယ်မောပြီး စကားပြောလိုက်တော့ သီက နည်းနည်းနေသာထိုင်သာ ရှိသွားသည်။

ဖြစ်နိုင်ရင် အရာအားလုံးကို မေ့လျော့ပြီး သီ ပျော်ရွှင်ချင်ပါသည်။

သီက ပျော်နိုင်အောင် စတင်ကြိုးစားတဲ့အနေနဲ့ ရေချိုးခန်းထဲဝင်ပြီး ခေါင်းလျှော်ရေချိုး ပစ်လိုက်ပါသည်။

ပြီးတော့ အဝတ်အစားလဲပြီး လှပလွန်းတဲ့ မျက်နှာလေးကို မိတ်ကပ်ခြောက်ကလေး အသာဖိလိုက်တော့တာ။ နောက်ဆံပင်ဖြောင့်စင်းလေးတွေကို ငယ်ထိပ်မှာ စုချည်ပြီး ဖရိုဖရဲ ပြန်ချထားလိုက်သည်။

ဒီလောက်လေး ပြင်ဆင်လိုက်ရုံနဲ့ပဲ သီ အလှက တောက်ပလာတော့တာ။ ပြင်ဆင်ပြီးတာနဲ့ သီက ထွက်လာခဲ့လိုက်ပါတော့သည်။ အခန်းထဲမှာ တစ်ယောက်တည်း နာကျင်ကြေကွဲနေမယ့်အစား မရောက်ဖူးသေးတဲ့ နေရာသေ



www.burmeseclassic.com

www.burmeseclassic.com



မှာ လျှောက်လည်ပတ်တာက ပိုမကောင်းဘူးလားနော်။

လူတွေကြားထဲမှာ ရောနှောသွားလာနေတော့ ဝေဒနာတွေကို မေ့ထားနိုင်တာပေါ့။ တစ်ယောက်တည်း ငြိမ်ငြိမ်လေးနေရင်း လူကသာ ငြိမ်နေတာပါ၊ စိတ်တွေက မငြိမ်မသက်နဲ့ မျောက်တစ်ကောင်လိုမျိုး ယောက်ယက်ခတ်နေတတ်တာ မဟုတ်လား။

သီ ထွက်လာတော့ ကိုဇော်လွင်က လှမ်းနှုတ်ဆက်သည်။

"ညီမလေး မနက်စာ ထွက်စားမလို့လား"

"ဟုတ်ကဲ့"

"တစ်ယောက်တည်းသွားလို့ ဖြစ်ရဲ့လားဗျာ"

"ဖြစ်ပါတယ်"

"အဟွန်း... ဒီနေ့တော့ ဝေဟင်ကလဲ အားမှာ မဟုတ်ဘူးဗျာ၊ ဒီနေ့ သူ့ စေ့စပ်ပွဲမှာလေ အဟွန်း... ဟွန်း"

အစကတော့ သီက ကိုဇော်လွင်နဲ့ အရမ်းကြီး ရင်းရင်းနှီးနှီး မနေချင်လို့ စကားကို အတတ်နိုင်ဆုံး နည်းနည်းပဲ ပြောဖို့ စဉ်းစားထားတာပါ။





အခုတော့ ကိုဝေဟင့်အကြောင်း သိချင်တဲ့စိတ်တွေ
်လာတာမို့ သီက ကောင်တာရှေ့မှာရပ်ပြီး စကားပြော
က်မိသည်။

"ကျွန်မ သိပါတယ် ကိုဇော်လွင်၊ ဒါနဲ့ ကိုဝေဟင်
ဗျာ်နဲ့ ကိုဇော်လွင်က အရမ်းခင်ကြတာပဲလား"

"ခင်တာမှ စားအတူ သွားအတူ၊ သူ့အိမ်မှာ ကိုယ်
က်နေ ကိုယ့်အိမ်မှာ သူလိုက်နေနဲ့ အရမ်းခင်တာ ညီမ
လးရဲ့၊ သူငယ်တန်းကတည်းက အတူတူလေ၊ ဆယ်တန်း
ောင်တော့မှ ဝေဟင်က ရန်ကုန်မှာ ကျောင်းသွားတက်လို့
သွားတာ၊ ကျောင်းပြီးတော့လဲ ဒီကောင်က ရန်ကုန်မှာပဲ
ရီးသွားလုပ်ငန်း ထူထောင်ပြီး နေလိုက်တော့ မတွဲဖြစ်တော့
ူးပေါ့ဗျာ"

"သြော်... ကိုဝေဟင့် ချစ်သူကရော ဒီမြို့ကပဲလား"

"အဟွန်း... ပြောရင် ရယ်စရာကြီးဗျာ၊ ဒီကောင်က
ကုန်မှာ တက္ကသိုလ်တက်ခဲ့၊ လက်ရှိလဲ အလုပ်လုပ်နေပါ
က်နဲ့ ရည်းစားမရှိဘူးတဲ့ဗျာ၊ အခု စေ့စပ်မှာက သူ့အိမ်က
ဘောတူတဲ့ မိန်းကလေးနဲ့ပေါ့ အဟွန်း... ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

ကိုဇော်လွင် ပြောတာကို နားထောင်လိုက်ရတော့ သီ့ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားရတော့တာ။

ကိုဝေဟောင့်မှာ ချစ်သူမရှိဘူးတဲ့၊ မိဘပေးစားမယ့် မိန်းကလေးနဲ့ စေ့စပ်မှာတဲ့။ ဩော်... သီနဲ့ ကိုဝေဟောင့်က မပွင့်မလင်းခဲ့လို့ တွေ့ဆုံရပြီးမှ လွဲချော်သွားတာပဲ ဖြစ်မှာပါကွယ်။

ကိုဝေဟောင်က သီ့ဆီမှာ အိမ်ထောင်ရှိတယ်လို့ ထင်တယ်၊ သီမှလဲ ကိုဝေဟောင့်မှာ ချစ်သူရှိတယ်၊ အဲဒီချစ်သူနဲ့ စေ့စပ်တော့မယ်လို့ ထင်မိတယ်။

ဒါကြောင့်ပဲ သီ့မှာ အိမ်ထောင်မရှိပါဘူးလို့ ရှင်းမပြခဲ့မိဘူးပေါ့။ ကိုဝေဟောင်က ပွင့်ပွင့်လင်းလင်း မပြောခဲ့တော့ အရာရာက လွန်သွားပါပြီ။

သီက မျက်နှာလေး ...က်ပြီး တိတ်ဆိတ်ငြိမ်သက်သွားရတော့တာ။

မနက်စာ စားချင်တဲ့စိတ်တောင် မရှိတော့ပါ။ လမ်းလျှောက်ထွက်မယ်ဆိုတဲ့ စိတ်ကူးကိုလည်း အကောင်အထည်





...ဖော်ချင်တဲ့ ဆန္ဒမရှိတော့ပါ။

ဖြစ်နိုင်ရင် တစ်ယောက်တည်း မဆုံးနိုင်တဲ့ ငိုကြွေး...င်းတွေနဲ့ ငိုနေချင်မိတော့တာပါပဲ။

ဧည့်သည်တစ်စု ရောက်လာတာမို့ သီက ကိုဇော်လွင့်ကို နှုတ်ဆက်ပြီး ထွက်လာခဲ့လိုက်ပါတော့သည်။

"ကျွန်မ သွားဦးမယ်နော် ကိုဇော်လွင်"

"ကောင်းပါပြီဗျာ"

မြသီတဂူရဲ့ နောက်ပိုင်းအလှကို ဇော်လွင်က ငေးမော...ားလို့ပါ။

တော်တော်လှတဲ့ ကောင်မလေးပါ။ အသားအရေ၊ ...တ်စားပုံ၊ နေထိုင်ပုံ၊ ပြောဆိုပုံတွေကို ကြည့်ရုံနဲ့ အထက်...န်းလွှာထဲကဆိုတာ သိသာလွန်းနေသည်။

တကယ်တော့ ဇော်လွင်က ကောင်မလေးအနေနဲ့ ...ဝေဟောင့်ကို တမ်းတနေမှာ ရင်ခုန်နေမှာကို မလိုလားလို့ တား...းကာကွယ်တဲ့အနေနဲ့ ဝေဟောင် စေ့စပ်တော့မယ်ဆိုတာကို ...ပြောပြလိုက်တာ ဖြစ်သည်။ သူမလေးနဲ့ ဝေဟောင်အကြားမှာ ...ယ်နေတာတွေများ ရှိခဲ့ရင် ပြတ်တောက်သွားအောင်လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ဖြင့် သူပြောလိုက်မှပဲ သူမလေးရဲ့ မျက်
လုလုလေးက ပျက်ယွင်းသွားပါတော့သည်။ ခုမှပဲ သူ
စိတ်ညစ်သွားရတော့တာ။

ဒါပေမဲ့ စိတ်တော့ မပူပါ။ ဝေဟင်က ဈေးစပ်
မှာလေ။ သူကတော့ သူမလေးရဲ့ အချစ်ကိုရအောင် ကြိုး
ဖို့ အခွင့်အရေးတွေ ရှိနေသေးသည်။

* * *



# အခန်း (၁၇)

ထိုအချိန်တွင် ဦးကျော်ထွင့်နဲ့ ဒေါ်စကားဝါတို့ နေိုး
မောင်နဲ့ရဲ့ ကားလေးက ရန်ကုန်ပြည် ဟိုင်းဝေးလမ်းပေါ်
မှာ တရိပ်ရိပ် ပြေးလွှားနေပါသည်။

"ဝါရယ် တကယ်ဆို သမီးရှိနေတဲ့ နေရာကို ရအောင်
မေးရမှာ"

"ကျွန်မလဲ ကြိုးစားပါသေးတယ် မောင်ရယ်၊ ဒါပေမဲ့
မောင့်သမီးက သူပြောချင်တာကိုပဲ ရအောင်ပြောသွားတာ
ရှင့်၊ ကျွန်မ ပြောတာကို နားထောင်ပေးတာ မဟုတ်ဘူး
ဟွန်း တကယ် အဖေတူသမီး စစ်စစ်ပါပဲ"

ဒေါ်စကားဝါက မျက်စောင်းလေးထိုးလို့ ပြောလိုက်
တာပါ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်သက် နှစ်နှစ်ဆယ်နား နီးနေပေမဲ့ ဦးကျော်ထွဋ်ကတော့ ချစ်ဇနီးရဲ့ မျက်စောင်းလှလှကြောင့် ရင်ခုန်နေရတုန်းပဲ ရှိနေပြန်ပါသေးသည်။

အချစ်တွေက လျော့ပါးမသွားတဲ့အပြင် ခုမှပဲ ပိုမိုများပြားတိုးပွားနေတာမို့ ချစ်ဇနီးရဲ့ အနားကနေ တစ်ဖဝါးမှ မခွာချင်အောင်ပါပဲ။ ကြားလေသွေးရင်တောင် ဝေးမှာဆိုးတယ် ဆိုတာမျိုးကို ခံစားနေရတာပါ။

"အချစ်ရယ် မောင့်ကို ခုထိ စိတ်ဆိုးနေတုန်းပဲလားဗျာ"

"အို... ဆိုးတာပေါ့၊ မောင့်ဘာသာ မောင် စိတ်ထဲကထင်နေတာတွေကို တစ်ဖက်သတ် ဆုံးဖြတ်တာ ဘယ်လောက်ဆိုးထားသလဲ၊ ကျွန်မဆန္ဒနဲ့ ကျွန်မ ရင်ထဲကို မောင် သိအောင်လဲ မကြိုးစားခဲ့ဘူး။ မြင်အောင်လဲ မကြည့်ခဲ့ဘူး၊ တကယ်ဆိုးတာပါ"

"ဝါရယ် ပြောရင်လဲ ခံရမှာပါပဲဗျာ၊ မောင် ဝါ့ကို အရမ်းချစ်တဲ့ ဇောနဲ့ပဲ ဒီလိုဖြစ်သွားခဲ့ရတာပါ။ မောင့် စိတ်ထဲမှာ ဝါ့အပေါ် ချုပ်နှောင်ထားမိသလို ဖြစ်နေမလားလို့ တွေးပူခဲ့မိတယ်၊ မောင်ရဲ့ အချစ်တွေဟာ ဝါ့အတွက် လှောင်





အိမ်တစ်ခု ဖြစ်နေလေမလားလို့ စိုးရိမ်ခဲ့မိတယ်ဗျာ၊ ချစ်သူကို လွတ်လပ် ပျော်ရွှင်မှုတွေပေးပြီး အချစ်သက်သေပြဖို့ပါ"

"မောင်ရယ်"

ဒေါ်စကားဝါက ကားမောင်းနေတဲ့ ချစ်ခင်ပွန်းရဲ့ ပခုံးစွန်းမှာ ခေါင်းလေး မှေးတင်လိုက်တာမို့ တရိပ်ရိပ် ပြေးနေတဲ့ ကားလေးရဲ့ အရှိန်က အနည်းငယ် လျော့ကျသွားသည်။

"မောင်ရယ် မောင့် အချစ်တွေက လှောင်အိမ်ဖြစ်နေခဲ့ရင် ကျွန်မက အဲ့ဒီ အချစ်လှောင်အိမ်လေးထဲမှာပဲ နေချင်တဲ့ အချစ်ငှက်ကလေးပဲ ဖြစ်မှာပါကွယ်၊ မောင့် ရင်ခွင်ထဲကနေ ရုန်းထွက်ဖို့ ကျွန်မ ဘယ်တုန်းကမှ မစဉ်းစားခဲ့ပါဘူး မောင်ရယ်"

"မောင့်ကို ဝါ လက်မထပ်ချင်ဘဲ လက်ထပ်ခဲ့ရတာဆိုတော့ မောင့်မှာ စိတ်မအေးနိုင်ခဲ့ပါဘူးဗျာ"

"ဟင့်... မောင့်ကို ကျွန်မက လက်မထပ်ချင်ဘဲနဲ့ လက်ထပ်ခဲ့ရတာလို့ ဘယ်သူပြောလဲ"

"မောင့်ဘာသာ မောင် သိတာပေါ့ အချစ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့တော့ မောင်ကတော့ လုပ်ပြန်ပြီ"

ချစ်ဇနီးက ရယ်မောပြီးနေတော့ ဦးကျော်ထွဋ်က အသည်းယားမိသွားပြီး ကားကို ရပ်ပစ်လိုက်မိတော့တာ။

"ဟော့... ဘာဖြစ်လို့ ကားရပ်ရတာလဲ မောင်"

"စာရင်းရှင်းဖို့ပေါ့ဗျာ"

"စာရင်းရှင်းဖို့ ဟုတ်လား"

"အင်းလေ လွန်ခဲ့တဲ့ ဆယ်ကိုးနှစ်ကအကြောင်းကို ခုပဲရှင်းမှ ဖြစ်မှာဗျာ၊ မှတ်မိသေးလား အဲ့ဒီနေ့က မိုးတွေ အရမ်းရွာတဲ့နေ့လေ"

ဒေါ်စကားဝါက ရင်ခုန်လှိုက်မောစွာနဲ့ ပြုံးပြုံးလေး ခေါင်းညိတ်ပြလိုက်မိတော့တာ။

"မှတ်မိတာပေါ့ မောင်ရယ်၊ အင်လျားမှာလေ အဟောင်း မောင်က လူဆိုး လူလည်"

"မောင် အတင်းကြီးချစ်လိုက်လို့ ဝါက မောင့်ကို မဖြစ်မနေ လက်ထပ်လိုက်ရတာ မဟုတ်လား မငြင်းနဲ့နော ဝါ မောင့်ကို အကြာကြီး အဆက်အသွယ် ဖြတ်ထားခဲ့တာ လေဗျာ၊ မောင့်မှာတော့ ရူးလုမတတ် ခံစားနေခဲ့ရတာပါ။ တစ်လကျော်ကြာတော့မှ ဝါ မောင့်ကို ခိုးခိုင်းခဲ့တာ မဟုတ်





လား၊ ဒါလဲ မဖိတ်ခေါ်ဘဲ သမီးလေး ရောက်လာလို့ မဟုတ်လား"

"ဩော်... မောင်က ဒီလိုပဲ ထင်ထားသလားကွယ်၊ ကျွန်မ မောင့်ကို အရမ်းချစ်ခဲ့တာပါ မောင်ရယ်၊ မောင့်ကို တစ်လကျော် အဆက်အသွယ် ဖြတ်ထားရတာကလဲ မောင်နဲ့ မဝေးရအောင်လို့ပါကွယ်၊ ကျွန်မ မိဘတွေက ကျွန်မမှာ ချစ်သူရှိနေပြီဆိုတဲ့ သတင်းကြားလို့ အချိန်တိုင်း စောင့်ကြည့်နေကြတာ မောင်၊ တကယ်လို့ ကျွန်မမှာ ချစ်သူရှိနေတယ် ဆိုတာကိုသာ တိတိကျကျသိရင် ကျွန်မ မိဘတွေက သူတို့ သဘောတူထားတဲ့ ဆရာဝန်နဲ့ အတင်းကြီး လက်ထပ်ပေးကြမှာ၊ ဒါကြောင့် မောင့်ကိုလဲ မဆက်သွယ်၊ မောင် ဆက်သွယ်တာကိုလဲ လက်မခံဘဲ ရည်းစားမရှိသလို မှင်သေသေနဲ့ နေပြရတာပါ။

"ဟာ... ဒါဆို မောင်ထင်တာ တစ်လွဲပဲပေါ့"

"လွဲတာပေါ့ မောင်၊ အဲဒီအချိန်တုန်းက ကျွန်မ ဘယ်လောက် ခံစားခဲ့ရတယ် ထင်သလဲဟင် မောင်၊ ကျွန်မကို သစ္စာဖျက်သွားတော့မှာလားလို့ တွေးပူရတာက တစ်မျိုး၊



www.burmeseclassic.com

www.burmeseclassic.com



အပူရုပ်ဖြစ်နေရင်လဲ အိမ်က ရိပ်မိသွားတော့မှာမို့ ဘာမှမဖြစ်သလို ဟန်ဆောင်ထားရတာကလဲ တစ်မျိုးနဲ့ ကျွန်မလဲ ရှူးတော့မတတ်ပါပဲကွယ်၊ ကျွန်မကို လာခိုးဖို့ မောင့်ဆီ ဖုန်းဆက်ပြီးတဲ့အထိတောင် ကျွန်မမှာ စိတ်မအေးရသေးပါဘူး၊ မောင်သာ လာမခေါ်ရင်ဆိုတဲ့အတွေးနဲ့ ရင်ထဲမှာ မုန်တိုင်းထန်နေခဲ့ရတာပါ"

"အချစ်ရယ်"

မောင်က ထွေးပွေ့ထားတာမို့ အလိုက်သင့်လေးပဲ မောင့်ရင်ခွင်မှာ မှိန့်မှိန့်မိတော့တာ။

"တကယ်လို့သာ မောင် ကျွန်မကို လာမခိုးဘဲ စွန့်ပစ်သွားခဲ့ရင် မောင့် ရင်သွေးလေးနဲ့အတူ ဘဝခရီးကို ရဲရဲရင့်ရင့် ဖြတ်သန်းမယ်၊ နောက်ထပ် အချစ်ဆိုတာလဲ မရှာဘူး၊ အားကိုးရာလဲ မရှာဘူးလို့ ကျွန်မက ခိုင်ခိုင်မာမာ ဆုံးဖြတ်ထားခဲ့တာပါရှင်၊ မောင့်ကို အဲ့ဒီလောက် ချစ်ခဲ့တဲ့သူပါကွယ်"

"ဝါရယ် မောင့် အချစ်ဆုံးရယ်"

မောင့်အနမ်းတွေက တားရတော့သည်။





"ဟိုး... ဟိုး... မောင် နေ့ခင်းကြောင်တောင် လူမြင်ကွင်းကြီးမှာကွယ်၊ တော်ကြာ သေးကဖြုတ်သွားတဲ့ ကားတွေက အဘိုးကြီးနဲ့ အဘွားကြီးက ကဲနေတယ်လို့ အော်သွားမှဖြင့်ကွယ်"

"အော်ပစေဗျာ၊ ကိုယ့်မိန်းမ ကိုယ်နမ်းတာ ဘာဖြစ်လဲ"

မောင်က ကလေးဆိုးကြီးလို ပြောနေတော့တာ။ ဒေါ်စကားဝါက သမီးဆီကို စိတ်တွေရောက်နေတာမို့ ချစ်ခင်ပွန်းရဲ့ ရင်ခွင်ထဲမှာ စိတ်ချလက်ချ မပျော်မွေ့နိုင်သေးပါ။

"မောင်ရေ သွားစို့ကွယ်၊ ကျွန်မ သမီးအတွက် အရမ်းစိတ်ပူနေတယ် မောင်၊ တော်ကြာ မလည်မဝယ်နဲ့ သမီးလေးကို တစ်ယောက်ယောက်ကများ ခွေးဆောင်ဖြားယောင်းသွားခဲ့ရင် ကျွန်မ ရင်ကျိုးရမှာ မောင်"

"အဟွန်း... ဟွန်း ဝါ ဘယ်တော့မှ ရင်မကျိုးရပါဘူးဗျာ၊ ဝါ့သမီးကို ကလေးလေးလို့များ ထင်နေသလား၊ အသက်ဆယ့်ရှစ်နှစ်တောင် ရှိနေပြီ ဝါ၊ နိုင်ငံခြားမှာတောင် သူ့ကိုယ်သူ ထိန်းကျောင်း ကာကွယ်ပြီး နေလာခဲ့သေးတာဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မြေ ကိုယ့်နိုင်ငံတော့ မပြောနေစရာတောင် မလိုဘူး"

"အို... ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ သမီးလေးကို စိတ်မချနိုင်သေးပါဘူး မောင်ရယ်၊ သမီးလေး အိမ်ပြန်ရောက်လာမှပဲ စိတ်အေးရမှာပါ"

"ကဲ... ဒါဆိုလဲ သွားစို့ဗျာ၊ ပြည်ရောက်ရင် သမီးကို ဘယ်လိုရှာမယ်လို့ စဉ်းစားထားသလဲ ဝါ"

"အို... တည်းခိုခန်းတွေမှာ လိုက်ရှာမှာပေါ့ မောင်ရယ်၊ ပြည်က ဘယ်လောက် ကျယ်နိုင်မှာမို့လို့လဲ ဝါ"

"ဝါ့ သမီးက တည်းခိုခန်းမှာ မရှိရင်ရောဗျာ"

"ရှိကိုရှိပါတယ် မောင်ရယ်၊ အမြန်မောင်းပါရှင်"

"ကောင်းပါပြီဗျာ"

ဦးကျော်ထွန်းက ချစ်ဇနီးကို နှစ်သိမ့်အနမ်းလေးပေးပြီး ကားစက်နှိုးလိုက်ပါတော့သည်။

သူကတော့ သမီးလေးအတွက် စိတ်မပူပါ။ သမီးလေး သူ့ကိုယ်သူ ထိန်းကျောင်းနိုင်တယ်ဆိုတာကို ကောင်းကောင်း သိထားလို့ပဲ ဖြစ်ပါသည်။

* * *



## အခန်း (၁၈)

နေ့လယ်စာစားချိန် ရောက်တဲ့အထိ ဝေဟာင်က အခန်းထဲက မထွက်ဘဲ လူးလိမ့်အိပ်ပစ်လိုက်ပါသည်။ စေ့စပ်ပွဲက ညနေသုံးနာရီလို့ မေမေ သူ့ကို ပြောပြထားသည်။ နောက် နာရီအနည်းမှာဆို သူ စေ့စပ်ရပါတော့မည်။

သူနဲ့ စေ့စပ်မယ့် မိန်းကလေးသည် သူ့ချစ်သူလည်း မဟုတ်ပါ။ ရင်းနှီးသူလည်း မဟုတ်ပါ။ သံယောဇဉ်ရှိသူလည်း မဟုတ်ပါ။

တွေးရင်း တွေးရင်း သူက တွေဝေလာရပါတော့သည်။ ဒီကိစ္စဟာ အဓိပ္ပာယ်ရှိတဲ့ကိစ္စ ဟုတ်နိုင်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေ စိတ်ချမ်းသာဖို့ဆိုပြီး လက်ထပ်ရမှာကလည်း စွန့်စားလွန်းရာ ရောက်နေပါသည်။ အခု လူကြီးမိဘတွေ သဘောကျစီမံပေးတဲ့ အိမ်ထောင်ရေးကရော အဆင်ပြေသာယာတဲ့ အိမ်ထောင်ရေးတဲ့ အိမ်ထောင်ဖြစ်ပါ့မလား။

တကယ်တော့ ဘွားဘွားတို့ မေမေတို့ နားပူနားဆာလုပ်တာ စိတ်ရှုပ်ပြီး သူစေ့စပ်ပွဲကို လက်ခံလိုက်တာပါ။ အခုတော့ ဘာမှမတတ်နိုင်တော့ပါ။

"ဒေါက်... ဒေါက်"

"သားရေ ထတော့လေကွယ်၊ တစ်နာရီ ထိုးတော့မယ်"

မေမေ့အသံပါ။

အခု လာနိုးတာ သုံးကြိမ်မြောက် ရှိနေပြီမို့ သူက ဆက်အိပ်နေဖို့ မဖြစ်တော့တာမို့ အိပ်ရာက ထလာခဲ့ရတော့သည်။

"နိုးပြီး မေမေ"

"အေး... အေး ရေမိုးချိုးပြီး ထမင်းစားလေ၊ နှစ်နာရီဆို အိမ်က ထွက်မယ်နော် လုပ်... လုပ်"





"ဟုတ်ကဲ့"

ရေချိုးတော့လည်း သူ့စိတ်တွေ မြသီတဂူဆီ ရောက်နေတော့တာ။

သူမလေးကို ပစ်ထားတာ မကောင်းပါဘူးလို့ တွေးမိသည်။ အခုလောက်ဆို သူမလေးရဲ့ ယောကျ်ား ပြန်လာခေါ်သွားပြီလား။ အဆင်မှ ပြေရဲ့လား၊ တွေးရင်း စိတ်ပူလာတာမို့ သူက ရေအမြန်ချိုးပြီး အိမ်ကလူတွေအလစ်မှာ ဇော်လွင့်ဆီ ဖုန်းဆက်မေးမိ သွားတော့သည်။

"ဟဲလို ရွှေတည်းခိုခန်းကပါ ခင်ဗျာ"

ဖုန်းကိုင်တာက ဇော်လွင်ပဲမို့ သူက အလောတကြီး မေးလိုက်မိတော့တာ။

"ဟေ့ကောင် ဇော်လွင် ငါပါကွ၊ ကောင်မလေးကို သူ့ယောကျ်ား လာခေါ်ပြီလား"

"အဟား... ဟား... ဟား"

ဇော်လွင်က ရုတ်တရက်ကြီး အော်ကြီးဟစ်ကျယ် ထအော်ရယ်တာမို့ ဝေဟင် ကြောင်အအ ဖြစ်သွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မင်းကွာ ဘာရယ်တာလဲ"

"ရန်ကုန်မှာ ကျောင်းတက်၊ ရန်ကုန်မှာ ကိုယ်ပိုင်စီးပွားရေးလုပ်ပြီး ကြီးပွားနေလို့ ငါက မင်းကို လူလည်လို့ ထင်နေတာ ဝေဟင်၊ ခုမှပဲ မင်း တော်တော်နုံတာကို သိရတော့တယ်ကွာ အဟား... ဟား"

ဇော်လွင်က အားရပါးရ ရယ်နေပြန်တာ။

"ဘာလဲကွာ ရှင်းရှင်းလင်းလင်း ပြောစမ်းပါ"

"မြသီတာ့ဂူမှာ ယောက်ျားရှိတယ်လို့ မင်းပြောတာ တစ်လွဲပဲ ဝေဟင်"

"ဟေ..."

"သူ့အိမ်ကို ဖုန်းဆက်တာကို ငါ နိုးပြီးတော့ နားထောင်ပြီးပြီကွ၊ သူ့ယောက်ျားဆီဆက်တာ မဟုတ်ပါဘူးကွာ၊ သူ့အမေဆီကို ဆက်တာပါ"

"ကျွတ်... ယောက်ျားနဲ့ ရန်ဖြစ်ပြီး အိမ်ကထွက်လာ ဘာဆိုတော့ အမေဆီပဲ ဖုန်းဆက်မှာပေါ့ကွ၊ ဒါကိုကြည့်ပြီ ယောက်ျားမရှိဘူးလို့ ပြောလို့ရမလား ဟော့ကောင်၊ ငါ့ကြောင့်ပဲ သူ့ရဲ့ လက်ထပ်လက်စွပ် ပျောက်သွားခဲ့ရတာလေ"





"အဟား... ဟား မင်းကတော့ လုပ်ချလိုက်ပြန်ပြီ၊ ဒီမှာ ငါ့ကို ခံငြင်းမနေနဲ့ ဟော့ကောင်၊ ငါက နားနဲ့ဆက် ဆက် ကြားထားတဲ့ကောင်ကွ၊ မင်းပြောတဲ့ လက်ထပ်လက်စွပ်ဆိုတာ သူ့အဖေနဲ့အမေ အဆင်ပြေဖို့အတွက် ဝယ်လာတာတဲ့ကွ၊ အခု သူ့အိမ်က ထွက်လာတာကလဲ သူ့အဖေနဲ့ အမေ ကွာရှင်းပြတ်စဲကြတော့မယ်ဆိုလို့ စိတ်ညစ်ပြီး ထွက်လာခဲ့တာ"

"ဟင်... ဟုတ်လား"

"ဟုတ်ပါ့ကွာ၊ ဟုတ်လွန်းလို့ ဟုတ်ဟုတ်တောင် မြည်နေသေးတယ်"

သူ့ရင်ထဲမှာ ဘာတွေဖြစ်ကုန်ပြီလဲ မသိတော့ပါ။ ပူလောင်သွားတာတော့ သေချာပါသည်။ သူမလေးဆီမှာ ယောက်ျားမရှိဘူးတဲ့။ ခုမှပဲ ပြန်စဉ်းစားမိသည်။ သူမလေးကလည်း သူမလေးဆီမှာ ယောက်ျားရှိပါတယ်လို့ ပြောခဲ့တာမှ မဟုတ်ဘဲ။

သူကသာ ထင်ရာပြောပြီး အဟုတ်မှတ်နေခဲ့မိတာပါ။

မြသီတဂူရယ်...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဘာလုပ်ရတော့မှာလဲဗျာ။

အားလုံးဟာ ကိုယ်ရဲ့ ညံ့ဖျင်းမှု၊ ကိုယ်ရဲ့ အတွေးခေါင်မှုတွေကြောင့်ပဲ ဖြစ်ခဲ့ရတာဟ ကလေးရယ်။

"အခု... အခု မြသီတဂူ ရှိနေလား ဇော်လွင်"

"မရှိဘူးကွ၊ နေ့လယ်စာစားဖို့ ထွက်သွားတာ ပြန်မလာသေးဘူး၊ ငါကတော့ မင်းကို ကျေးဇူးတွေ အရမ်းကာရော တင်နေမိတယ် ဝေဟင် အဟွန်း... ဟွန်း"

"ဘာဖြစ်လို့လဲ"

"အဟဲ... အချစ်နတ်သမီးလေးကို ငါ့ဆီရောက်အောင် မင်း ခေါ်လာပေးလို့ပေါ့ကွာ၊ ကျေးဇူးအများကြီးတင်တယ်ဗျာ၊ အခုတော့ ဧည့်သည်တွေ ရောက်လာလို့ ဖုန်းချလိုက်တော့မယ်၊ နောက်မှတွေ့မယ်ကွာ ဘိုင့်ဘိုင်"

ဝေဟင်က ဇော်လွင့် မျက်နှာကြီးကို စိတ်ကူးနဲ့ ထိုးချပစ်လိုက်မိတော့တာ။

"သား ဘယ်ကို ဖုန်းဆက်နေတာလဲ"

"ဟို... ရန်... ရန်ကုန်ကို"

သူ့အဖြေက ထစ်ထစ်ငေါ့ငေါ့ရယ်ပါ။





"အမယ်လေး အလုပ်ကို မေ့ထားစမ်းပါ သားရယ်၊ လုပ် အမြန်အဝတ်လဲ၊ မိန်းကလေးဘက်က စောင့်နေပြီကဲ"

ကဲ... ဘာတတ်နိုင်တော့မှာတဲ့လဲ။

မေမေ ခိုင်းသလိုပဲ သူက အဝတ်အစား လဲလိုက်ရပါတော့သည်။

အဲဒီအချိန်မှာ မြသီတဂူက မြို့ထဲမှာ တစ်ယောက်တည်း လမ်းလျှောက်နေမိတော့တာ။

လူတွေက သီ့ကို လှည့်ပြန်ငေးမောကြည့်သူနဲ့ နေးကြည့်မိလို့ ခလုတ်တိုက်သူနဲ့ ဖြစ်နေကြတော့ပဲ။ တကယ်ဆို ကိုယ့်ရဲ့အလှကို အသိအမှတ်ပြုပြီး ငေးမောကြည့်တာကို ခံရတာ သဘောကျ နှစ်သက်စရာကြီးပါ။

သီကတော့ ခံစားချက်တွေ ကင်းမဲ့နေရတာမို့ သဘောမကျနိုင်ဘဲ လမ်းဆက်လျှောက်နေမိတော့တာ။ အဲ့ဒီအချိန်မှာပဲ သီ့ရဲ့ မိတ်ဆွေအသိအကျွမ်းဆိုလို့ လုံးဝမရှိတဲ့မြို့မှာ အမျိုးသမီးကြီး တစ်ယောက်က သီ့လက်ကိုဆွဲပြီး ဝမ်းသာအားရ နှုတ်ဆက်ပါတော့သည်။

"ဟယ်... သမီးလေး"



www.burmeseclassic.com

www.burmeseclassic.com



ရတ်တရက်မို့ သီက ကြောင်သွားရတော့တာ။

"တစ်ယောက်တည်းလား သမီးရဲ့"

"ဟုတ်ကဲ့"

ယောင်ဝါးဝါးလေး ဖြေပြီးမှ သီက ပြန်သိသွားပါတော့သည်။

"သြော်... အန်တီ"

"မှတ်မိပြီလား အဲဟင့်... ဟင့်"

"ဟုတ်ကဲ့ ရတ်တရက်ဆိုတော့ မမှတ်မိဘူး ဖြစ်သွားတယ်"

သီနဲ့ ကိုဝေဟင် နွားနို့သောက်ခဲ့တဲ့ဆိုင်က အမျိုးသမီးကြီးပါ။ သီ သန့်စင်ခန်းကို သွားတုန်းက အဖော်လိုက်ပေးခဲ့ပြီး ကိုဝေဟင်နဲ့ သီ့ကို ညားခါစ အရှမ်းချစ်ကြတဲ့ လင်မယားအထင်နဲ့ စကားတွေ ပြောခဲ့တာလည်း ဒီအမျိုးသမီးကြီးပါပဲ။

အခု ဒီနေရာမှာ ပြန်လာတွေ့ရတော့ သီက အံ့သြသွားရပါတော့သည်။

"အန်တီက ဒီမြို့မှာ နေတာလား"





"ဇာတိကတော့ ပြည်ဇာတိပေါ့ သမီးရယ်၊ မင်းလှမှာ ဆိုင်ဖွင့်ထားတော့ အဲ့ဒီမှာပဲ နေတာပေါ့၊ အခု ဒီကိုလာတာ တူမတစ်ယောက်ရဲ့ မင်္ဂလာကိစ္စအတွက် လာတာကွယ့်"

"သြော်... "

"ဒါနဲ့ သမီး အမျိုးသားရော မပါဘူးလား"

သီက ရှည်ရှည်ဝေးဝေးတွေ ပြောမနေချင် ရှင်းပြမနေချင်တာမို့ အလွယ်ပဲ ခေါင်းခါလိုက်မိတော့တာ။

"မပါဘူး အန်တီ၊ တစ်ယောက်တည်း လမ်းလျှောက်ကြည့်တာပါ"

"အဟင့်... ဟင့် တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့ရတယ်လို့နော်"

"ဟုတ်တယ်နော်၊ ချိန်းထားရင်တောင် လွဲဦးမှာ"

"သမီးတို့က ပြည်ကို အလည်လာတာပဲလား"

"ဟုတ်ကဲ့"

"သြော်... သိပြီ... သိပြီ၊ မင်္ဂလာဦးခရီး ဟန်းနီးမွန်း ထွက်လာခဲ့တာပေါ့လေ အဟင့်... ဟင့်"

သီ့ ရင်ထဲမှာ ဆွတ်ပျံ့ကြေကွဲ သွားရတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



အန်တီကြီး ပြောသလိုပဲ သီနဲ့ ကိုဝေဟင်က ဟန်းနီးမွန်း ထွက်လာတဲ့ မင်္ဂလာဦးမောင်နှံသာဖြစ်ခဲ့ရင် ဘယ်လောက် များ ကောင်းလိုက်မလဲလို့ တွေးရင်း သီက ဝမ်းနည်းမိသွား တော့သည်။

အချစ်ဆိုတာကို အရင်က မသိခဲ့ပါဘူးကွယ်၊ ရင်ခုန် တယ်ဆိုတာကိုလည်း မသိခဲ့ပါဘူး၊ ခုမှ အချစ်ကို တွေ့မိတာ ပါ။ ရင်ခုန်တတ်ခဲ့တာပါ။ ဒါပေမဲ့ သီ့ အချစ်တွေက အချည်းအနှီး ဖြစ်ခဲ့ရပြီပေါ့လေ။

"ကဲ... သမီးရေ အန်တီ သွားတော့မယ်နော်၊ အပြန် မှာ အန်တီ့ဆိုင်ကို ဝင်ခဲ့ပါဦးကွယ်"

"ဟုတ်ကဲ့"

အန်တီကြီးက နှုတ်ဆက်ပြီး ထွက်သွားသည်။ သီက တော့ ခပ်ငိုင်ငိုင်လေး ကျန်ရစ်ခဲ့ရတာပါ။

ဟောဒီမြို့မှာ ကိုဝေဟင် ရှိနေတယ်ဆိုတဲ့ အသိနဲ့ ဒီ မြို့လေးကနေ စွန့်ခွာရမှာကို နှမြောတသ နေမိတော့တာ။

ဒါပေမဲ့ သီ့ ခံစားချက်တွေက မိုက်မဲလွန်းပါတယ် နော်၊ တကယ်ဆို အစကတည်းက စည်းခြားထားပြီးသား





ပဲ မဟုတ်လားကွယ်၊ ခုလောက်ဆို အိမ်ထောင်ရှင် မိန်းကလေး တစ်ယောက်ကိုမေ့ပြီး ကိုဝေဟင်က သူ့ရဲ့ ဧည့်စပ်ပွဲကို ပျော်ပျော်ပါးပါး ဆင်နွှဲနေလောက်ပါပြီ။

သီ့ကိုလည်း အမှတ်ရတော့မှာ မဟုတ်ပါဘူး၊ တော်ပါ ပြီကွယ်။

သီ ပြန်ပါတော့မယ်၊ တည်းခိုခန်းကို ရောက်ရင် ကိုဇော်လွင့်ကို ကားတစ်စီးငှားပေးဖို့ အကူအညီတောင်းပြီး အိမ်ပြန်ပါတော့မည်။

မေမေ့ဆီကို ဖုန်းဆက်တုန်းက သီ ပြည်ကနေ ဖုန်း ဆက်တာပါလို့ပဲ ပြောခဲ့တာ။ နေရာတိအကျကို ထည့်ပြော ခဲ့တာ မဟုတ်ပါ။ ဒီတော့ သီ့ဆီကို မေမေတို့ ရောက်လာ ဖို့ဆိုတာ သေချာတာမှ မဟုတ်ဘဲ။

ဖုန်းထပ်ပြီးတော့လည်း မဆက်ချင်ပါ။ သီ့ ရင်ထဲ မှာ ဖေဖေနဲ့ မေမေလို မကြည့်လင်တဲ့ ခံစားချက်ကလေးက ရှိနေတာကိုး။ ကိုယ့်ဘာသာကိုယ် ကားငှားပြီး ရန်ကုန်ပြန် ဖို့အတွက်ပဲ သီက ဆုံးဖြတ်လိုက်ပါတော့သည်။

မချစ်ဖူးတဲ့ ကောင်မလေး...



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို တွေ့ထိခံစားလိုက်ရတဲ့ အချိန်မှာ ကံတရားက ရက်စက်စွာထိုးနှက်လို့ အသည်းကွဲသွားခဲ့ရတယ် ကိုဝေဟင်ရေ။

သီကတော့ ကိုဝေဟင့်ကို တစ်ဘဝစာလုံး မေ့ပျောက်နိုင်တော့မှာ မဟုတ်ပါဘူးကွယ်။

ကိုဝေဟင် နမ်းခဲ့တဲ့ သီ့ ပါးလေးတစ်ဖက်ကို မြင်နေရတဲ့ အချိန်တိုင်းမှာ ဖျာခနဲရခဲ့တဲ့ အနမ်းလေးကို ပြန်ခံစားနေမိတော့မှာပါရှင်။

အချစ်ဆိုတာ ဆန်းကြယ်လွန်းလှပါလားနော်။ လူသားတွေနဲ့ ခံစားမှုတွေအားလုံးကို အချစ်က အချိန်ခဏလေးအတွင်းမှာ လွှမ်းမိုးချုပ်ကိုင်ထားနိုင်တာပဲ။

ကိုဝေဟင်ရယ်...

သီကတော့ အချစ်ကို ကြောက်သွားပါပြီရှင်။

* * *



## အခန်း (၁၉)

"ကဲ... ကဲ အားလုံး အဆင်သင့်ပဲလား"

"ဟုတ်ကဲ့ မေမေ"

"အေး... ဒါဆို သွားကြမယ်"

"ဟယ်... ဘွားဘွား ပန်းမပန်ရသေးဘူးတော့"

"ဟုတ်လား၊ သွားယူ သွားယူခဲ့၊ ဒီလောက်ဈေးကြီးကြီးနဲ့ ပေးဝယ်ထားတဲ့ ပန်းတွေ ဒီပွဲမှာ မပန်ရင် ဘယ်မှာ သွားပန်ရမှာလဲ"

"အဟင့်... ဟင့် ဘွားကလဲ ခုမှ စေ့စပ်ပွဲလေ၊ သွားနှစ်ရာ လက်ထပ်ပွဲ ရှိပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရယ်မောပြောဆိုနေတဲ့ စကားသံတွေကို ကြားနေရပေမဲ့ ဝေဟင့် ရင်ဘတ်ထဲမှာတော့ ထုံထိုင်းလို့ နေပါသည်။

မြင်နေရတာတွေ ကြားနေရတာတွေ အားလုံးက သူနဲ့ ဘာမှမသက်ဆိုင်သလို ခံစားနေရတာပါ။ သူ့စိတ်တွေက မြသီတာဂူဆီကိုပဲ ရောက်နေကြတော့တာ။

ဖြစ်နိုင်ရင် အားလုံးကို ဒီအတိုင်းထားပစ်ခဲ့ပြီး သူမလေးဆီ အရောက်သွားချင်နေမိတာပါ။ ဒါပေမဲ့ တကယ်တမ်းကြတော့ စိတ်ရှိတဲ့အတိုင်း သူ့က မလုပ်နိုင်ဘဲ ဖြစ်နေရပါသည်။ သူ့မှာ ငဲ့ညှာထောက်ထားစရာတွေ အများကြီး ဖြစ်နေတာကိုး။

တကယ်ဆိုရင် သူ့အိမ်က သူ့ကို လက်ထပ်ဖို့ အတင်းကြီး ပြောနေတယ်ဆိုပေမဲ့ သူက ငြင်းရင်လည်း ရမှာပါ။

သူကိုယ်တိုင်က မငြင်းဘဲ စေ့စပ်ဖို့ကို လက်ခံလိုက်လို့သာ စီစဉ်ကြတာ ဖြစ်သည်။ ကောင်းပြီးကောင်းရက်နဲ့ လက်ခံထားပြီးတော့ စေ့စပ်မယ့်နေ့ စေ့စပ်တော့မဲ့အချိန်ကျမှ သူ့ဘက်က ထဖောက်လိုက်ရင် လူကြီးတွေလည်း မျက်နှာပျက်ရပါလိမ့်မည်။





ကိုယ့်ရဲ့ စိတ်ဆန္ဒကြောင့် ကိုယ့်ပတ်ဝန်းကျင် အသိုင်းအဝိုင်းက လူတွေ ထိခိုက်နစ်နာရမှာမျိုးတော့ သူက မဖြစ်စေချင်ပါ။

"သဟို့သားလောင်းကြီး ငြိမ်လိုက်လှချည်လား"

သူ့အစ်မ တစ်ယောက်က သူ့ကို စနေတာပါ။

"မတို့က ဒီလောက် ဆူညံနေတာမှတော့ ကျွန်တော် ငြိမ်နေမှပဲ ရတော့မှာပေါ့"

"မင်္ဂလာရှိတဲ့နေ့ ပျော်စရာကောင်းလွန်းတဲ့နေ့မို့ ပျော်ရတာပေါ့"

"မမကိုယ်တိုင် မင်္ဂလာဆောင်လိုက်ပါလား၊ ဒါဆို အခုထက် အဆတစ်ရာလောက်တောင် ပိုပြီး ပျော်စရာကောင်းမှာ ဟွန်း... ဟွန်း"

"ခွေးကောင်လေး"

မမ အပျိုကြီးက သူ့စကားကြောင့် ရှက်သွားပြီး သူ့အနားကနေ လှည့်ထွက်သွားတော့တာ။

ဝေဟင်က မြသီတာဂူကို မေ့လျော့ထားနိုင်အောင် ကြိုးစားပြီး အခြေအနေအမှန်မှာ နေသားတကျ ဖြစ်ဖို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



အားထုတ်လိုက်ပါတော့သည်။

သူတို့အိမ်ကနေ ကားတန်းကြီးက သူနဲ့ စေ့စပ်မယ့် မိန်းကလေးရဲ့ အိမ်ကို ထွက်ခွာလာတော့တာ။

သူတို့မိသားစုက မြို့မျက်နှာဖုံး မိသားစုပါ။ ဘိုးဘွားစဉ်ဆက် ချမ်းသာခဲ့ကြတာမို့ ဒီမြို့မှာတော့ မျက်နှာကြီးလှပါသည်။

အခု သူနဲ့စေ့စပ်တော့မယ့် စိန်မမဆိုတဲ့ မိန်းကလေးကလည်း တော်ရုံထဲက မဟုတ်ပါ။ ဆွေကြီးမျိုးကြီးထဲက ဗိုင်းကောင်းကျောက်ဖိ မိန်းကလေး ဖြစ်သည်။

သူတို့နှစ်ယောက်ရဲ့ လိုက်ဖက်မှုကို ချီးမွမ်းနေကြတာပါ။ စိန်မမကလည်း သူကို လိုလိုချင်ချင်ရှိပါသည်။

အင်းလေ သူ့စိတ်တွေကို ပြုပြင်လိုက်ရင် ဘဝမှာ နေပျော်သွားမှာပါလေ။

မြသီတဂူကို သူက ချစ်မိနေမိပေမဲ့ သူမလေးဘက်က သူ့အချစ်ကို လက်ခံနိုင် လက်မခံနိုင်ဆိုတာ ခန့်မှန်းလို့ရတဲ့အရာမှ မဟုတ်ပဲ။ တွေးနေရင်းနဲ့ပဲ စိန်မမတို့ရဲ့ ခြံဝန်းကျယ်ကြီးထဲကို ရောက်လာပါတော့သည်။





ခြံကြီးထဲမှာ ကားတွေ အတော်များများ ရောက်နှင့်နေကြပါပြီ။

မိန်းကလေးဘက်က မိသားစုတွေက သူတို့ကို ထွက်ကြိုကြပါသည်။

အားလုံး ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်လင်လင်ပါပဲ။

"ကြွပါရှင် ကြွပါ"

"မမကတော့ ခုထိ လှပနေတုန်းပါပဲလား"

"အဟင့်... ဟင့် မလှနိုင်တော့ပါဘူး ခင်ခင်ရယ်၊ အသက်တွေ ကြီးလာပြီလေ"

"မမအသက် ဘယ်လောက်ရှိပြီလဲ"

"ခုနစ်ဆယ်ငါးနှစ်ရှိပြီ"

"အမယ်လေး ခြောက်ဆယ်လောက်ပဲ ထင်ရတယ်၊ မမ အရမ်းနုပျိုတာပါပဲ အဟင့်... ဟင့်"

"ဟုတ်လို့လား ခင်ခင်ရယ်"

"တကယ်ပြောတာ"

အဘွားချင်းက စကားတွေ ဖောင်နေသလို မိဘချင်းကလည်း စကားတွေ ရွှန်းရွှန်းဝေနေကြတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းကျယ်ကြီးထဲမှာ အားလုံး နေရာယူပြီး စေ့စပ်ပွဲ စတင်ပါတော့မည်။

"ဂုဏ်သရေရှိ လူကြီးမင်းများ စုံစုံညီညီ ရောက်ရှိနေပြီမို့"

"အို... ဒီစေ့စပ်ပွဲကို ကျွန်မ ဖျက်ပါတယ်ရှင်"

ရုတ်တရက်ကြီး ထအော်ပြောလိုက်တဲ့ အမျိုးသမီးကြီး တစ်ယောက်ရဲ့ အသံကြောင့် အားလုံး အံ့အားသင့်ပြီး အလန့်တကြား ဖြစ်သွားရတော့တာ။

"ဟင်..."

"ဟာ..."

ဆိုတဲ့ အာမေဍိတ်သံတွေကလည်း ဟိုမှာ ဒီမှာ ထွက်လာကြလေတော့သည်။

ကန့်ကွက်တယ်လို့ ထပြောတာ မိန်းကလေးရှင်ဘက်က ဧည့်သည်တွေထဲက ဖြစ်ပါသည်။ သူက မတ်တတ်ရပ်ပြီး ကန့်ကွက်နေတဲ့ အမျိုးသမီးကြီးကိုကြည့်ပြီး အံ့အားသင့်နေမိသည်။ သူ မသိတဲ့ အမျိုးသမီးကြီး ဖြစ်နေလို့ပါ။

အားလုံး တိတ်ဆိတ်အံ့အားသင့်နေတဲ့ အချိန်မှာပဲ





အဲဒီအမျိုးသမီးကြီးက ထပ်ပြောတော့တာ။

"အခု စေ့စပ်မယ့် ကောင်လေးဆီမှာ မိန်းမရှိပါတယ်၊ ဒါကြောင့် ကျွန်မက တူမလေးနဲ့ စေ့စပ်မှာကို လက်မခံနိုင်ပါဘူး"

"ဟာ..."

"ဟယ်"

အားလုံးရဲ့ အကြည့်တွေက သူတို့မိသားစုဘက်ကို စုပြုံရောက်လာကြတော့တာ။ သူက ဘယ်လိုအမှားအယွင်း မျိုးလည်းဆိုတာ လုံးဝ စဉ်းစားလို့ မရတော့ပါ။

"ဂုဏ်သရေရှိ လူကြီးတွေရှေ့မှာ စကားကို အရမ်းအရမ်းမပြောပါနဲ့"

မေမေက စိတ်ဆိုးပြီး ထပြောသည်။

"ဟုတ်တာပေါ့ စန်းစန်း၊ ဘာဖြစ်လို့ ဒီလိုပြောရတာလဲကွယ်"

စိန်မမရဲ့ အဘွားက မျက်စိမျက်နှာပျက်ပြီး သူ့ကို မိန်းမရှိပါတယ်လို့ စွပ်စွဲနေတဲ့ အမျိုးသမီးကြီးကို မေးလိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အလကားပြောနေတာ မဟုတ်ရပါဘူး ဒေါ်ဒေါ်ရယ်၊ ညကမှ သူတို့လင်မယား ကျွန်မဆိုင်မှာ နွားနို့ ဝင်သောက်သွားသေးတာပါ။ သူ့မိန်းမ အပေါ့အပါးသွားဖို့ကို သူက တစ်ယောက်တည်း လွှတ်ရမှာ စိတ်မချလို့ ကျွန်မတောင် အဖော်လိုက်သွားပေးရပါသေးတယ်"

"ဟာ... သွားပြီ" လို့ သူက စိတ်ထဲကပဲ ရေရွတ်လိုက်မိသည်။ တိုက်တိုက်ဆိုင်ဆိုင် ညကတွေ့ခဲ့တဲ့ အန်တီကြီးနဲ့မှ လာထပ်တွေ့နေရလေပြီ။

ဘွားဘွားနဲ့ မေမေ အပါအဝင် မျက်လုံးများစွာက သူ့ဆီကိုပဲ စုပြုံရောက်လာကြတော့တာ။ သူက ဘယ်ကနေ ဘယ်လိုစပြီး ရှင်းပြရမယ်မှန်း မသိတော့ပါ။

အခြေအနေက တိုက်တိုက်ဆိုင်ဆိုင် ထိထိမိမိကြီး ဖြစ်နေပြီမို့ ဘယ်လိုစပြီး ရှင်းပြရမယ်မှန်း မသိတော့ပါ။

"သား မဟုတ်တာကို မဟုတ်ဘူးလို့ ပြောလိုက်လေကွယ်၊ ညက ရန်ကုန်ကနေ သားတစ်ယောက်တည်းလာတာ မဟုတ်လား"

မေမေက ပြောတာပါ။





ဖေဖေကတော့ မျက်နှာကြီးနီရဲနေပြီး သူ့ကို ခပ်မာမာဝဲ ပြောသည်။

"ဟော့ကောင် ရှင်းစရာရှိတာ ရှင်းလေ"

ဝေဟင်က ဘာပြောရမှန်း မသိတော့။ ဆိုင်ရှင်အန်တီကြီးက သူ့ကို ခပ်စူးစူး စိုက်ကြည့်နေတော့တာ။

"ကျွန်မပြောတာ အမှန်တွေပဲဟာ၊ သူ မရှင်းနိုင်ပါဘူးလေ"

တကယ်လည်း သူက နှုတ်ဆွံ့နေမိတာမို့ စိန်မမကငိုပြီး အိမ်အပေါ်ထပ်ကို တက်ပြေးသွားတော့သည်။

"ငါ့မြေးရယ် တကယ်ပဲလား"

သူ့ကိုမေးရင်း အဘွားက သတိမေ့လဲကျသွားတာမို့ အားလုံး ယောက်ယက်ခတ်ကုန်တော့တာ။

လူတွေအားလုံးရဲ့ စိမ်းသက်တဲ့ အကြည့်တွေကြောင့် သူက စကားမပြောတတ်တဲ့ သူတစ်ယောက်လို ပြောစရာစကားတွေကို မတည်ဆောက်နိုင်တော့ဘဲ ဖြစ်နေရလေတော့သည်။

ဧည့်သည်တွေရဲ့ တီးတိုးဝေဖန်သံတွေကိုလည်း အဘိုး



www.burmeseclassic.com

www.burmeseclassic.com



သား ကြားနေရပြန်သည်။

"မငြင်းဘူးဆိုတော့ မှန်နေလို့ပဲ ဖြစ်မှာပေါ့"

"စွပ်စွဲတဲ့ သူကလဲ တိတိကျကျ ပြောနေတာလေ၊ မဟုတ်ဘဲနဲ့ လျှောက်ပြောနေတဲ့ပုံစံ မဟုတ်ဘူး"

"အို... ကံသီလို့သာနော်၊ မဟုတ်ရင် စိန်မမလေး အရှက်တကွဲ ဖြစ်ရတော့မှာ"

"အဲ့ဒါပြောတာပေါ့ရှင်၊ စိန်ကဲကျောက်ကဲထက် လူကဲခတ်ရ ခက်တယ်လို့"

"ဟုတ်တယ်နော်၊ မထင်ရတာတွေ လာဖြစ်နေတာ"

သူက ဘာမှမပြောချင်တော့ပါ။

အခုနေအချိန်မှာ သူ ရှင်းပြနေရင်လည်း လူတွေက ဆင်သေကို ဆိတ်သားရေနဲ့ ဖုံးကွယ်နေတာပါလို့ ထင်ကြမှာ သေချာပါသည်။

သနားစရာကောင်းတဲ့ မေမေကတော့ သူ့ကို တတွတ်တွတ် မေးနေပါတော့သည်။

"မဟုတ်ဘူးနော် သား၊ ဟိုအမျိုးသမီး စွပ်စွဲနေတာ မဟုတ်ပါဘူးနော်... နော်"





သူက မေမေ့ကို ငေးကြောင်ကြည့်နေချိန်မှာပဲ ဖေဖေက ရှက်ဒေါသတွေနဲ့ သူ့မျက်နှာကို လက်ပြန်ရိုက်ချလိုက်ပါတော့သည်။

နောက်ဆုံးတော့ မင်္ဂလာကိစ္စကနေ မင်္ဂလာမရှိတဲ့ အခြေအနေမျိုးကို ရောက်သွားပြီး သူတို့အားလုံး စိန်မမတို့ အိမ်ကနေ ခေါင်းငုံ့မျက်လွှာချလို့ ပြန်လာခဲ့ရပါတော့သည်။

ယောကျ်ားလေးဘက်က ပြန်သွားတာနဲ့ မိန်းကလေး ရှင်ဘက်မှာလည်း ပွတ်လောရိုက် ရပါတော့သည်။

"ကံကောင်းလို့သာပေါ့ ဒေါ်ဒေါ်၊ ကျွန်မ ဆိုင်ကိုသာ သူနဲ့ သူ့မိန်းမ ရောက်မလာခဲ့ရင် ဘယ်သူမှ မသိဘဲနဲ့ စေ့စပ်လိုက်မိတော့မှာ"

"သေချာလို့လား စန်းစန်းရယ်"

"သေချာတာမှ တစ်ဖက်တောင် လွန်နေသေးတယ်။ ကျွန်မပြောတာ မှန်နေလို့ ကောင်လေးက ဘာမှမငြင်းတာပေါ့"

"ဒေါ်မမတို့ကတော့ ဘာမှသိပုံ မရပါဘူးလေ"

"ဇော်ဟင်ကျော်က ရန်ကုန်မှာနေပြီး သူ့အိမ်ကမသိ



www.burmeseclassic.com

www.burmeseclassic.com



အောင် မိန်းမယူထားတာ ဖြစ်မှာပေါ့"

"တကယ်ဆို ကိုယ့်မှာ အိမ်ထောင်ရှိနေပြီပဲဟာ။ နောက်ထပ်တစ်ယောက်နဲ့ စေ့စပ်တာကို လက်ခံသင့်သလား"

"သူ့မိန်းမ ကောင်မလေးက ငယ်ငယ်လေးနဲ့ ချောချောလေး ဒေါ်ဒေါ်၊ ဒီမြို့မှာကို လက်ရှိရှိနေတာ၊ ကျွန်မ ဒီကို အလာလမ်းမှာတောင် တွေ့ခဲ့လို့ စကားတွေ ပြောလာခဲ့သေးတယ်"

"ဟင်... ဟုတ်လား"

"ဟုတ်ပါ့ တကယ်ဆို ဝေဟင်ကျော်ကသာ ပြုံးတူး ပြတဲ့နဲ့ ထငြင်းရင် ကျွန်မက ကောင်မလေးကို သွားခေါ် မလို့ပါ။ အခု သူ မငြင်းဘူးဆိုတော့လဲ ပြီးတာပဲပေါ့လေ"

"ဒီအတိုင်း ပြီးလိုက်လို့တော့ မရဘူးဟေ့၊ ငါတို့ရဲ့ ဂုဏ်သိက္ခာကို ဆယ်တဲ့အနေနဲ့ စေ့စပ်ဖို့ ကမ်းလှမ်းထား တာကို လက်မခံနိုင်တော့တဲ့အကြောင်း လူလွှတ်ပြီး ပြောခိုင်းရမယ်"

"ဟုတ်တာပေါ့ ဒါ လုပ်ရမယ်"

"ကျေးဇူးတင်ပါတယ် စန်းစန်းရေ့ယ်၊ ညည်းသာ ရောက်





မလာရင် ဘာမှမသိဘဲ အခုလောက်ဆို စေ့စပ်မိနေပြီ၊ စေ့စပ်ကြောင်းလမ်းပြီးလို့ သတင်းစာထဲ ထည့်ကြော်ငြာမှာ ကျွန်မသာလျှင် တရားဝင်ဇနီး ဖြစ်ပါတယ်လို့ဆိုပြီး သတင်း စာထဲမှာ ပြန်ထည့်ရင် ဘယ်လောက် အရှက်ကွဲရမလဲ"

နောက်ဆုံးတော့ တစ်ယောက်တစ်ယောက် ပြောဆို နေရင်းနဲ့ပဲ စေ့စပ်ပွဲက လုံးဝ ပျက်သွားပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဝေဟင်ကျော်"

"ဗျာ... ဖေဖေ"

"လာစမ်း ဒီကို"

ဖေဖေက ဒေါသတကြီးနဲ့ သူ့ကို ခေါ်တာမို့ တစ်အိမ်လုံး ကြောက်လန့်ကုန်တော့တာ။ အခုပဲ စေ့စပ်ဖို့ ကမ်းလှမ်းထားတာကို လုံးဝ လက်မခံနိုင်ပါဘူးလို့ စိန်မမတို့ဘက်က လာပြောသွားလေပြီ။

သူကတော့ ခုမှပဲ စိတ်အေးချမ်းသာသွားရပြီး ဖေဖေ့ရှေ့ကို တည်တည်ငြိမ်ငြိမ်ပဲ လာခဲ့မိတော့တာ။





"ကဲ... ငါ့ကို အမှန်အတိုင်း ပြောစမ်းကွာ"

မေမေနဲ့ သူ့အဒေါ်တွေ အစ်မတွေက ဖေဖေ သူ့ကို ရိုက်နှက်ရင် ဝင်ဆွဲမယ့်ဟန်တွေနဲ့ အသင့်စောင့်နေကြတော့တာ။

"ဒီလိုပါ ဖေဖေ၊ ကျွန်တော် တစ်ယောက်တည်း လာရင်း လမ်းမှာ ကားပျက်လို့ ဘာမှမလုပ်တတ် မကိုင်တတ်နဲ့ လူပြတ်တဲ့ လမ်းမှောင်မှောင်မှာ ဒုက္ခရောက်နေတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ပါတယ်၊ အဆက်က ဆယ့်ရှစ်နှစ်လောက်ပဲ ရှိပါသေးတယ်၊ သူက ပြည်အထိ ကားကြိုလိုက်ခဲ့ပါရစေလို့ အကူအညီတောင်းတယ် ဖေဖေ၊ ဒါကို ကျွန်တော် ငြင်းလို့ကောင်းပါ့မလား"

"ဟုတ်တာပေါ့၊ ငြင်းလို့ ဘယ်ဖြစ်မလဲကွ၊ ဒုက္ခရောက်နေတဲ့ မိန်းကလေးကို ကူညီရမှာပေါ့၊ ကားကြုံခေါ်တင်တာ ဘာများ အပန်းကြီးလို့လဲ"

"ဟုတ်ပါတယ် ဖေဖေ၊ ဒါကြောင့် ကျွန်တော်က မငြင်းဘဲ ကူညီတဲ့အနေနဲ့ ကျွန်တော်ကားနဲ့ ခေါ်လာတာပါ။ မင်းလှရောက်တော့ စားသောက်ဆိုင်မှာ ခဏနားရင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ အဲ့ဒီကောင်မလေး နွားနို့သောက်ပါတယ်၊ ဆိုင်ထဲက လူတွေက ကျွန်တော်တို့နှစ်ယောက်ကို လင်မယားလို့ ထင်ချင်လဲ ထင်မှာပေါ့ဗျာ၊ အဲ့ဒါ ကျွန်တော့်မှာ အပြစ်ရှိသလား ဖေဖေ”

“ဒါ အမှန်ပဲနော်”

“ကျွန်တော် မညာတတ်တာ ဖေဖေတို့ သိပါတယ်ဗျာ”

“ဒါဆိုရင်တော့ မင်းမှာ အပြစ်မရှိပါဘူး၊ ဒါပေမဲ့ ဟိုအိမ်မှာကတည်းက မင်း ရှင်းပြရမှာပေါ့ကွာ”

ဒီနေရာမှာတော့ သူက ဖေဖေ့ကို ပွင့်ပွင့်လင်းလင်းပဲ ပြောပြလိုက်ပါတော့သည်။

“ကျွန်တော့်ချစ်သူနဲ့ စေ့စပ်မှာဆိုရင်တော့လဲ ကျွန်တော် ကြိုးစားပြီး ရှင်းပြမှာပေါ့ ဖေဖေ၊ အခု ကျွန်တော်နဲ့ စေ့စပ်မှာက ချစ်သူလဲမဟုတ်၊ ခင်မင်သံယောဇဉ်ရှိတဲ့ သူလဲပဲ မဟုတ်တဲ့ သူစိမ်းသက်သက်ကြီးဆိုတော့ ရှင်းပြဖို့ ကျွန်တော် ဖီလင်မလာဘူး ဖေဖေ”

ဖေဖေက ခေါင်းညိတ်ပြပါသည်။

အစကတည်းက သူစေ့စပ်မယ့်ကိစ္စမှာ ဖေဖေက ကြား





နေသမား လုပ်နေခဲ့တာကိုး။

“ဒါတော့ မှန်တယ် သား၊ မင်းတို့ လူငယ်ချင်း မေတ္တာမျှနေကြတာဆိုရင်လဲ ဒီစကားလောက် စွပ်စွဲတာနဲ့ ချက်ချင်း ယုံကြည်ပြီး ရုပ်ပျက်ဆင်းပျက်တွေ ဖြစ်မှာမဟုတ်ပါဘူးကွာ၊ မေတ္တာမပါတော့ အရာရာက အလွယ်တကူ ပျက်စီးရတာပေါ့”

ဖေဖေပြောတာ မှန်နေလို့ အားလုံးက ငြိမ်သက်နေကြတော့သည်။

“သူတို့စွပ်စွဲတာ လုံးဝမဟုတ်တဲ့အကြောင်း ကျွန်မတို့ဘက်က ပြန်ပြောရမယ် ကိုကျော်”

“ဟုတ်ရင် ကျော်မယ်၊ ပုပ်ရင်ပေါ်မယ်၊ ဘာမှဖြေရှင်းမနေနဲ့ မေ”

ဖေဖေက ပြတ်သားတော့ မေမေနဲ့ ဘွားဘွားက ဘာမှ အတွန့်မတက်နိုင်တော့တဲ့ ငြိမ်သွားကြတော့သည်။

အခုမှ အချုပ်အနှောင်က လွတ်မြောက်သွားသလိုမျိုး ခံစားရတဲ့ သူ့ရဲ့စိတ်တွေက သူမလေးဆီကိုပဲ ရောက်သွားကြတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အခုပဲ ပြဿနာကြီး တက်လာခဲ့ပြီး စုချက်ချင်း အိမ်ကထွက်ရမှာ မကောင်းတာမို့ သူက ငြိမ်နေရပါတော့သည်။

ထိုအချိန်တွင် မြသီတဂူက အိမ်ပြန်ဖို့ ပြင်ဆင်နေပါပြီ။

သီက ကိုဇော်လွင်ကို ကားငှားပေးဖို့ အကူအညီတောင်းတော့ ကိုဇော်လွင်က လိုလိုချင်ချင်ပဲ ကူညီပါသည်။

ကားမောင်းသမားလူကြီးကို ရှာပြီး ငှားပေးတာပါ။ အခုမှ ပြည်ကွထွက်ရင် ညမှရန်ကုန်ကို ရောက်မှာမို့ပါ။

"ဖြစ်နိုင်ရင် ကိုယ် ကိုယ်တိုင် လိုက်ပို့ပေးချင်တာပါ ညီမလေးရယ်၊ ဒီမှာက ပစ်ထားခဲ့လို့ မရလို့ပါဗျာ"

"ရပါပြီ ကိုဇော်လွင်ရယ်၊ အခုလောက် ကူညီတာကိုပဲ ကျေးဇူးတင်လှပါပြီရှင်၊ ကျွန်မ ကိုဇော်လွင့် ကျေးဇူးကို ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး"

"ဟာ... ဘာမှ မကူညီရသေးဘဲ မပြောပါနဲ့ဗျာ"

"ဩော်... တည်းခိုခန်းနဲ့ ဆိုင်ကယူထားတဲ့ ပစ္စည်းတွေအတွက် ကျသင့်ငွေကို ဒီအဘနဲ့ ကျွန်မ ပြန်ပေးလိုက်မယ်နော်၊ ဟို... ကိုဝေဟင် ပေးထားခဲ့တဲ့ ပိုက်ဆံတွေလဲ





သူ့ကို ပြန်ပေးလိုက်ပါ"

"စိတ်ချပါဗျာ"

တကယ်တမ်း သွားရခါနီးတော့ သီ့ နှလုံးသားလေးက နာကျင်ရပါတော့သည်။

ကိုဝေဟင့်ကို တွေ့ချင်သေးတဲ့ ဆန္ဒတွေနဲ့ သီက ငှားထားတဲ့ ကားပေါ်ကိုတက်ရဖို့ ဝန်လေးတွန့်ဆုတ် နေမိတော့တာ။

ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ သီက ကိုဇော်လွင်ကို ပြောလိုက်မိတော့သည်။

"ဩော်....ဟိုလေ ကိုဝေဟင်နဲ့တွေ့ရင် ကျွန်မ နှုတ်ဆက်သွားတယ်လို့ ပြောပေးပါနော်"

"စိတ်ချ ညီမလေး ပြောပေးမယ်၊ ရန်ကုန်ရောက်ရင် ကိုယ် ညီမလေးဆီ ဝင်လည်မယ်နော်၊ ညီမလေးလဲ ပြည်ကို ရောက်ရင် ဝင်လည်ပါဗျာ အဟွန်း... ဟွန်း၊ ခဏလေး တွေ့ရပေမဲ့ ကိုယ်ကတော့ မေ့နိုင်မှာကို မဟုတ်ပါဘူးဗျာ"

သီက စိတ်ထဲကနေပဲ နှာခေါင်းလေး ရှုံ့မိတော့တာ။

ကိုဇော်လွင်ရဲ့ အကြည့်တွေက သီ့ကို နှယ်ချင်ရစ်ပတ်



www.burmeseclassic.com

www.burmeseclassic.com



နှောင်ဖွဲ့ချင်နေတဲ့ပုံပါ။

မဖြစ်နိုင်တော့ပါဘူး ကိုဇော်လွင်ရယ်၊ ကျွန်မ နှလုံးသားကို ကိုဝေယင်က သိမ်းပိုက်သွားခဲ့ပါပြီရှင်။

သီက ကားပေါ်တက်ဖို့ ခွန်အားတွေပဲ မွေးဖွားနေမိတော့တာ။

မငိုမိအောင် ထိန်းချုပ်ရင်းနဲ့ပေါ့။

* * *





## အခန်း (၂၁)

"ဟော... ရှေ့မှာ ရွှေတည်းခိုခန်းတဲ့ဗျာ၊ အဲ့ဒီမှာ ဝင်မေးကြည့်ရအောင် ဝါ"

"မောင့် သဘောပါကွယ်"

"ဒေါ်စကားဝါက မတက်ကြွနိုင်တော့ပါ။ ပြည်ကိုရောက်ကတည်းက မနားသေးဘဲ တည်းခိုခန်းတွေမှာ လိုက်စုံစမ်းခဲ့တာပါ။ ခုထိ သမီးကို မတွေ့ရသေးတာမို့ စိုးရိမ်စိတ်တွေနဲ့ ပူထူနေပါပြီ။

ဒါကြောင့် ရှုဆေးဘူးကို နှာခေါင်းဝမှာ တေ့ရှူရင်း

www.burmeseclassic.com



မျက်လုံးအစုံကို မှေးမှိတ်လို့ ဒေါ်စကားဝါက နွမ်းယဲ့ယဲ့လေး ပဲ လိုက်ပါလာခဲ့မိတော့တာ။

"ဟာ… ဝါ… ဟိုမှာကြည့်စမ်း၊ ရှေ့က ကားနားမှာ ရပ်နေတာ သမီးမဟုတ်လား"

"ဟင်… ဘယ်မှာလဲ"

ဒေါ်စကားဝါက အလန့်တကြား လှမ်းကြည့်လိုက်မိသည်။

"ဟုတ်တယ် မောင်၊ ဟုတ်တယ်"

"သမီး… သမီးရေ"

ဝမ်းသာအားရ အော်ခေါ်လိုက်တော့မှ သမီးက လှည့်ကြည့်ပြီး မြင်သွားတော့တာ။

"မေမေရေ… မေမေ"

သမီးက လက်ကလေးနှစ်ဖက်ကို ဝှေ့ယမ်းပြီး ကလေးလေးတစ်ယောက်လို အော်ဟစ်ခုန်ပေါက်နေတော့တာ။

"သမီးလေးရယ်"

ကားရပ်လိုက်တာနဲ့ ဒေါ်စကားဝါက ကားပေါ်က





ပြေးဆင်းပြီး သမီးကို တင်းတင်းဖက်လို့ ငိုချလိုက်မိတော့တာ။

"အားပါး သမီးက ဆိုးလိုက်တာဗျာ၊ သမီးမေမေမှာ ငိုရလွန်းလို့ မျက်ရည်တွေတောင် ခန်းကုန်တော့မယ်"

"ဟင်… သီဆိုးတာ မဟုတ်ပါဘူး၊ ဖေဖေနဲ့မေမေက ဆိုးတာပါနော်၊ ဖေဖေတို့က ကွာရှင်းကြတော့မှာ မဟုတ်လား၊ သီ့ကို အရေးမလုပ်ဘဲ လမ်းခွဲကြတော့မှာ မဟုတ်လား၊ သီကတော့ မျှော်လင့်လိုက်ရတာ၊ ဖေဖေ မေမေနဲ့ ပျော်ပျော်ရွှင်ရွှင်နေရမယ့် ဘဝဖွဲ့လုံးကို သီ ငယ်ငယ်ကတည်းက ဘယ်မှာများ မိသားစု စုံစုံလင်လင်နဲ့ နေခဲ့ရလို့လဲ"

"သီရယ် သမီးလေးရယ်"

"ဖေဖေနဲ့ မေမေက ပိုက်ဆံနောက်ကိုပဲ တကောက်ကောက် လိုက်နေကြတာ မဟုတ်လား၊ သီ့ ခံစားချက်ကို မေ့ထားကြတာလေ၊ အခုငွေကြေးတွေ ပိုင်ဆိုင်မှုတွေ ပြည့်စုံတော့လဲ သီ့ကိုမငဲ့ဘဲ ကွာရှင်းကြတော့မယ်ပေါ့ အီး… ဟီး… ဟီး"

သမီးလေးက ပြောလည်းပြော၊ ရှိုက်ကြီးတငင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ငိုနေခဲ့နေတာမို့ ဦးကျော်ထွဋ်တို့ ဇနီးမောင်နှံက သမီးကို ဆွင်းတင်းလေး ဖက်တွယ်ထားမိပါတော့သည်။

"တိတ်... တိတ်ပါတော့ သမီးရယ်၊ ဖေဖေနဲ့မေမေ က မကွာရှင်းတော့ပါဘူးဗျာ တိတ်တော့နော်"

"ဟင်... ဖေဖေ တကယ်ပြောတာလား"

"တကယ်ပါဗျာ၊ မယုံရင် သမီးမေမေကို မေးကြည့် လ"

"ဟုတ်လား မေမေ"

"ဟုတ်ပါတယ် သမီးရယ်၊ သမီး ဖုန်းဆက်ကတည်း ၊ မေမေ ပြောမလို့ပါပဲ၊ သမီးက မေမေပြောတာကိုမှ နား ထောင်တာ"

"အို... ဝမ်းသာလိုက်တာ မေမေရယ်"

မိဘနှစ်ပါးကို တွေ့လိုက်ရလို့ အားတက်ဝမ်းသာပြီး လုံ ကို ခဏတဖြုတ် မေ့လျော့သွားမိတော့တာ။ ဖေဖေ းတော့မှပဲ ကိုဝေဟင့်ကို အပြင်းအထန် သတိရမိသွားပါ ာသည်။





"လမ်းမှာ အိမ်က ကားကို တွေ့ခဲ့တယ်၊ ပြောပါဦး မီးရယ်၊ ဒီအထိ ဘယ်ကားနဲ့ လာခဲ့တာလဲ"

"ကားကြုံနဲ့ ဖေဖေ ကိုဝေဟင်ကျော်တဲ့လေ၊ သီ့ကို များကြီး ကူညီပါတယ်၊ မှတ်ပုံတင်မပါလာတော့ တည်းခို န်းမှာ တည်းခိုဖို့လဲ အခက်အခဲ ဖြစ်နေတာပေါ့၊ ဒီတည်း န်းက ကိုဝေဟင်ကျော် သူငယ်ချင်းရဲ့ တည်းခိုခန်းပေါ့"

"တော်သေးတာပေါ့ သမီးရယ်၊ ကူညီတဲ့သူနဲ့ တွေ့လို့ ာပေါ့"

"ဪ... တည်းခိုခန်းခတို့ ဘာတို့ အကြွေးဆပ်ရ ဦးမယ် မေမေရေ"

သီတို့ သားအမိ သားအဖသုံးယောက် တည်းခိုခန်းထဲ ပြန်ဝင်လာတော့ အားလုံး ဝိုင်းကြည့်ကြသည်။

သီက ဖေဖေ မေမေနဲ့ ကိုဇော်လွင်ကို မိတ်ဆက်ပေး လိုက်ပါသည်။

"ဖေဖေနဲ့ မေမေကို မိတ်ဆက်ပေးရဦးမယ်၊ ဒါက ဒီ တည်းခိုခန်းရဲ့ပိုင်ရှင် ကိုဇော်လွင်တဲ့၊ သီ့ကို အစစအရာရာ



www.burmeseclassic.com

www.burmeseclassic.com



ကူညီထားတာပေါ့၊ အဝတ်အစားကအစ အကြွေးရောင်းပေး ထားတာမှော့ အဟင့်... ဟင့်"

"တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ"

"သမီးကို ကူညီထားတဲ့အတွက် ကျေးဇူးတင်ပါတယ် မောင်ရင်"

"ကိစ္စမရှိပါဘူး ဦးရယ်၊ အခုတောင် ကံကောင်းလို့ ပဲနော်၊ ညီမလေးက အိမ်ပြန်ဖို့ဆိုပြီး ကားငှားခိုင်းလို့ ကျွန်တော် ကားငှားပေးထားပြီးပြီ၊ ခုပဲသွားဖို့ လုပ်နေတုန်း ဦးတို့ရောက်လာတာ"

"ဟုတ်လား"

ဖေဖေတို့နဲ့ ကိုဇော်လွင်က စကားကောင်းနေကြတဲ့ အချိန်မှာ သီကတော့ ကိုဝေဟင့်ကို လွမ်းဆွတ်တမ်းတမိ တဲ့စိတ်နဲ့ မျက်ရည်လေးတွေ ဝေ့ဝဲလာရတော့တာ။

မေမေ့ဆီက ပိုက်ဆံယူပြီး တည်းခိုခန်းခ ဘာညာရှင်း ပေးလိုက်သည်။ ကိုဇော်လွင်က လက်မခံလို့ အတင်းပဲပေး လိုက်ရသည်။





"ပြည်ကို ရောက်တုန်းရောက်ခိုက် မိသားစု ဘုရားဖူးသွားဦးမယ်ဆို နဲ့ ဘုရားဖူးလည်ပတ်ပြီးမှ ပြန်ပါလားဦး"

"နောက်မှ လာလည်မယ် ဇော်ဇော်လွင်ရေ၊ ဦးနဲ့ သမီးလေး မြသီတဂူက မနေ့ကမှ နိုင်ငံခြားက ပြန်ရောက် တာဆိုတော့ လုပ်ရမှာတွေ ရှိသေးတယ်ဗျာ"

"ဟုတ်ကဲ့၊ ဦး လာလည်တဲ့အခါ ကျွန်တော့်ဆီမှာ တည်းဖို့ ဖိတ်ပါတယ် ခင်ဗျာ"

"စိတ်ချ မောင်ရင်၊ လာရင်တော့ မောင်ရင့်ဆီပဲ လာမှာပါဗျာ အဟွန်း... ဟွန်း"

ဖေဖေနဲ့ ကိုဇော်လွင်က ချက်ချင်းပဲ ရင်းနှီးသွားကြ တော့သည်။

ကိုဝေဟင့်နဲ့ မိတ်ဆက်ပေးလိုက်ရင် ပိုပြီးတော့တောင် ရင်းနှီးခင်မင်သွားဦးမှာလို့ တွေးနေမိပြီး သီက သတိရမနေ မိပြန်သည်။

ကိုဝေဟင်ရယ်...

သီ ခံစားနေရတာတွေကို ဘယ်လို ဖွင့်ဖွင့်နှာခေါင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



တပ်ရမှာလဲရှင်၊ ခေါင်းစဉ်မဲ့ ဝေဒနာတွေပဲပေါ့...

အခုလောက်ဆို ကိုဝေဟင်ကတော့ စေ့စပ်ပွဲမှာ ပျော်နေမှာပါ။

သို့မှာသာ...

"မောင်ဇော်လွင်ကလဲ ရန်ကုန်ရောက်ရင် ဦးတို့အိ ဝင်လည်လေ၊ လိပ်စာကတ် ပေးထားခဲ့မယ်ဗျာ"

"ဟုတ်ကဲ့... အန်ကယ်"

ကိုဇော်လွင်က ဖေဖေ့ကို အန်ကယ်ခေါ်လိုက် ဦး လိုက်နဲ့ လုံးလည်ချာလည်နေတော့တာ။

"ကဲ... သွားစို့ သမီးရေ"

"နေဦး သမီးကို ကားကြုံခေါ်လာပေးတဲ့ ကောင်လေ ကို သွားနှုတ်ဆက်ဦးမလား သမီး"

မေမေက သို့ကို မေးတာပါ။

ဝေဒနာတွေ ထပ်တိုးနေရတော့မှာမို့ သီက ငြင်းလို တော့တာ။

"ရပါပြီ မေမေရယ်၊ ကိုဝေဟင်ကျော်က ဒီနေ့ စေ့





မှာလေ၊ အခုချိန်ဆို သူအားမှာလဲ ခဟုတ်ပါဘူး သိတို့ သွားကြပါစို့"

"စိတ်ချ ညီမလေး၊ ညီမလေး နှုတ်ဆက်သွားတာ အကြောင်း ကိုယ် ဝေဟင့်ကို ပြောပြလိုက်မယ်ဗျာ"

"ဟုတ်ကဲ့"

ဒေါ်စကားဝါက သမီးရဲ့မျက်နှာ သိပ်မကောင်းတာ ကို သတိထားမိနေသည်။

ကားပေါ်တက်ထိုင်တဲ့အထိ သမီးရဲ့ မျက်နှာလေးက ညှိုးနွမ်းနေတော့တာ။ သမီးရဲ့ မျက်ဝန်းလေးတွေကလည်း လမ်းပေါ်ကိုပဲ ငေ့ဝဲရောက်နေတာပါ။

ငယ်ရာက ကြီးလာတဲ့ ဒေါ်စကားဝါက ချက်ချင်းပဲ သဘောပေါက်လိုက်ပါသည်။ သမီးဆီမှာ နှလုံးသားနဲ့ ပတ်သက်တဲ့ ခံစားချက်တစ်ခုခု ရှိနေပါပြီ။

ကားမောင်းလာတော့လည်း ဒေါ်စကားဝါတို့ ဇနီး မောင်နှံကသာ ရောက်တတ်ရာရာတွေ ပြောဆိုလာကြပေ သမီးကတော့ ငြိမ်သက်တိတ်ဆိတ် နေတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးလေး တင်းတင်းမှိတ်ပြီး တအယ်ယ်ပဲ အိပ်ပျော်နေသယောင် လုပ်နေတဲ့ သမီးလေးကို ဒေါ်စကားဝါက မသိမသာဘဲ အကဲခတ်နေမိသည်။

အေးအေးဆေးဆေးမှပဲ မေးကြည့်ပါတော့မည်။

* * *



## အခန်း (၂၂)

ဝေဟင်ကျော်အ အခန်းထဲမှာ တစ်ယောက်တည်း အိမ်သားတွေ အားလုံးကို ရှောင်ကွင်းပြီး သူက တစ်ယောက်တည်း ဝေဒနာကို ကုစားနေမိတော့တာ။

အခုဆိုရင် စေ့စပ်ပွဲကလည်း ပျက်သွားပြီ။

မြသီတစ္ဆာမှာ အိမ်ထောင်မရှိဘူးဆိုတာလည်း သိထားရပြီးပြီ...

သူမလေးကလည်း ပြည်မြို့မှာပဲ ရှိနေချင် ရှိနေပါဦးမည်...

ဒီလောက်တောင် အခြေအနေ ကောင်းမွန်နေတဲ့ အနေ



www.burmeseclassic.com

www.burmeseclassic.com



အထားမှာ သူက ဘာကြောင့် အခန်းအောင်းပြီး အချိန်ဖြ
ဖြုန်းတီးနေမိတာလဲ။

သူမလေးကို ချစ်မိတဲ့အကြောင်း သူမလေး သိသွာ
အောင် ဖွင့်မပြောသင့်ဘူးလား။

မပွင့်လင်းခဲ့မိတာကြောင့်ပဲ ဝေဒနာတွေ ခံစားနေ
တာပါ။ ဒါကို နောက်တစ်ကြိမ် တွေ့ဝေမှုတွေကြော
ဝေဒနာတွေ ထပ်တိုးရတော့မှာလား။

ဝေဟင်က ဝုန်းခနဲ ထရပ်လိုက်မိသည်။ ပြီးတော
ဇော်လွင့်ဆီ ဖုန်းဆက်လိုက်မိသည်။

"ဟဲလို"

ဇော်လွင်ပဲ ဖုန်းလာကိုင်တာမို့ နိဒါန်းတွေ ချီမနေ
တော့ဘဲ လိုရင်းကိုသာ မေးလိုက်မိတော့တာ။

"ဇော်လွင် မြသီတဂူ ပြန်သွားပြီလား"

"အား... လန့်လိုက်တာကွာ၊ မင်း အသံကြီးက ဘာ
လိုဖြစ်နေတာလဲ၊ ဧစပ်ပွဲမှာ အပျော်လွန်ပြီး အသံတွေ အာ
ကုန်ပြီလား"

သူက စကားတွေ ရှည်နေတဲ့ ဇော်လွင်ကို စိတ်





သွားရတော့သည်။

"ငါမေးတာ ဖြေစမ်းပါကွာ၊ မြသီတဂူ ရှိသေးလား"

"မရှိတော့ဘူး ဝေဟင်၊ သူ့အဖေနဲ့အမေ ပြန်လာခေါ်
သွားပြီ"

သူ့ရင်ထဲမှာ ဟာခနဲ ဖြစ်သွားရတော့သည်။ သူမလေး
မရှိတော့ဘူးတဲ့။

"ဘယ်... ဘယ်တုန်းကလဲ"

"ညနေလေးနာရီလောက်က ဝေဟင်၊ ကောင်မလေး
တင်လှတာ မဟုတ်ဘူး ပေါ့ကောင်၊ သူ့အဖေနဲ့ အမေက သိ
အရမ်းချောတာပဲ၊ ငါနဲ့ အရမ်းအဆင်ပြေသွားတယ်ကွ
ရန်ကုန်ကို လာလည်ပါဆိုပြီး သူ့မိဘတွေက လိပ်စာကတ်
ပေးသွားတာကွ အဟဲ... ဟဲ"

အရေးထဲမှာ ဇော်လွင်က ကြားထဲကနေ ကြွားနေပါ
သေးသည်။

"မင်းကိုတောင် လာနှုတ်ဆက်မလို့ပဲ မင်းဧစပ်ပွဲ
မှာ ရှိနေမှာဆိုပြီး ငါနဲ့ပဲ တစ်ဆင့်ပြောလိုက်တယ်၊ မင်းကို
ကျေးဇူးတင်ပါတယ်တဲ့ဗျာ"

www.burmeseclassic.com



ညနေလေးနာရီလောက်ကတည်းက ပြန်သွားပြီတဲ့။ အခုပဲ ခြောက်နာရီခွဲ ရှိနေပြီ။ ခုမှလိုက်သွားလို့ ဘယ်လိုမှ မမီနိုင်တော့ပါ။

အချစ်ရယ်...

လွဲချော်ရပြန်ပြီဗျာ...

သူ့ရင်ထဲ တိတိကျကျ သိလိုက်ရပါပြီ။ သူ... သူမလေးကို နက်နက်နဲနဲ ချစ်နေမိပါပြီ။

လက်လွှတ်ဆုံးရှုံး မခံနိုင်လောက်အောင်ကို ချစ်မြတ်နိုးမိနေပါပြီ။

သူက ဘယ်လိုမှ နေလို့မရတော့ပါ။ စောစောက ဇော်လွင်က ကြွားပြီး ပြောသွားသည်။ လိုပ်စာကတော်ပေးသွားတယ်တဲ့။

ပေါင်ချောက် ချက်ချင်းပဲ ကားဆောင့်ကိုယူပြီး ထွက်လာခဲ့လိုက်တော့သည်။ သူ မတွေ့ချင်တော့ပါ။ အချစ်နဲ့ ခွဲခွာလွဲချော်ရတဲ့ ဝေဒနာတွေကိုလည်း သူမခံစားနိုင်တော့။

ဇော်လွင့်ဆီက လိပ်စာကတ်တောင်းပြီး သူ လိုက်သွားပါတော့မည်။



"သား ဘယ်သွားမလို့လဲ"

"ကျွန်တော် ရန်ကုန်ပြန်တော့မယ် မေမေ"

"ဟင်... ချက်ချင်းကြီးလား"

"ကျွန်တော့်မှာ အရေးကြီးတဲ့ အလုပ်တွေရှိနေလို့ ပါ မေမေ၊ ဒီမှာနေလို့လဲ ဘာမှမထူးပါဘူးဗျာ"

မေမေနဲ့ ဘွားဘွားက သူ့ကို မပြန်စေချင်သေးပါ။

ဖေဖေကတော့ ပြန်ချင်ပြန်လို့ ခွင့်ပြုတာမို့ မိဘတွေကို ကန်တော့ပြီး သူ ထွက်လာခဲ့လိုက်ပါတော့သည်။

ဇော်လွင့်ဆီဝင်ပြီး ချစ်သူလေးရဲ့ လိပ်စာကို တောင်းရပါမည်။

ပြီးရင် ချစ်သူလေးဆီ သူ အရောက်သွားပါတော့မည်။

သူ ဘာကိုမှ မကြောက်တော့ပါ။ ဘာကိုမှလည်း မစဉ်းစားတော့ပါ။ သူ့နှလုံးသားနဲ့ သူ့ဦးနှောက်ကို စိုးမိုးထားတာ တစ်ခုပဲရှိသည်။

အဲဒါက အချစ်...

မြသီတာဂုကို ချစ်မိတဲ့ အချစ်တွေပဲ ဖြစ်သည်။ မြသီတဂုဆိုတဲ့ အချစ်ငှက်ကလေးကို အမိအရဖမ်းပြီး သူ့အချစ်

www.burmeseclassic.com



လှောင်အိမ်ထဲမှာ တစ်ဘဝစာလုံး ထည့်သိမ်းထားနိုင်ဖို့အတွက် သူ ကြိုးစားပါတော့မည်။

ချစ်သူလေးရဲ့ အချစ်ကို မရမချင်းပေါ့။

* * *



## အခန်း (၂၃)

"သမီး ငြိမ်လှချည်လား ဝါ"

"ဟုတ်တယ် မောင်၊ မောင့် သမီးတော့ တစ်ခုခုဖြစ်နေပြီ"

ဒေါ်စကားဝါတို့ လင်မယားက ကားခေါင်းခန်းကနေ တီးတိုးပြောနေကြတာပါ။

မြသီတာဂူကကော့ မျက်လုံးလေးမှိတ်လို့ ငြိမ်သက်နေပါသည်။

"ဝါ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မောင်"

"တည်းခိုခန်းပိုင်ရှင် မောင်ဖော်လွင်က သမီးလေးကို စိတ်ဝင်စားနေတယ်"

"အဟွန်း... သိတာပေါ့ မောင်ရယ်၊ မောင်ရော သိသေးလား"

"ဘာများလဲဗျာ"

"သမီးက အဲ့ဒီကောင်လေးကို လုံးဝ စိတ်မဝင်စားဘူးဆိုတာလေ အဟင့်... ဟင့်"

"မိန်းမက တော်သွားပြန်ရောဗျာ၊ မောင်က အဲ့ဒီကောင်လေးကြောင့် သမီး ငြိမ်နေတာလားလို့ တွေးနေတာ"

"ရှူး... ကျွန်မ မေးကြည့်မယ် မောင် သိလား"

ဒေါ်စကားဝါက တိုးတိုးလေး ပြောလိုက်တာပေါ့။ သမီးနဲ့က အမြဲတမ်း ပွင့်ပွင့်လင်းလင်း ပြောနေကျမို့ မေးကြည့်ရင် သိရလိမ့်မယ်လို့ ဒေါ်စကားဝါက အတပ်သိနေပါသည်။

ဒါနဲ့ပဲ ညစာထမင်းကို လက်ဖွဲ့ပံတန်းမှာ ဝင်စားတော့





ဒေါ်စကားဝါက သမီးနဲ့ နှစ်ယောက်တည်း ရှိနေချိန်မှာ မေးလိုက်မိတော့တာ။

"သမီး..."

"ရှင်... မေမေ"

"သမီး တစ်ခုခု ခံစားနေတယ်ဆိုတာ မေမေ သိတယ်ကွယ်၊ မေမေ့ကို အမှန်အတိုင်းပြောပြပါ သမီးလေးရယ်နော်"

ဒီလောက် မေးလိုက်တာနဲ့ပဲ သမီးလေးက ရှိုက်ကြီးတငင် ငိုတော့တာမို့ ဒေါ်စကားဝါမှာ စိုးရိမ်တကြီး ဖြစ်သွားရပါတော့သည်။

"သမီးလေး ဘာဖြစ်လို့လဲကွယ်၊ သမီးလေးကို ထိခိုက်နစ်နာအောင်များ တစ်ယောက်ယောက်က လုပ်ခဲ့လို့လား ပြောပါ သမီးရယ်၊ မေမေ ရင်တုန်လွန်းလို့ပါ"

မေမေ့မျက်နှာ အကြီးအကျယ် ပျက်ယွင်းသွားရတာမို့ မေမေ ဘာကို စိတ်ပူသွားတယ်ဆိုတာကို သီက ကောင်းကောင်း သဘောပေါက်မိသွားပါတော့သည်။ ဒါကြောင့်ပဲ မေမေ့ စိတ်ပူတာ လျော့ပါးသွားဖို့အတွက်ရယ်၊ သီ ခံစားနေ

www.burmeseclassic.com



ရတာတွေ သက်သာသွားဖို့အတွက်ရယ်၊ ရည်ရွယ်ပြီး သီကံ အမှန်အတိုင်းပဲ မေမေ့ဆီမှာ ရင်ဖွင့်လိုက်မိတော့တာ။

"မေမေရယ် သီ့ကို ထိခိုက်နစ်နာအောင် ဘယ်သူမှ မလုပ်ပါဘူးနော်၊ သီ့ နှလုံးသားကသာ ဆတ်ဆတ်ဆော့ ဆော့နဲ့ လူတစ်ယောက်ကို အချိန်ခဏလေးအတွင်းမှာ ချစ်မိသွားတာပါ၊ မေမေ"

"ဟင်..."

သီက မရှက်နိုင်တော့ပါ။

ခံစားနေရတာတွေကို ဖွင့်အန်မထုတ်ရရင် သီ ရူးရတော့မှာပါကွယ်။ ဒါကြောင့်ပဲ သီက ကိုဝေဟင်နဲ့ ရန်ကုန်လေဆိပ်မှာ ဝင်တိုက်မိလို့ လက်စွပ်လေး လွင့်ကျပြီး ပျောက်သွားတာ။ ကိုဝေဟင်က ပြန်လျော်ပေးမယ်ပြောလို့ စိတ်တိုတိုနဲ့ 'ဒါ လက်ထပ်လက်စွပ်ရှင့်' လို့ အော်ခဲ့မိတာ။

ကိုဝေဟင်က သီ့ကို အိမ်ထောင်ရှိတဲ့ မိန်းကလေးလို့ ထင်သွားခဲ့တာကစလို့ သီ အိမ်ကထွက်လာပြီး ကားပျက်သွားလို့ အကူအညီတောင်းဖို့ လမ်းပေါ်က ကားတစ်စီးကို တား





လိုက်တော့ တိုက်တိုက်ဆိုင်ဆိုင် ကိုဝေဟင်နဲ့ ပြန်ဆုံတွေ့ရတာတွေကို ရှိုက်သံလေးနဲ့ ပြောပြနေမိပါတော့သည်။

"နောက်တစ်ခါ ပြန်တွေ့တော့လဲ ကိုဝေဟင်က သီ အိမ်ကထွက်လာတာကို လင်မယား ရန်ဖြစ်ပြီး ဆင်းလာတယ်လို့ ထင်သွားပြန်ရော မေမေ"

"ဟာတော့ သမီးလေးက အမှန်အတိုင်း မပြောပြဘူးလားကွယ်"

"ဟင့်အင်း မပြောလိုက်မိပါဘူး မေမေရယ်၊ ကိုဝေဟင်က သီ့မှာ အိမ်ထောင်ရှိတယ်ထင်ပြီး ပြောတဲ့စကားတွေကိုတောင် သီက ချော်လဲရောထိုင်လုပ်ပြီး ဒီအတိုင်း နားထောင်နေခဲ့တာပါ"

"ဖြစ်ရမယ်ကွယ်"

"နောက်ပြီးတော့ ကိုဝေဟင်ကလည်း အခု သူ ပြည်ကိုသွားမှာ စေ့စပ်ပွဲအတွက်လို့ ပြောပြတယ် မေမေ၊ ဒါကိုလဲ သီက ကိုဝေဟင်မှာ ချစ်သူရှိနေတာပဲလို့ ထင်မိပြန်တာ။ တကယ်တော့ အဲ့ဒီစေ့စပ်ပွဲကလဲ မိဘတွေ သဘောတူစီမံ



www.burmeseclassic.com

www.burmeseclassic.com



တာတဲ့၊ ကိုဝေဟင့်မှာ ချစ်သူမရှိသေးပါဘူးတဲ့လေ၊ ဒါကိုလဲ ကိုဇော်လွင် ပြောမှပဲ သီ သိခဲ့ရတာ မေမေ၊ ကိုဝေဟင်က သီ့ကို ဘာမှမပြောခဲ့ပါဘူးရှင်၊ ဒါပေမဲ့ သူ သီ့ကို ချစ်နေတယ်ဆိုတာ သီ သိပါတယ် မေမေ၊ သီ... သီလဲ သူ့ကို ချစ်တယ်၊ ဒါပေမဲ့ မေမေရယ်၊ သီတို့နှစ်ယောက် ကံဆိုးပါတယ်ရှင်၊ ခုလောက်ဆို ကိုဝေဟင်လဲ စေ့စပ်ပြီးနေပါပြီ၊ သီ... သီ ဘာလုပ်ရတော့မှာလဲဟင်"

"ဩော်... ဖြစ်မှဖြစ်ရလေ သမီးရယ်၊ သမီးတို့ နှစ်ယောက်က ရှင်းနေတာကို ရှုပ်အောင် လုပ်မိတာကြတာကိုး"

မေမေက သီ့ကို ပွေ့ဖက်ပြီး နွေးနွေးထွေးထွေးလေး ပြောလိုက်တာပါ။

သီကတော့ ရင်ဖွင့်လိုက်ရတဲ့အတွက် အတော်ပဲ နေလို့ကောင်းသွားပါတော့သည်။ သီ ငိုတာကို မေမေက မတားပါ။

"ဒီလိုပဲ ဖြစ်တတ်ပါတယ် သမီးလေးရယ်၊ မိန်းကလေးတစ်ယောက်ရဲ့ ဘဝမှာ ကိုယ်ချစ်မိတဲ့ သူရဲ့ အချစ်ကို ပြန်





ရတယ်ဆိုတာ ရှားပါးပါတယ်ကွယ်၊ အချစ်ကို ရပြန်တော့လဲ လက်ထပ်ခွင့်ရတယ်ဆိုတာ ရှားပါးပြန်ရော"

"ဖေဖေနဲ့ မေမေကရောဟင်"

"အဟင့်... မေမေကတော့ ကံကောင်းခဲ့ပါတယ် သမီးရယ်၊ ကိုယ်ချစ်တဲ့သူဆီက အချစ်တွေလဲ ရခဲ့တယ်၊ ကိုယ့်ချစ်သူနဲ့ လက်ထပ်ခွင့်လဲ ရခဲ့ပါတယ်"

"သီ... သီကတော့ ကံဆိုးတာပေါ့နော်"

သီ့ပါးပြင်ပေါ်က မျက်ရည်တွေကို သုတ်ပေးပြီး မေမေက နှစ်သိမ့်စကား ပြောပါသည်။

"သမီးလဲ ကံဆိုးတယ်လို့ မပြောနိုင်သေးပါဘူးကွယ်၊ အနာဂတ်ဆိုတာကို ဘယ်သူမှ ကြိုမသိနိုင်ဘူး သမီးရေ၊ စေ့စပ်တယ်ဆိုတာ လက်ထပ်လိုက်တာမှ မဟုတ်ဘဲကွယ်၊ တကယ်လို့သာ သမီးတို့နှစ်ယောက်ဆီမှာ ပေါင်းဆုံဖို့ ကံပါလာခဲ့ရင် ဘယ်သူတားတား ဘယ်သူဖျက်ဖျက် ပေါင်းဖက်ရမှာပါကွယ်"

"မေမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



သီက မေမေ့ကို ခပ်တင်းတင်းလေး ဖက်ထားလိုက်မိပါတော့သည်။ သီ့ ခံစားချက်ကို နားလည်ပေးတဲ့အတွက် သီက မေမေ့ကိုလည်း ပိုချစ်မိသွားရပါတော့သည်။

ထိုအချိန်တွင် ဝေဟင်ကျော်ကလည်း ဟိုင်းဝေးလမ်းမကြီးပေါ်မှာ ကားကို အမြန်ဆုံး မောင်းနှင်နေပါတော့သည်။

သူ ခံစားနေရတာကို ကြည့်ပြီး သနားသွားပုံရတဲ့ ဇော်လွင်က သူ့ကို ချစ်သူလေးရဲ့ လိပ်စာကတ်ရော၊ ချစ်သူလေး စီးသွားတဲ့ ကားအမျိုးအစား ကားအရောင်နဲ့ ကားနံပါတ်ကိုပါ ပြောပြလိုက်ပါသည်။

"သွားတာ နှစ်နာရီကျော်ကျော် သုံးနာရီနီးနီး ရှိနေပြီဆိုပေမဲ့ သူတို့က ခုမှပြန်တွေ့တဲ့ မိသားစုဆိုတော့ စကားတပြောပြောနဲ့ ကားကို ဖြည်းဖြည်းပဲ မောင်းလိမ့်မယ်လို့ ငါ ထင်တယ်၊ မင်းသာ အမြန်လိုက်သွားရင် ရန်ကုန်မရောက်ခင် မီနိုင်လောက်တယ် ဝေဟင်"

"ကျေးဇူးပဲ ဇော်လွင်၊ မင်းကျေးဇူးကို မမေ့ပါဘူးကွာ"

"ရပါတယ်ကွာ၊ သွားတော့"





ဒီလိုနဲ့ပဲ သူက အမြန်မောင်းပြီး လိုက်ချလာခဲ့တာပါ။ လမ်းတစ်လျှောက်က ကားတွေကို သူ ကျော်တက်လာခဲ့တာချည်းပါပဲ။

ထမင်းဆိုင်ကြီးတွေ ရှေ့က ဖြတ်မောင်းရင်တော့ ကားကို အရှိန်လျှော့မောင်းပြီး ဆိုင်ရှေ့မှာ ရပ်ထားတဲ့ ကားတွေထဲ ချစ်သူလေး စီးသွားတဲ့ကား ရှိနေမလားလို့ ရှာဖွေခဲ့တာချည်းပါပဲ။ ခုထိတော့ လုံးဝ မတွေ့ရသေးပါ။

တကယ်ဆို လမ်းမှာ မတွေ့ရရင်လည်း သူမလေးရဲ့ အိမ်အထိ လိုက်သွားဖို့ သူက ရဲရဲရင့်ရင့် ဆုံးဖြတ်ထားပြီးသားပါ။

ဒီလိုနဲ့ပဲ သူ့ကားလေးက လက်ပံတန်းမြို့ထဲသို့ အရှိန်ပြင်းပြင်းနဲ့ မောင်းဝင်လာခဲ့ပါတော့သည်။

"သမီးပြောတဲ့ မောင်ဝေဟင်ကျော်က ဘာအလုပ်လုပ်သလဲကွယ်"

မေမေက သီ့ကို မေးတာပါ။ သီကလည်း မေမေ မေးလိုက်တာနဲ့ ကိုဝေဟင်နဲ့ ပတ်သက်တဲ့အကြောင်းတွေ ရှင်းပြ



www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်ပါလက်ပါ ပြောပြမိသွားတော့တာ။

"ကိုဝေဟင်က သို့ထက် ခုနစ်နှစ်လောက် ကြီးလိမ့်မယ် မမေ၊ ခရီးသွားလုပ်ငန်းတစ်ခု လုပ်ထားတယ်တဲ့၊ သူက တကယ့်ယောကျ်ားကောင်း တစ်ယောက်ပါ မမေရယ်၊ သို့အပေါ်မှာ အခွင့်အရေး လုံးဝမယူဘဲ စေတနာအပြည့်နဲ့ ကူညီခဲ့တာပါ"

မမေနဲ့ စကားပြောနေတုန်းမှာပဲ သို့ မျက်လုံးထောင့်က သိ သိနေတဲ့ ကားတစ်စီး မောင်းဝင်လာတာကို တွေ့လိုက်ရတော့တာ။

"ဟင်…"

ရုတ်တရက် အံ့အားသင့်သွားပြီး သီက သေချာအောင် ထပ်ကြည့်လိုက်မိသည်။

ဘုရားရေ…

ကိုဝေဟင့် ကားမှ ကိုဝေဟင့်ကား အစစ်ပါပဲလား။

မမေ့ကို စကားမပြောနိုင်တော့ဘဲ သီက ရင်တထိတ်ထိတ်ခုန်လို့ ကြောင်ငေးကြည့်နေမိဆဲမှာပဲ ကိုဝေဟင့် ကား





လေးက ဆိုင်ရှေ့ မီးအလင်းရောင်အောက်မှာ ရပ်တန့်သွားလေတော့တာ။

"ဘာလဲ သမီး"

"သူ… သူ လိုက်လာတာ မမေ ကိုဝေဟင်ပေါ့"

တုန်ခင်လှိုက်ဖိုနေတဲ့ အသံလေးနဲ့ သီက မမေ့ကို ပြောပြနေတုန်းမှာပဲ ကိုဝေဟင်က ကားတံခါးဖွင့်ပြီး ဆင်းလာတော့တာ။ သီတို့ရဲ့ကားကို လှည့်ပတ်ကြည့်နေပေမဲ့ ဆိုင်ထဲမှာ ရှိနေတဲ့ သို့ကိုတော့ သူတွေ့ပုံမရပါ။

သီက ဘယ်လိုမှ မနေနိုင်တော့တဲ့အဆုံးမှာ မမေ့ဆီမှာ ခွင့်တောင်းလိုက်မိပါတော့သည်။

"မမေ သို့ ကိုဝေဟင့်ဆီ သွားလိုက်မယ်နော်… နော်"

"သိ…"

မမေ ခေါင်းညိတ်ပြတဲ့ အချိန်မှာပဲ ကိုဝေဟင့်ကို တွေ့သွားပြီး ဝမ်းသာအားရ ခေါ်လို့ပြေးလာလေတော့တာ။

"ကို… ကိုရယ်"

တကယ်ပါပဲကွယ်…



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်လို့ ပါးစပ်ကနေ ထုတ်မပြောရသေးပါပဲ သီတို့နှစ်ယောက်က ပွင့်ပွင့်လင်းလင်း ချစ်သူတွေ ဖြစ်သွားခဲ့ရပါပြီကွယ်။

* * *
*



# အခန်း (၂၄)

"သီရယ် အချစ်ရယ် တွေ့မှတွေ့ရပါ့မလားလို့ စိတ်ပူလိုက်ရတာဗျာ၊ ဒီအချိန်မှာ ကားအက်စီးဒင့်ဖြစ်ပြီး ကိုကိုသာ သေသွားခဲ့ရင် တစ္ဆေအဖြစ်နဲ့ အချစ်ရှေ့မှာ ဒူးထောက်ပြီး ချစ်တဲ့အကြောင်းတွေ ပြောပြမိမှာပါ"

"ကိုကိုရယ် သီလဲ ခံစားရလွန်းလို့ နာကျင်မောပန်းရပါပြီရှင်"

"အချစ်ရယ်... အချစ်ငှက်ကလေးရယ်၊ ကိုကိုရဲ့ ချစ်လှောင်အိမ်လေးထဲမှာ ထာဝရနားခိုဖို့ ဖိတ်ခေါ်ပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ကိုကိုက တခြားမိန်းကလေးနဲ့ စေ့စပ်ထား တယ် မှဟုတ်လားရှင်၊ သီ့ကို ဝေဒနာတွေ ထပ်မပေးပါနဲ့တော့ ကိုကိုရယ်"

"ကိုကို မစေ့စပ်ဖြစ်ပါဘူးဗျာ"

"ဟင်... တကယ်လား"

"တကယ်ပေါ့ဗျာ"

သီက ဖေဖေနဲ့မေမေကိုရော ဘေးပတ်ဝန်းကျင်ကိုပဲ သတိရလိုက်ပြီး ကိုကို့ ရင်ခွင်ထဲကနေ ရှက်လန့်တကြား ရုန်းထွက်လိုက်မိတော့တာ။

"အို... သီ ဖေဖေနဲ့မေမေ ရှိနေတယ် ကိုကိုရဲ့"

"ဟာ... ဆောရီးဗျာ"

မေမေ ထိုင်နေတဲ့နေရာကို ကြည့်လိုက်တော့ မေမေ မရှိတော့ပါ။ ဖေဖေထိုင်ခဲ့တဲ့ နေရာမှာလည်း ဖေဖေ မရှိတော့။

သီက အလန့်တကြား ရှာဖွေလိုက်တော့ ဖေဖေနဲ့ မေမေက ကားထဲရောက်နေကြပါပြီ။

"မေမေ"





မေမေတို့ဆီကို သီ ပြေးသွားတော့ ချစ်သူကိုကိုကပါ လိုက်ပါလာသည်။

"မေမေ ဒါ သီပြောတဲ့ ကိုဝေဟင်ကျော်ပါ"

ဖေဖေနဲ့ မေမေက အပြုံးကိုယ်စီနဲ့ ပြုံ့င်တူ ခေါင်းညိတ်ပြလိုက်ပါသည်။

"ကျွန်တော့်ရဲ့ အပြုအမူတွေထဲမှာ ရိုင်းပြတာပါသွားခဲ့ရင် ခွင့်လွှတ်ပါခင်ဗျာ"

ကိုကိုက လက်အုပ်ချီပြီး ယဉ်ယဉ်ကျေးကျေး တောင်းပန်နေလေသည်။

"ခွင့်လွှတ်ပါတယ်ဗျာ၊ ကဲ... သွားစို့"

သီက အလိုက်တသိပဲ ဖေဖေ မေမေတို့ရဲ့ ကားတံခါးကို ဖွင့်ပြီး ဝင်ထိုင်ဖို့ ဟန်ပြင်မိသည်။ တကယ်ဆို ခု ကိုကိုနဲ့ မခွဲချင်သေးပါ။

"သမီး"

"ရှင်... ဖေဖေ"

"မောင်ဝေဟင့်ကားနဲ့ လိုက်ချင်လိုက်သွားလေ"

"အို..."



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာသွားတဲ့ သီက မရှိက်နိုင်တော့ဘဲ ဖေဖေတို့ ကားပေါ်ကနေ ချက်ချင်းပဲ ပြန်ဆင်းလိုက်မိတော့တာ။

သီက ဖေဖေ့ကို ကျေးဇူးတင်တဲ့ အကြည့်လေးနဲ့ ကြည့်ပြီး ချစ်သူကိုကိုရဲ့ ကားပေါ်မှာ ထိုင်လိုက်မိပါတော့သည်။

"မောင်"

"ပြောလေ ဝါ"

"သမီးကို ဘာဖြစ်လို့ ဟိုကားနဲ့ ထည့်ပေးလိုက်ရတာလဲကွယ်"

ဒေါ်စကားဝါက ခင်ပွန်းကို အပြစ်တင်စကား ပြောလိုက်မိတာပါ။

"မောင့်စိတ်ထဲမှာ အလိုလိုသိနေတယ် ဝါ အဟွန်း... ဟွန်း"

"ဘာကိုလဲ မောင်ရဲ့"

"ဒီသူငယ်ဟာ မောင်တို့ရဲ့ သမက်ဖြစ်တော့မယ်ဆိုတာကိုပေါ့ဗျာ"

"ဒါ... ဒါဆို မောင် သဘောတူတယ်ပေါ့နော်"



BURMESE CLASSIC



"ဝါရယ် သမီးလေးက ချစ်နေပါတယ်ဆိုတာ တစ်ခုတည်းနဲ့ပဲ မောင့်ဘက်က သဘောတူပြီးသားပါဗျာ၊ လူကောင်းလူရည်သန့်လေးဆိုတော့ အတိုင်းထက်အလွန်ပေါ့"

"မောင်ရယ် အချိန်တန်ရင် သမီးလေးက ကျွန်မတို့ရင်ခွင်ထဲကနေ ထွက်ခွာသွားတော့မှာပဲနော်"

"အချစ်ရယ် ဒါ သဘာဝပဲလေဗျာ၊ မောင်တို့ လင်မယား ပိုတိုးပြီး ချစ်ကြတာပေါ့"

ပြောရင်းကပဲ ဦးကျော်ထွဋ်က လက်တစ်ဖက်က ကားစတီယာတိုင်ကို ထိန်းကိုင်ထားပြီး ကျန်တဲ့ လက်တစ်ဖက်နဲ့ ချစ်ဇနီးရဲ့ ခါးလေးကို ဆွဲဖက်ထားလိုက်တော့တာ။

ခုချိန်ထိ ရင်ခုန်သံတွေက ဆန်းသစ်မြန်ဆန်နေဆဲပါပဲလေ။

ထိုအချိန်တွင် ချစ်ခါစ စုံတွဲကလည်း လမ်းနံဘေး အမှောင်ထဲမှာ ကားရပ်လို့ အချစ်တွေ သဲနေကြတော့တာ။

ဝေဟင်က ချစ်သူလေးရဲ့ ခန္ဓာကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းလို့ ဖက်ထားလိုက်တော့သည်။

"အချစ်ရယ် နမ်းမခံနိုင်ပါလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သီကတော့ ချစ်သူရဲ့ ရင်ခွင်ကျယ်ကြီးထဲမှာ ဖျော့မွေ့မှိန်နဲ့လို့ ချစ်သူပေးတဲ့ အချစ်တွေ အနမ်းတွေကို ကျေနပ်စွာနဲ့ လက်ခံနေမိတော့တာ။

သီက တိုးတိုးလေး ပြောလိုက်မိပါသည်။

"ကိုကိုရယ် မြသီတဂူဆိုတဲ့ ချစ်ငှက်လေးတစ်ကောင်ဟာ ကိုကိုရဲ့ အချစ်လှောင်အိမ်ထဲမှာ ထာဝရ ပျော်မွေ့မှာပါရှင်"

"အချစ်ရယ်..."

အဲ့ဒီနောက်မှာတော့ ချစ်သူနှစ်ဦးက စကားမပြောတော့ဘဲ အချစ်တွေနဲ့ ပျော်မွေ့လိုက်ကြပါတော့သည်။

ချစ်သူတိုင်း ပေါင်းဆုံနိုင်ကြပါစေ။

ပုလဲသီ



www.burmeseclassic.com